# မြဝတီ နေ့စဉ်

အချိန်မီမြန်ချိ သတင်းစုံသည် မြဝတီ


**မြတ်ဗုဒ္ဓ၏ အဆုံးအမ တရား**

မိမိထက် အသက်သိက္ခာ ဝါကြီးသောသူတို့ကို အမြဲအရိုအသေပြုလေ့၊ ရိုခိုးလေ့ရှိသောသူမှာ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ခွန်အားကြီးခြင်း ဟူသော အကျိုးထူးတရားလေးပါး တို့သည် တိုးပွားကုန်၏။

ဓမ္မပဒ

**ဒို့တာဝန်အရေးသုံးပါး**

- ☆ ပြည်ထောင်စုမပြိုကွဲရေး။
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ☆ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။


- www.myawady.net.mm
- E-mail:mwddailynewspapergroup@gmail.com

■ အတွဲ(၁၆)၊ အမှတ်(၁၆၃) ■ ၁၃၈၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၂ ရက်၊ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာ ၂၈ ရက်၊ တနင်္လာနေ့


# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဒဂုံတက္ကသိုလ်၊ ဆေးတက္ကသိုလ်(၁)နှင့် ရန်ကုန်တက္ကသိုလ်(လှိုင်နယ်မြေ)တို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တက္ကသိုလ်များ၏လိုအပ်ချက်များအား ဖြည့်ဆည်းဆောင်ရွက်





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ရန်ကုန်တက္ကသိုလ်(လှိုင်နယ်မြေ)အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် စက်တင်ဘာ ၂၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ခရီးစဉ်တွင်လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဒဂုံတက္ကသိုလ်၊ ဆေးတက္ကသိုလ်(၁)နှင့် ရန်ကုန်တက္ကသိုလ် (လှိုင်နယ်မြေ)တို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ဒဂုံတက္ကသိုလ်**

ဦးစွာ နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ ဒဂုံတက္ကသိုလ်ဘူတာရုံသို့ ရောက်ရှိကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက တက္ကသိုလ်ဘူတာရုံအနီး ကျောင်းသား၊ ကျောင်းသူများ နေ့စဉ်အဆင်ပြေချောမွေ့စွာ ကျောင်းတက်ရောက်နိုင်ရန် YBS ဘတ်စ်ကားဂိတ်ထားရှိနိုင်ရေး ယာဉ်ရပ်နားဝင်းနှင့် ယာဉ်လှည့်ကွင်းတည်ဆောက်နိုင်မည့်

**စာမျက်နှာ ၁၆ ကော်လံ ၁ ☆**

## တနင်္သာရီတိုင်းဒေသကြီးအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေဝင်ရောက်မှုဖြစ်ပွားသည့်နေရာများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက်ဆောင်ရွက်



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်မှနယ်မြေခံတပ်မတော်သားများက သရက်ချောင်းမြို့ပေါ်ရပ်ကွက်များတွင် ရေဘေးသင့်ပြည်သူများအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် စက်တင်ဘာ ၂၇**

တနင်္သာရီတိုင်း၊ မြိတ်ခရိုင်၊ ပုလောမြို့နယ်တွင် စက်တင်ဘာလ ၂၆ ရက် ညနေပိုင်း၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ပလောက်ချောင်းရေမြင့်တက်၍ ပလောက်မြို့၊ အမှတ် (၁) ရပ်ကွက်အတွင်း ရေဝင်ရောက်မှုများဖြစ်ပေါ်ခဲ့သည်။ အလားတူ ထားဝယ်ခရိုင် သရက်ချောင်းမြို့နှင့် လောင်းလုံးမြို့တို့တွင်လည်း စက်တင်ဘာလ ၂၆ ရက်နှင့် ယနေ့နံနက်ပိုင်းတို့တွင်

**စာမျက်နှာ ၁၂ ကော်လံ ၁ ➤**

## မြစ်ကြီးနားမြို့အဝင် ကုန်စစ်ဆေးရေးစခန်းမှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၆၆၇ သန်း ကုန်သွယ်နိုင်ခဲ့

**မြစ်ကြီးနား စက်တင်ဘာ ၂၇**

မြစ်ကြီးနားမြို့အဝင် ကုန်စစ်ဆေးရေးစခန်းကို နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများ လွယ်ကူလျင်မြန်ချောမွေ့စေရေး၊ တရားမဝင်ကုန်သွယ်မှုများ တရားဝင်လမ်းကြောင်းပေါ်သို့ရောက်ရှိစေရေးနှင့် နိုင်ငံတော်မှ ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာငွေများရရှိရေးအတွက် ဩဂုတ်လ ၂၉ ရက်က စတင်ဖွင့်လှစ်၍ ကုန်စစ်ဆေးရေးလုပ်ငန်းများကို

**စာမျက်နှာ ၁၈ ကော်လံ ၁ ➲**

## အားကောင်းသောလေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့် နေရာကွက်၍မိုးကြီးနိုင်




**နေပြည်တော် စက်တင်ဘာ ၂၇**

**အားကောင်းသောလေဖိအားနည်းရပ်ဝန်းအခြေအနေ**

ယနေ့ည ၉ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော မြန်မာနိုင်ငံ မွန်-တနင်္သာရီကမ်းရိုးတန်းတို့တွင်

**စာမျက်နှာ ၁၁ ကော်လံ ၁ ➡**

## အယ်ဒီတာ့အာဘော်

၂၀၂၆ ခုနှစ်၊ စက်တင်ဘာ ၂၈ ရက်

# စိတ်ဓာတ်မြင့်မြတ်သော တပ်မတော်

တပ်မတော်သားဘဝသည် နေရာတစ်နေရာတည်းတွင် အမြဲတမ်း တာဝန်ထမ်းဆောင်ရမည်ဟု မှတ်ယူ၍မရဘဲ စေလွှတ်သည့်နေရာ၊ ပေးအပ်သည့်တာဝန်ကို ထမ်းဆောင်နိုင်ရန် အမြဲအသင့်ဖြစ်နေကြရသည်။ မည်သည့်တပ်ဖွဲ့မဆို ခြေလျင်တပ်ဖွဲ့ကဲ့သို့ တိုက်ပွဲဝင်နိုင်ရန် လေ့ကျင့်တည်ဆောက်နေကြရသည်။ ပြည်သူလူထုက တပ်မတော်အပေါ်ယုံကြည်မှု ချစ်ခင်မှုရှိအောင် ကျင့်ဝတ်များနှင့်အညီ ထိတွေ့ဆက်ဆံနေကြရမည်ဖြစ်သည်။ လက်ရှိအခြေအနေတွင် မြို့ကြီးများအား တည်ငြိမ်အေးချမ်းသောအခြေအနေဖြစ်အောင် တည်ဆောက်ထားပြီးဖြစ်၍ ၎င်းအခြေအနေကို ဆက်လက်ထိန်းသိမ်းသွားကြရမည်ဖြစ်သည်။

တပ်မတော်သားကောင်းတစ်ယောက်ဖြစ်လာရေး သက်ဆိုင်ရာ သင်တန်းကျောင်းနှင့်တက္ကသိုလ်များမှ အမိန့်နာခံတတ်မှုနှင့် စစ်စည်းကမ်းကောင်းမွန်စေမှုအတွက်ရည်ရွယ်ပြီး စစ်ရေးပြ ဘာသာရပ်ကိုသင်ကြားပေးပြီးဖြစ်သည်။ အကြီးအကဲများ၏အမိန့်ကို တိကျစွာလိုက်နာခြင်း၊ ပေးအပ်သောတာဝန်ကို ကြည်သာရွှင်ပျစွာ ကျေပွန်အောင်ထမ်းဆောင်ခြင်းဖြင့် စစ်သားကောင်းများဖြစ်လာမည်ဖြစ်သည်။ စစ်သားကောင်းဖြစ်မှ တပ်ကောင်းမည်ဖြစ်သောကြောင့် စစ်သားကောင်းများ ဖြစ်လာစေရေး အမြဲလေ့ကျင့်ကြရမည်ဖြစ်သည်။ **“မိမိလက်နက်ကိုချစ်ခင်မြတ်နိုးပါ၊ မိမိကိုယ်ကိုအားကိုးယုံကြည်ပါ”** ဟူသော ကျင့်ဝတ်နှင့်အညီ တပ်ဖွဲ့အလိုက် တပ်ဆင်ပေးထားသည့် လက်နက်ကိရိယာများကိုလည်း ကျွမ်းကျင်စွာ ကိုင်တွယ်တတ်ကြရမည်ဖြစ်သည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးသည် စက်တင်ဘာလ ၂၅ ရက်က ရန်ကုန်တိုင်းစစ်ဌာနချုပ်ရှိတပ်နယ်များမှအရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကား ပြောကြားစဉ် **“တပ်မတော်တွင် အုပ်ချုပ်ရေးစွမ်းရည်သည် အလွန်အရေးကြီးသည့် အခန်းကဏ္ဍတွင်ရှိပြီး အုပ်ချုပ်မှုအားနည်းလျှင် စစ်ရေးစွမ်းရည်နှင့်စည်းရုံးရေးစွမ်းရည်ပါ ထိခိုက်နိုင်သဖြင့် စွမ်းရည်သုံးရပ်တွင် အုပ်ချုပ်မှုစွမ်းရည်သည် အလွန်အရေးကြီးကြောင်း၊ အုပ်ချုပ်ရေးစွမ်းရည်တွင် စားရေး၊ နေရေး၊ သွားလာနေထိုင်ရေး၊ စစ်စည်းကမ်းထိန်းသိမ်းရေးအပါအဝင် ကျယ်ကျယ်ပြန့်ပြန့်စဉ်းစားဆောင်ရွက်သွားရန်လိုပြီး တာဝန်ရှိသူများအနေဖြင့်လည်း ထိန်းသိမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ အုပ်ချုပ်ရေးပိုင်းတွင် တပ်မှူးကောင်းစိတ်ဓာတ်၊ ဖခင်သဖွယ်စိတ်ဓာတ်၊ ကိုယ်ချင်းစာတရားများရှိနေရန်လိုပြီး အုပ်ချုပ်မှုညီညွတ်မျှတမှုမရှိခြင်းသည် တပ်တွင်းစည်းလုံးညီညွတ်မှုကို အားနည်းစေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိကိုယ်ကိုနှင့်လက်အောက်ကို အလိုမလိုက်ရန်လိုကြောင်း၊ မိမိကိုယ်မိမိအလိုလိုက်ပါက ပျက်စီးနိုင်ပြီး လက်အောက်ကို အလိုလိုက်လျှင်အမှုအခင်းများ၊ ပြဿနာများနှင့် ရှုပ်ထွေးလာနိုင်မည်ဖြစ်ကြောင်း”** ထည့်သွင်းပြောကြားခဲ့သည်။

တပ်မတော်သည် စည်းလုံးညီညွတ်၍ အင်အားတောင့်တင်းခိုင်မာစွာတည်ရှိနေသည့်အတွက် နိုင်ငံတော်၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲနေခြင်းဖြစ်သည်။ ခေါင်းဆောင်များအနေဖြင့် မှန်မှန်ကန်ကန်နှင့် လက်အောက်၏ သက်သာချောင်ချိရေးအပိုင်းကိုဆောင်ရွက်ပြီး လုပ်ဆောင်မည်ဆိုပါက တပ်တွင်းစည်းလုံးညီညွတ်ရေးများတွင်လည်း အထောက်အကူရရှိမည်ဖြစ်သည်။ စိုက်ပျိုး/မွေးမြူရေးကိုအခြေခံသည့် သက်သာချောင်ချိရေးကိစ္စရပ်များ ထိထိရောက်ရောက်လုပ်ဆောင်ရမည်ဖြစ်သည်။ အရာရှိ၊ စစ်သည်များ တပ်နေပျော်စေရေးအတွက် သက်သာချောင်ချိရေးကိစ္စများသာမက တပ်များတွင်နေချင်စဖွယ်ဖြစ်အောင် တပ်သာယာလှပရေးလုပ်ငန်းများကိုလည်း တာဝန်ရှိသူအဆင့်ဆင့်က အလေးထားဆောင်ရွက်ပေးသွားရမည်ဖြစ်သည်။ တပ်မတော်သည် စိတ်ဓာတ်မြင့်မြတ်သော တပ်မတော်ဟူသောအစဉ်အလာနှင့်အညီ နိုင်ငံ့ကောင်းကျိုး ပိုမိုသယ်ပိုးဆောင်ရွက်ရန်ဖြစ်ပါကြောင်း။ ။

## ၂၀၂၆ ခုနှစ်၊ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ လျှော့ပေါ့ခွင့်ပြုသူများ

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ လျှော့ပေါ့ခွင့်ပြုသူများ

၁။ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါ လျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း၊ အဆိုပါ လျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန်ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

## သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြော၊ မီးဘေးလုံခြုံရေးဇာတ်တိုက်လေ့ကျင့်

**ကျောက်ပန်းတောင်း စက်တင်ဘာ ၂၇**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ပွင့်ဆန်းဆေးရုံ၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောခြင်းနှင့် မီးဘေးလုံခြုံရေးဇာတ်တိုက်လေ့ကျင့်ခြင်းကို စက်တင်ဘာလ ၂၆ ရက် မွန်းလွဲပိုင်းတွင် ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ကျောက်ပန်းတောင်းမြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးသန်းမြင့်နှင့်ဝန်ထမ်းများက ပွင့်ဆန်းဆေးရုံ၌ တာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများနှင့် တက်ရောက်ဆေးကုသမှုခံယူနေကြသည့် လူနာများအား လိုက်ပါစောင့်ရှောက်ကြသည့် လူနာစောင့်များကို ဆေးရုံခန်းမဆောင်၌တွေ့ဆုံ၍ မြို့နယ်ဦးစီးမှူးက သဘာဝဘေးအန္တရာယ်များဖြစ်သည့် ငလျင်ဘေး၊ လေဘေး၊ ရေဘေး စသည်တို့ဖြင့် ရင်ဆိုင်တွေ့ကြုံလာရပါက ဆောင်ရွက်ရမည့်အချက်များနှင့် ကြိုတင်ပြင်ဆင်သင့်သည့်အချက်များ၊ မီးဘေးလုံခြုံရေးနှင့်ပတ်သက်၍ မီးလောင်မှု၊ မီးလန့်မှု မဖြစ်ပွားစေရေး ကြိုတင်ကာကွယ်ရမည့် နည်းလမ်းများ၊ မီးသတ်ဆေးဘူးအသုံးပြု၍ မီးငြိမ်းသတ်နည်းများကို ရှင်းလင်းဟောပြောပြီး မီးသတ်ဆေးဘူးကိုင်တွယ်အသုံးပြုပုံကို လက်တွေ့သရုပ်ပြသသည်။

ဆက်လက်၍ မြို့နယ်မီးသတ်ဦးစီးဌာနမှ ဝန်ထမ်းများက မီးဘေးအန္တရာယ်အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးပြီး ဆေးရုံ၊ ဆေးခန်းများ၊ လူနာဆောင်များနှင့် ကုသဆောင်များ၌ မီးဘေးလုံခြုံရေးဆောင်ရွက်ထားရှိမှုများကို ဆေးရုံတာဝန်ရှိသူများနှင့်အတူ စစ်ဆေး၍ လိုအပ်သည်များကို အကြံပြုဆွေးနွေးသည်။

ယင်းနောက် မီးသတ်ဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများသည် ဆေးရုံရှေ့မြေကွက်လပ်၌ ဆေးရုံဝန်ထမ်းများ၊ လူနာစောင့်များနှင့်အတူ မီးသတ်ဆေးဘူးနှင့် ရေစိုဝတ်အသုံးပြု၍ ဆီမီးလောင်မှု ငြိမ်းသတ်ရန်နည်းလမ်းများကို လက်တွေ့ ဇာတ်တိုက်လေ့ကျင့်ခြင်းများ ဆောင်ရွက်ကြကြောင်း သိရသည်။

**နေအောင်(ပြန်/ဆက်)**


မြဝတီ နေ့စဉ်

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | ဦးမျိုးဝင်းရှိန် |
| **စာတည်းမှူး (မြန်မာ)** | - | ဦးရာဇာအောင် |
| **စာတည်းမှူး (အင်္ဂလိပ်)** | - | ဦးရဲမင်းတင် |
| **စာတည်း (ကျွမ်းကျင်) အင်္ဂလိပ်** | - | ဦးတင်မောင်သန်း |
| **စာတည်းအဖွဲ့ (မြန်မာ)** | - | ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်နှင်းဝတ်ရည်ဖွေး |
| **စာတည်းအဖွဲ့ (အင်္ဂလိပ်)** | - | ဦးထက်မြတ်၊ ဒေါ်သီရိမွန် |
| **သတင်းအဖွဲ့ (နေပြည်တော်)** | - | ဦးစံမင်းသူ၊ ဒေါ်ခိုင်ဝါဝါကျော် |
| **သတင်းအဖွဲ့ (ရန်ကုန်)** | - | ဦးရဲစိုးအောင် |

Online Newspaper

**နေပြည်တော်**

**စာတည်းအဖွဲ့** ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊

**ဖြန့်ချိရေး/ကြော်ငြာ** ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊

ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**

**စာတည်းအဖွဲ့** ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊

**ကြော်ငြာ** ၀၃၁-၇၄၀၂၂၊

အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**

**တာဝန်ခံ** ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊ ၂၉ x ၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ (ရုံးခွဲ)**

**တာဝန်ခံ** ၀၉-၄၄၄၄၁၈၆၉၁၊ ၀၃၄-၇၃၆၀၁

လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** – ၀၀၃၇၈/၀၀၄၉၄

**စတင်ထုတ်ဝေသည့်ရက်** – ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်

E-mail: mwddailynewspapergroup@gmail.com

Website – www.myawady.net.mm

# ရွှေတိဂုံစေတီတော်၌ အသံမစဲမဟာပဋ္ဌာန်းပူဇော်ပွဲ အောင်ပွဲကျင်းပ



**ရန်ကုန် စက်တင်ဘာ ၂၇**

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ကြီးမှူးပြုလုပ်သည့် အသံမစဲ မဟာပဋ္ဌာန်းပူဇော်ပွဲ အောင်ပွဲအခမ်းအနားကို စက်တင်ဘာလ ၂၆ ရက်က ရွှေတိဂုံစေတီတော် ရာဟုထောင့်ရှိ ထီးတော်ရုံ တန်ဆောင်း၌ ကျင်းပသည်။

အခမ်းအနားသို့ ရွှေတိဂုံစေတီတော်ဩဝါဒါစရိယဆရာတော်ကြီးများနှင့် ပင့်သံဃာတော်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ပြန်ကြားရေး၊ ကယ်ဆယ်ရေးနှင့် သာသနာရေးဝန်ကြီး ဦးနေလင်းထွန်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဒေါက်တာထူးမောင်၊ ရခိုင်တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဦးနေမင်းထွန်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေး အသင်းအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဆရာတော်ကြီးများနှင့် ပရိသတ်အပေါင်းက နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကိုဖွင့်လှစ်ပြီး ရွှေတိဂုံစေတီတော် ဘဏ္ဍာထိန်းဂေါပက အဖွဲ့ ဩဝါဒါစရိယ၊ ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဘဒ္ဒန္တအဂ္ဂသာမိ ထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော်၊ သံဃာတော်များအား တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူတို့က လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ရွှေတိဂုံစေတီတော် ဘဏ္ဍာထိန်းဂေါပကအဖွဲ့ ဩဝါဒါစရိယ၊ တိပိဋက-ဩဝါဒါစရိယအဖွဲ့ အကျိုးတော်ဆောင်ဆရာတော် ဘဒ္ဒန္တ နာရဒါဘိဝံသ (လုရတနာ)ထံမှ လှူဒါန်းမှုအစုစုအတွက် အနုမောဒနာတရားနာကြား၍ ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် ဆရာတော် ဘဒ္ဒန္တကေလာသက နတ်ပြဟ္မာအပေါင်းတို့အား ဂါထာပါး၍ ပြန်လည်ပို့ဆောင်ကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အသံမစဲမဟာပဋ္ဌာန်း ပူဇော်ပွဲ အောင်ပွဲအခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**ဝန်းရံ**

# စပါး ပဲမျိုးစုံနှင့် လယ်ယာသီးနှံများတွင် ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေး အသိပညာပေးဆွေးနွေး

**ကဝ စက်တင်ဘာ ၂၇**

စပါး၊ ပဲမျိုးစုံနှင့် လယ်ယာသီးနှံများတွင် ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေး အသိပညာပေးဆွေးနွေးပွဲကို စက်တင်ဘာလ ၂၇ ရက်တွင် ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ကဝမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမြတ်မင်းထွေးက အဖွင့်အမှာစကားပြောကြားပြီး ကဝမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးရဲထွန်းက အမှာစကားပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန (ရုံးချုပ်) သီးနှံကာကွယ်ရေးဌာနခွဲ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာခင်မာလာမြင့်က အင်းဆက်ပိုးမွှား ဘက်စုံကာကွယ်နှိမ်နင်းရေးနည်းပညာများကိုလည်းကောင်း၊ သီးနှံကာကွယ်ရေးဌာနခွဲ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်ခိုင်က အပင်ရောဂါ ဘက်စုံကာကွယ်နှိမ်နင်းနည်းများကိုလည်းကောင်း၊ ဥယျာဉ်ခြံ၊ ဟင်းသီးဟင်းရွက်နှင့် အပင်ဇီဝနည်းပညာဌာနခွဲ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဝဏ္ဏထွန်းက စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများကိုလည်းကောင်း၊ သီးနှံကာကွယ်ရေးဌာနခွဲ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာခင်အေးပွင့်ခိုင်က ဘက်ပေါင်းစုံကာကွယ်နှိမ်နင်း နည်းများကိုလည်းကောင်း အသီးသီးအသိပညာပေးဆွေးနွေးကြသည်။



ဆက်လက်၍ စိုက်ပျိုးရေးဦးစီးဌာန (ရုံးချုပ်) သီးနှံကာကွယ်ရေးဌာနခွဲ ညွှန်ကြားရေးမှူး ဦးဇော်လင်းက အသိပညာပေးဆွေးနွေးပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး စိုက်ပျိုးရေးသုံးပိုးသတ်ဆေးများကို ဘေးကင်းမှန်ကန်စွာအသုံးပြုနိုင်ရေး ညွှန်ကြားချက်များ၊ ပိုးသတ်ဆေးကို ဘေးကင်းမှန်ကန်စွာသုံးစွဲနည်း၊ ဘက်စုံရောဂါ ကာကွယ်ရေးနှင့် ပိုးသတ်ဆေးဓာတ်ကြွင်းလျှော့ချရေးနည်းလမ်းများကို အသိပညာပေးပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသော တောင်သူများ၊ စိုက်ပျိုးရေးဆေးကုမ္ပဏီ ဝန်ထမ်းများနှင့် အရောင်းကိုယ်စားလှယ်များက သိရှိလိုသည်များကို မေးမြန်းကြရာ ပါဝင်ဆွေးနွေးခဲ့သူများက ပြန်လည်ဖြေကြားပေးကြကြောင်း သိရသည်။

**ရဲဇော်ဟိန်း(ပြန်/ဆက်)**

# အမျိုးသားပြတိုက်(ရန်ကုန်)သို့ အခြေခံပညာအဆင့် ကျောင်းသား၊ ကျောင်းသူများ သွားရောက်လေ့လာ

**ရန်ကုန် စက်တင်ဘာ ၂၇**

ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းခရိုင် တာမွေမြို့နယ်ရှိ အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများသည် ဆရာ၊ ဆရာမများနှင့်အတူ စက်တင်ဘာလ ၂၆ ရက်က ရန်ကုန်မြို့ ပြည်လမ်းရှိ အမျိုးသားပြတိုက်(ရန်ကုန်)သို့ သွားရောက်လေ့လာကြသည်။



ထိုသို့ သွားရောက်လေ့လာရာတွင် ကျောင်းသား၊ ကျောင်းသူများသည် အမျိုးသားပြတိုက် (ရန်ကုန်)ရှိ မြန်မာအက္ခရာနှင့် လက်ရေးမူပြခန်း၊ သီဟာသနပလ္လင်ပြခန်း၊ ရတနာပုံခေတ်ပြခန်း၊ သဘာဝသမိုင်းနှင့် မြန်မာ့သမိုင်းမတင်မီခေတ်ပြခန်း၊ မြန်မာ့မြို့ပြယဉ်ကျေးမှုပြခန်း၊ မင်းခမ်းတော်ပစ္စည်းများပြခန်း၊ မြန်မာ့သုခုမအနုပညာပြခန်း၊ မြန်မာ့လက်မှုအနုပညာပြခန်း၊ မြန်မာ့ရှေးဟောင်းအဆင်တန်ဆာရတနာပြခန်း၊ မြန်မာပန်းချီခန်းမဆောင်၊ ဗုဒ္ဓအနုပညာပြခန်း၊ အာဆီယံနိုင်ငံများအကြောင်းပြခန်းနှင့် တိုင်းရင်းသားယဉ်ကျေးမှုပြခန်းများကို ကြည့်ရှုလေ့လာကြရာ အမျိုးသားပြတိုက် (ရန်ကုန်)မှ တာဝန်ရှိသူများက အသေးစိတ်လိုက်လံရှင်းလင်းပြသပေးသည်။

မြန်မာလူမျိုးတို့၏ သမိုင်းအစဉ်အလာကြီးမားခဲ့ပုံများ၊ တန်ဖိုးမဖြတ်နိုင်သည့် မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ၊ ကိုးကွယ်ယုံကြည်မှုဆိုင်ရာများနှင့် ရိုးရာဓလေ့ထုံးတမ်းများအား ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များအနေဖြင့် ကျယ်ကျယ်ပြန့်ပြန့် သိရှိပြီး နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များ ရှင်သန်ပေါက်ပွားလာစေရန်နှင့် အမိနိုင်ငံတော်အား အမြတ်တနိုး တန်ဖိုးထားတတ်စေရန် စသည့်ရည်ရွယ်ချက်ကောင်းများဖြင့် လိုက်လံပြသပေးခြင်းဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

အမျိုးသားပြတိုက်(ရန်ကုန်)ကို တနင်္လာနေ့နှင့် အစိုးရရုံးပိတ်ရက်များမှအပ နေ့စဉ် နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ ဖွင့်လှစ်ပေးထားပြီး ဝင်ကြေးအနေဖြင့် တစ်ဦးလျှင် ငွေကျပ် ၁၀၀၀ သတ်မှတ်ထားကာ သံဃာတော်၊ သီလရှင်၊ ကျောင်းသား၊ ကျောင်းသူများနှင့် အသက် ၁၂ နှစ်အောက်ကလေးငယ်များအနေဖြင့် အခမဲ့ လာရောက်ကြည့်ရှု လေ့လာနိုင်ကြောင်း၊ နိုင်ငံခြားသားဖြစ်ပါက တစ်ဦးလျှင် ဝင်ကြေး ငွေကျပ် ၁၀၀၀၀ ဖြင့် လာရောက်ကြည့်ရှု လေ့လာနိုင်ကြောင်းနှင့် ဝင်ခွင့်လက်မှတ်များကို ညနေ ၄ နာရီ အထိ နောက်ဆုံးထားဝယ်ယူနိုင်ကြောင်း သိရသည်။

**နိုင်လင်းအောင်(ပြန်/ဆက်)**

# ဝါစိုက်ပျိုးမည့်တောင်သူများအား ကွန်ပေါင်းဓာတ်မြေဩဇာများပေးအပ်

**ဆင်ပေါင်ဝဲ စက်တင်ဘာ ၂၇**

မကွေးတိုင်းဒေသကြီး အောင်လံခရိုင် ဆင်ပေါင်ဝဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝါသီးနှံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကွန်ပေါင်းဓာတ်မြေဩဇာပေးအပ်ပွဲကို စက်တင်ဘာလ ၂၆ ရက်က မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ငြိမ်းထွန်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ ဆင်ပေါင်ဝဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအေးနိုင်က ဓာတ်မြေဩဇာများ ပေးအပ်ရခြင်း၏ ရည်ရွယ်ချက်နှင့် သီးနှံအထွက်နှုန်းကောင်းမွန်ရေး၊ ဓာတုဓာတ်ကြွင်းပါဝင်မှု လျှော့ချနိုင်ရေးအတွက် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (GAP နည်းစနစ်)ဖြင့် စိုက်ပျိုးနည်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက မြို့နယ်အတွင်း ရပ်ကွက်/ကျေးရွာများမှ ဝါသီးနှံမျိုးစေ့ထုတ်နှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး စိုက်ပျိုးသည့် အကျိုးဆောင်တောင်သူ ၂၁၅ ဦး၏ စိုက်ဧက ၈၈၉ ဧကအတွက် ကွန်ပေါင်းဓာတ်မြေဩဇာ ၁၁၁ အိတ်ကို တောင်သူများထံ ပေးအပ်ကြကြောင်း သိရသည်။

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**



# စစ်သူကြီး မဟာမင်းထင်နော်ရထာ

ကြည်မင်းဝေ



**အခန်း(၁)**

**မတစ်ထောင် တစ်ကောင်ဖွား**

အချိန်ကား သက္ကရာဇ် ၁၂၁၄ ခုနှစ် ပြာသိုလဆန်းရှစ်ရက် ညဥ့်သန်းခေါင်ကျော်အချိန် သမိုင်းဝင် ပုဂံမြို့ဟောင်းကြီး၏ အထက်မြင်းခြံနယ်ကြီးထဲမှ မန်ကျည်းပင်၊ ထနောင်းပင်၊ ကုက္ကိုပင်၊ ဆူးကျင့်ပင်များဖြင့် အုပ်အုပ်ဆိုင်းဆိုင်းနေသော ကျေးလက်ရွာကြီးတစ်ရွာမှာ ဆန်းသစ်စလရောင်ဝါဝါအောက်၌ ကြက်တွန်သံတစ်ချက်တလေမှအပ အေးချမ်းတိတ်ဆိတ်နေသည်။

ရွာကြီး၏တောင်ဘက်အစွန် ထန်းတောကြီးထဲမှ တဲအိမ်ငယ်ကလေးတစ်ခုအတွင်း၌ မြေစလောင်းဖုံးတစ်ချပ်ဖြင့် ထည့်ထွန်းထားသော ကညင်ဆီ ထမင်းခြောက်ဖြင့် တောက်လောင်လျက်ရှိသည့် မီးရောင်ကလေးက မှိန်တစ်ခါ လင်းတစ်လှည့်ဖြင့် အားယူလင်းလက်နေ၏။ နှစ်ခန်းမျှသာရှိသည့် တဲငယ်ကုပ်ကုပ်ကလေး၏ အလယ်ကောင်တိုင် ဝါးပိုးဝါးတိုင်လေးနေရာမှ အညာတင်းထိမ်စောင်ကျားကြီးတစ်ထည်ကို အခန်းကန့်ကာရံထားသည်။

အခန်းငယ်လေးထဲတွင် ချွေးတလုံးလုံးဖြင့် အလုပ်ရှုပ်နေကြသော အသက်ငါးဆယ်ခန့် မိန်းမကြီးနှစ်ယောက်နှင့်အတူ မီးမဖွားနိုင်သေးသော အသက်နှစ်ဆယ်ခန့် အမျိုးသမီးငယ်တစ်ယောက် နာကျင်စွာ ညည်းညူနေသည်။ ရွာလက်သည် ဒေါ်မယ်ထုံက အကျီလက်များပင့်ကာ အမျိုးသမီးငယ်၏ဗိုက်ကိုပွတ်သပ်ရင်း တတွတ်တွတ်အားပေးနေ၏။ ယောက္ခမဖြစ်သူ ဒေါ်မယ်လွန်းက မိန်းမငယ်မျက်နှာပေါ်က ချွေးသီးချွေးပေါက်များကို ရှံ့တဘက်ကလေးဖြင့် တို့သုတ်ပေးရင်း ရသမျှဘုရားစာများကို ရွတ်ဖတ်နေသည်။

နှင်းမှုန်နှင်းဖွဲများဖြင့် ချမ်းအေးလှသောလပြာသိုဖြစ်၍ တဲငယ်ကလေးရှေ့မြေကွက်လပ်ကလေးဝယ် ထန်းနို့ခြောက်ရိုးများ၊ ထန်းလက်ခြောက်များကိုရှို့ကာ မီးဖိုဘေးတွင် နံငယ်ပုဆိုးစကို ပေါင်လယ်အထိမတင်ကာ ထိုးကွင်းမင်သေ့ပေါ်အောင်ထိုင်ပြီး ကွမ်းတမြုံ့မြုံ့ဝါးနေသော အသက်ငါးဆယ်ခန့်လူကြီးတစ်ယောက်နှင့် မီးဖိုနံဘေးမြေပြင်သို့ ဝါးခြမ်းပြားကလေးဖြင့် ဦးတည်ရာမဲ့ လျှောက်ခြစ်နေသော နှုတ်ခမ်းမွေးကျင်စွယ်၊ သျှောင်တစောင်းထုံးဖွဲ့ထားသော အသက်အစိတ်ခန့်လူရွယ်တစ်ယောက်တို့ မီးလှုံရင်း ထိုင်နေကြသည်။

တစ်ဦးကိုတစ်ဦး စကားမပြောကြဘဲ ကိုယ့်အတွေးနှင့်ကိုယ် ထိုင်နေရာက လူရွယ်က ထန်းလက်တစ်ဖက် မီးပုံထဲပစ်ထည့်လိုက်သည်။ အေးစိမ့်နေသောဝန်းကျင်၌ အညာဒေသ ပုစဉ်းရင်ကွဲကလေးများ၏ တကျီကျီအော်မြည်နေသံနှင့် ထန်းလက်ခြောက်များကို လောင်ကျွမ်းနေသော တဖြောက်ဖြောက်မြည်သံမှတစ်ပါး တိတ်ဆိတ်နေ၏။ ထိုတိတ်ဆိတ်မှုများကို တဲအတွင်းက မွေးမိခင် မိန်းကလေးအော်သံက ဖြိုခွင်းလိုက်လေသည်။

"အမလေးနာလိုက်တာအမေရေ၊ ကိုရင်ရွှေရေး မောင်ကြီးရေလုပ်ပါဦး"

"အားတင်းထား ခင်သုန် မွေးခါနီးပြီ၊ ညည်းယောက္ခမလက်ကိုကိုင်ပြီး အားထည့်ထား အားထည့်ထား"

လက်သည်ဒေါ်ထုံအားပေးသံနှင့်အတူ ရွှေရေးမိခင် ဒေါ်မယ်လွန်း၏ ပရိတ်တော်များရွတ်နေသံကို ကြားနေရ၏။ ယာကန်သင်း သနပ်ပင်ကြီးထက်က ညဥ့်ငှက်ရွှေဇီးကွက်မောင်နှံက တကွပ်ကွပ်နှင့် အပြန်အလှန်နှုတ်ခွန်းသီနေကြ၏။

"အဘ မယ်သုန် အတော်အနေခက်နေပုံပဲဘရ"

"လူကလေးကလည်းကွယ် ဒါ မိန်းမတွေရဲ့ အာဝေဏိက သဘာဝပဲလေကွာ၊ ဒါနဲ့ မင့်ယောက္ခမ ရွှေမောင်းက သူမလာတောင် သူ့မိန်းမရှင်မယ်ခွေတော့ လာသင့်သပေ့ါကွယ် ထွိန်"

"အမလေး ကိုရင်ရွှေရေးရဲ့ နာလိုက်ထာ အားကျွတ်ကျွတ်"

"မွေးတော့မယ် ခင်သုန် ညှစ်ညှစ်"

"အင် အဘကလည်း သူရို့က အစကတည်းကမှ သူရို့သမီးနဲ့ ကျုပ်ကို သဘောမှမမျှဘဲကိုးဗျ၊ အဘလုပ်ဦးဗျ၊ မယ်သုန်အတော်အနေဆိုးနေပြီဗျ"

"ငရွှေရေးရယ် သဘာဝပါဆိုမင့်ပဲ အထဲမှာ လက်သည်မယ်ထုံလည်း ရှိသဟာကွယ်"

"ဘ အင်္ဂုလိမာလသုတ်ရွတ်ပါဗျ"

"အာ နင့်ဘာသာရွတ်ပါတော့လားဟဲ့" "ကျုပ်က မေ့နေလို့ပါ ဘရာ၊ အစက ဘာတဲ့ဗျာ"

"ပရိတ္တံ ယံ ဘဏန္တဿ နိသိန္နဋ္ဌာနဓောဝနံ ကွာ၊ တယ်ခက်တဲ့ကောင်ပဲ"

ဦးသူတော်က စိတ်မရှည်သည့်ပုံစံဖြင့် ခေါင်းပေါင်းဖျင်တဘက်ကြီးကိုဖြုတ်ကာ မျက်နှာကို ပွတ်နေ၏။ ရှေ့က မီးဖိုကြောင့်သာ ခန္ဓာကိုယ်နွေးနေသယောင်ရှိသည့် လပြာသို၏ မှုန်သီဝိုးဝါးကျနေကြသော နှင်းမှုန်များကြောင့် တဘက်ကြီးပင် စိုထိုင်းထိုင်းဖြစ်နေသည်။

ထိုစဉ် စောစောက ကြည်လင်ဝင်းပနေသောလရောင်က တိမ်ရိပ်မကျဘဲ မိုးသည်းတော့မည့်ဟန် လျှပ်နွယ်လျှပ်ပန်းတို့ ရုတ်တရက်အရပ်ရှစ်မျက်နှာ၌ တဝင်းဝင်းတလက်လက်ထနေသည်။ ရွှေရေးတို့သားအဖလည်း အလန့်တကြား ကောင်းကင်ယံသို့ မော့ကြည့်မိကြသည်။ ကြတ္တိကာနက္ခတ် ပြိုးပြိုးပြက်မျှ တန်ဆောင်မုန်းလ၏ ကြယ်တာရာတို့ပင် မပျောက်သေး။ ဖုသျှုသအရည်အသွေး တံခွန်ကြယ်ကလေးများလည်း ပြည့်နေပါလျက် ရာသီမဟုတ် မိုးခြိမ်းသံထွက် လျှပ်စီးများလက်သည်မှာ အင်မတန်ပင် ဝိသေသထူးနေသည်။

ဦးသူတော်က တတ်သမျှမှတ်သမျှနှင့် စုံညီတောက်ပနေကြသော ကြယ်များကို အသေအချာမှတ်သားနေမိရာ ကောင်းကင်ယံ အနောက်မြောက်ယွန်း၌ ထွန်းလင်းနေသော ကြယ်တံခွန်တစ်စင်း၊ သူ့ရဲ့ရှည်လျားသည့် အစွန်းတစ်ဖက်က လခြမ်းတစ်ဝက်အပေါ် ထိုးတက်နေပါလား၊ ဦးသူတော်ဘာသာတွေးရင်း ခေါင်းတညိတ်ညိတ်ပြုနေမိသည်။

"ဒုက္ခပါပဲ အဘရာ မိုးကလည်း ရွာတော့မယ်ထင်ပါရဲ့"

သူ့သားစကားပင် နားမဝင်ဘဲ ငယ်စဉ်ဘုန်းကြီးကျောင်းသားဘဝက နှုတ်တက်အာဂုံရခဲ့သော နက္ခတ်ကြည့်နည်းလင်္ကာများကို ရွတ်ဆိုနေရင်း မြေတလင်းပြင်ပေါ် ရေးခြစ်နေတော့သည်။

"လူကလေး မင်းဆီမှာ ပေရွက်နဲ့ကညစ်ဆံ ရှိသလားကွဲ့"

"တဲထဲမှာရှိမှတ်တယ်၊ ဟိုးရက်က ရွာဦးကျောင်း ကပ္ပိယကြီးဆီက တောင်းလာတာ"

"ရှိရင် သွားယူချေစမ်းကွယ်"

ရွှေရေး တဲအတွင်းသို့ အပြေးတက်သွားလျှင် ဝါးခြမ်းပြားကြမ်းခင်းများက တဖြောင်းဖြောင်းမြည်ကာ တဲအိမ်ကလေး ယိမ်းထိုးနေသည်။ ရွှေရေးက သူ့မိန်းမ၏ တအီအီညည်းနေသံကြောင့် တင်းထိမ်စောင်ကျားကြီးကို အသာလှပ်ကြည့်လိုက်၏။

"ဟဲ့ငရွှေရေး နင်ဘာလာလုပ်တာလဲ၊ သွားသွား ဖြည်းဖြည်းသက်သာမတက်ဘူး။ ဒီမှာ ခင်သုန်သွေးနုနုနဲ့ လန့်သွားမှဖြင့်"

"အဘက ပေရွက်နဲ့ကညစ်ဆံ ယူခိုင်းလို့ပါဗျာ ဟဲဟဲဟဲ"

"ကျုပ်မလန့်ပါဘူး ဒွေးလေးရဲ့၊ အဲဒီ ဝုန်းဝုန်းဒိုင်းဒိုင်းသံတွေကြားလိုက်ရတာ ပိုအားရှိသွားသလိုပဲတော့"

"ဟယ် မွေးပြီ ရှင်မယ်လွန်းရေ မွေးပြီဟဲ့၊ အမလေး နာတုန်းက နာနေလိုက်တာ၊ မွေးမယ့်မွေးတော့ မအေက စကားပြောတောင် မပြတ်ပဲ့ါတော်"

"ဟဲ့ ဟဲ့ မယ်ထုံ ကလေးက ငိုသံမကြားပါလား တင်ပါးပုတ်ပါဟဲ့"

"ဖပ် ဖပ် ဖပ်..."

"ဝါး အုငဲ အုငဲ"

"ဟဲ့ဟဲ့ မယ်ထုံ ဘာလေးလဲဟဲ့၊ ခြေလက်အင်္ဂါကြည့်ပါဟဲ့"

"စုံပါတယ်ယောက်မရယ်၊ ယောကျ်ားလေးတော့၊ ထွားလိုက်တာမှ ဝဝကစ်ကစ်ကြီး"

တဲထဲကအသံများကြောင့် ရွှေရေး လက်ပမ်းပေါက်များ တဖြောင်းဖြောင်းခတ်ရင်း ထခုန်လေသည်။ ထိုအချိန်တွင် အရှေ့တောင်ယွန်းယွန်းမှ ကြီးမားသော လျှပ်စီးကြောင်းကြီးထလျက် မိုးကြိုးထစ်သံကြီးပြင်းထန်စွာကြားလိုက်ရသည်။

"ဟား ယောကျ်ားဘသား ငါ့သားကွ၊ အဘ မွေးပြီဗျ မွေးပြီ၊ ယောကျ်ားလေးတဲ့ အားဟားဟားဟား" ရွှေရေးအသံကို ဦးသူတော်နည်းနည်းမျှအရေးမလုပ်၊ ပေရွက်ပေါ်သို့သာ တကုပ်ကုပ်ရေးခြစ်နေလေသည်။ ကောင်းကင်ယံသို့ မော့ကြည့်လိုက်၊ အတန်ကြာ ခေါင်းတဆတ်ဆတ်ညိတ်နေလိုက်၊ တစ်ဖန်ရေးခြစ်လိုက်လုပ်နေချိန်တွင် ရွာဦးကျောင်းက တတုံတုံခေါက်လိုက်သော အုန်းမောင်းသံကြားလိုက်ရ၏။

**ဆက်လက်ဖော်ပြပါမည်။**

---

## ငါးဆေးထိုးသားဖောက်ခြင်းနှင့် ရေချိုငါးမွေးမြူရေးသင်တန်းဖွင့်



**သထုံ စက်တင်ဘာ ၂၇**

မွန်ပြည်နယ် သထုံမြို့ရှိ ငါးလုပ်ငန်း သင်တန်းကျောင်း၌ ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှ ကြီးမှူး၍ ငါးဆေးထိုးသားဖောက်ခြင်းနှင့် ရေချိုငါးမွေးမြူရေး သင်တန်းကို စက်တင်ဘာလ ၂၆ ရက်က ဖွင့်လှစ်သည်။

ရေးဦးစွာ မွန်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးတင်နိုင်ဝင်းက သင်တန်းဖွင့်အမှာစကားပြောကြား၍သင်တန်းဖွင့်လှစ်ပေးပြီး သထုံခရိုင် ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးစိုးဝင်း၊ သထုံ ငါးလုပ်ငန်းစခန်းတာဝန်ခံ ဦးဝင်းဗိုလ်နှင့် တာဝန်ရှိသူတို့က ငါးများ၏နေထိုင်ကျက်စားမှုစလေ့၊ ငါးကန်တူးဖော်ခြင်း၊ ကန်အရည်အသွေးပြုပြင်ခြင်း၊ ရေအရည်အသွေးတိုင်းတာစစ်ဆေးခြင်း၊ မျိုးငါးရွေးချယ်ထိန်းသိမ်းခြင်း၊ ရေချိုငါးမျိုးများ လက်တွေ့ဆေးထိုးသားဖောက်ခြင်း၊ ငါးအစာအာဟာရနှင့် အစာကျွေးနည်းစနစ်များ စသည်တို့ကို ဆွေးနွေးပို့ချပေးကြသည်။

ယင်းသင်တန်းကို သုံးရက်ကြာဖွင့်လှစ်လျက်ရှိပြီး သင်တန်းသား ၃၀ ဦး တက်ရောက်ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

---

## ပင်လယ်ကမ်းရိုးတန်းသယံဇာတ ဒီရေတောထိန်းသိမ်းနိုင်ရေး ကျွန်းစုမြို့နယ်၌ အသိပညာပေးဟောပြော

**ကျွန်းစု စက်တင်ဘာ ၂၇**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ကျွန်းစုမြို့နယ်သစ်တောဦးစီးဌာနမှ ပင်လယ်ကမ်းရိုးတန်းသယံဇာတ ဒီရေတောထိန်းသိမ်းနိုင်ရေး အသိပညာပေးဟောပြောဆွေးနွေးပွဲကို စက်တင်ဘာလ ၂၆ ရက်က အခြေခံပညာအထက်တန်းကျောင်းခွဲ (ကမ်းကြီး)၌ ကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ်သစ်တောဦးစီးဌာန ဦးစီးမှူး ဦးခင်စိုးက ဒီရေတောအဓိပ္ပာယ်၊ ဒီရေတောများ ပျံ့နှံ့စွာပေါက်ရောက်မှုအခြေအနေ၊ ဒီရေတောများမှ ဂေဟစနစ်အပေါ် အကျိုးဖြစ်ထွန်းစေမှု၊ ဒီရေတောများထိန်းသိမ်းခြင်းနှင့် ပြန်လည်တည်ထောင်ရာတွင် ပူးပေါင်းဆောင်ရွက်ရမည့်အချက်များ၊ ICM အစီအစဉ်အရ ဆောင်ရွက်သည့်လုပ်ငန်းများ၊ ဒီရေတောများပေါက်ရောက်မှုအခြေအနေတို့ကို အသိပညာပေးဟောပြောပြီး တောအုပ်ဦးဇော်ကိုလတ်က ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း၏ အဓိပ္ပာယ်၊ လျှောက်ထားလိုပါက ခွင့်ပြုရန်သတ်မှတ်ချက်နှင့် စည်းကမ်းချက်အကြောင်းအရာများကို အသိပညာပေးဟောပြောသည်။

ထို့နောက် ဟောပြောပွဲသို့ တက်ရောက်လာကြသူများက သိရှိလိုသည်များကိုမေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပြီး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြောင်း သိရသည်။

**ရန်ကင်း**

▲ ကျောဖုံးမှအဆက်

မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဟိုတယ်၊ ခရီးသွားလုပ်ငန်းနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီဥက္ကဋ္ဌနှင့်ကိုယ်စားလှယ်များ၊ ခရီးသွားလုပ်ငန်းတတ်သိပညာရှင်များနှင့် ပုဂ္ဂလိကခရီးသွားအဖွဲ့အစည်းကိုယ်စားလှယ်များ၊ အသင်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ တက္ကသိုလ်၊ ကောလိပ်များမှ ပါမောက္ခချုပ်များ၊ ခရီးသွားလုပ်ငန်းစီမံခန့်ခွဲမှု ပညာဌာနမှူးများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ဆုရရှိကြသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက "ကမ္ဘာမြေကိုပုံဖော်မည့် နည်းပညာ" သီချင်းဖြင့် ကပြဖျော်ဖြေကြသည်။

ထို့နောက် ဒုတိယသမ္မတက အမှာစကားပြောကြားရာတွင် ယခု အချိန်ကိုက်ဖြစ်သည့် လမ်းညွှန်ချက်တစ်ခုဖြစ်ကြောင်း။

ဉာဏ်ရည်တုနှင့် ဒီဂျစ်တယ်နည်းပညာများကိုအသုံးပြုခြင်းသည် ခရီးသွားဧည့်သည်များအတွက် ပိုမိုကောင်းမွန်သည့် ခရီးသွားအတွေ့အကြုံများကို ဖန်တီးပေးနိုင်သကဲ့သို့ ခရီးသွားလုပ်ငန်းဆောင်ရွက်နေကြသည့်လုပ်ငန်းရှင်များအတွက်လည်း လုပ်ငန်းစီမံခန့်ခွဲမှု၊ ဈေးကွက်ရှာဖွေမှုနှင့် ဆုံးဖြတ်ချက်ချမှတ်မှုများကို ပိုမိုထိရောက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ တစ်ဖက်တွင်လည်း နည်းပညာကို အသုံးချရာတွင် နည်းပညာ၏ အကျိုးကျေးဇူးများကို အာရုံစိုက်ရမည်ဖြစ်သကဲ့သို့ လုံခြုံရေး၊ ကိုယ်ရေးအချက်အလက်ကာကွယ်ရေး၊ တာဝန်ယူမှု၊ ပွင့်လင်းမြင်သာမှုနှင့်လူသားဗဟိုပြုမှု အစရှိသည့် အချက်များကိုလည်း အလေးထားသတိပြုဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် မြန်မာနိုင်ငံကိုနိုင်ငံတကာကခရီးသွားဧည့်သည်များလာရောက်လည်ပတ်ရာတွင်



ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး ဝန်ဆောင်မှုစွမ်းဆောင်ရည်အကောင်းဆုံးဆုရရှိသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဟိုတယ်မှ တာဝန်ရှိသူများအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။

**◆ နည်းပညာအသစ်များကို အသုံးပြုသည့်အခါ ဒေသခံပြည်သူလူထု၏ အလုပ်အကိုင်အခွင့်အလမ်းများ ထိခိုက်မသွားဘဲ ပိုမိုကောင်းမွန်လာရန်၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖြစ်ကြသည့် ဒေသထွက်လက်မှုပညာလုပ်ငန်းရှင်များ၊ တည်းခိုခန်းလုပ်ငန်းရှင်များနှင့် စားသောက်ဆိုင်လုပ်ငန်းရှင်များပါ ဒီဂျစ်တယ်စနစ်၏ အကျိုးကျေးဇူးကို ခံစားရရှိရန်အရေးကြီး . . .**

နှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့၏ ဆောင်ပုဒ်မှာ "ခရီးသွားကဏ္ဍဆန်းသစ်ဖို့ ဒီဂျစ်တယ်နှင့် ဉာဏ်ရည်တုနည်းပညာသုံးကြစို့" (Digital Agenda and Artificial Intelligence to Redesign Tourism) ဖြစ်ကြောင်း၊ ယင်းဆောင်ပုဒ်သည် ခေတ်သစ်ကမ္ဘာကြီး၏ လျင်မြန်စွာပြောင်းလဲနေသည့် နည်းပညာရေစီးကြောင်းနှင့်အညီ ခရီးသွားလုပ်ငန်းကို အမြော်အမြင်ရှိရှိနှင့် တိုးမြှင့်ဆောင်ရွက်နိုင်ရန် အလွန်သင့်လျော်ပြီး အဆင်ပြေချောမွေ့စေရန် ပြည်ဝင်ခွင့်ဗီဇာဆိုင်ရာ ကိစ္စရပ်များတွင် ဖြေလျှော့မှုများ ပြုလုပ်ပေးလျက်ရှိကြောင်း၊ ထို့ပြင် နိုင်ငံတကာတွင် ကျင်းပပြုလုပ်သည့် ခရီးသွားပြပွဲများတွင် မြန်မာနိုင်ငံကိုယ်စားပြု ခရီးသွားပြခန်းများ ပါဝင်ပြသခြင်း၊ ရင်းနှီးကျွမ်းဝင်မှုခရီးစဉ်များဆောင်ရွက်ခြင်းများအပြင် ဒီဂျစ်တယ်နည်းပညာသုံး ခရီးသွားမြှင့်တင်ရေးလုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ် တိုးမြှင့်ဆောင်ရွက်သွားကြမည်ဆိုပါက ခရီးသွားလုပ်ငန်း ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း။

နည်းပညာအသစ်များကို အသုံးပြုသည့်အခါ ဒေသခံပြည်သူလူထု၏ အလုပ်အကိုင်အခွင့်အလမ်းများ ထိခိုက်မသွားဘဲ ပိုမိုကောင်းမွန်လာရန်၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများဖြစ်ကြသည့် ဒေသထွက်လက်မှုပညာလုပ်ငန်းရှင်များ၊ တည်းခိုခန်းလုပ်ငန်းရှင်များနှင့် စားသောက်ဆိုင်လုပ်ငန်းရှင်များပါ ဒီဂျစ်တယ်စနစ်၏ အကျိုးကျေးဇူးကို ခံစားရရှိရန် အရေးကြီးကြောင်း၊ လက်မှုလုပ်ငန်းများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းရှင်များက ထုတ်လုပ်ရောင်းချသည့် ထုတ်ကုန်ပစ္စည်းများကို ဒီဂျစ်တယ်ပလက်ဖောင်းများမှတစ်ဆင့် ကမ္ဘာ့ဈေးကွက်တွင် ရောင်းချနိုင်အောင် ချိတ်ဆက်ပေးရမည်ဖြစ်ကြောင်း၊ ယနေ့ကျရောက်သည့် ၂၀၂၆ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ ရည်မှန်းချက်နှင့်အညီ ချမှတ်ထားသည့် ဆောင်ပုဒ်အတိုင်း ခေတ်မီနည်းပညာဆန်းသစ်မှုများကို တီထွင်ဖန်တီးအသုံးချပြီး နိုင်ငံတော်၏ ခရီးသွားကဏ္ဍကို အဆင့်အတန်းသစ်တစ်ခုထိ တက်လှမ်းနိုင်အောင် အတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတထံ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်းက ၂၀၂၆ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အထိမ်းအမှတ်လက်ဆောင်ကို နေရာအရောက် ဂါရဝပြုပေးအပ်သည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့် တက်ရောက်လာကြသူများသည် ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူးချုပ် Ms. Shaikha Al Nuwais ၏ သတင်းစကားရုပ်သံဗီဒီယိုနှင့် မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသော ခရီးသွားလုပ်ငန်းအမျိုးအစား Video ကိုလည်းကောင်း၊ အနုပညာဦးစီးဌာနမှ အနုပညာရှင်များ၏ "ခရီးသွားခြင်းနှင့်ကမ္ဘာ" သီချင်းဖြင့် သီဆိုကပြဖျော်ဖြေမှုကိုလည်းကောင်း ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဒုတိယသမ္မတက ဝန်ဆောင်မှု စွမ်းဆောင်ရည် အကောင်းဆုံးဆုရရှိသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဟိုတယ်များ၊ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဟိုတယ်များ၊ ခရီးလှည့်လည်ရေးလုပ်ငန်းကုမ္ပဏီများနှင့် ၂၀၂၆ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ဆုရရှိကြသူများကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းက ၂၀၂၆ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ် Short Video ပြိုင်ပွဲ၊ စာတမ်းဖတ်ပြိုင်ပွဲနှင့် ဆောင်းပါးပြိုင်ပွဲတွင် ဆုရရှိကြသူများကိုလည်းကောင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးက ၂၀၂၆ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အထိမ်းအမှတ် အဆင့်မြင့်ပညာအဆင့်နှင့် အခြေခံပညာအဆင့် စာစီစာကုံးပြိုင်ပွဲများတွင် ဆုရရှိကြသူများကိုလည်းကောင်း ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ဒုတိယသမ္မတသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး ၂၀၂၆ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ်အဖြစ် ခင်းကျင်းပြသထားသည့် ယဉ်ကျေးမှု၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနပြခန်း၊ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ MSME ထုတ်ကုန်ပြခန်းများ၊ မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်းချုပ်ပြခန်း၊ ဆုရရှိခဲ့ကြသည့် ဓာတ်ပုံ၊ ဆောင်းပါး၊ စာတမ်း၊ စာစီစာကုံး၊ ကုမ္ပဏီများနှင့်ဟိုတယ်များမှ ပြခန်းတို့ကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ်အခမ်းအနားများကို ကုလသမဂ္ဂခရီးသွားလုပ်ငန်းအဖွဲ့၏ ဦးဆောင်မှုဖြင့် ၁၉၈၀ ပြည့်နှစ်မှ စတင်ပြီး နှစ်စဉ်ကျင်းပပြုလုပ်ခဲ့ရာ ယခုနှစ်သည် (၄၆)နှစ်တိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

မြဝတီ

# ကုန်စည်စီးဆင်းမှု လွယ်ကူလုံခြုံမြန်ဆန်စေရေး ညောင်ခါးရှည် အမြဲတမ်းစစ်ဆေးရေးဂိတ်ကို ကြည့်ရှုစစ်ဆေး



ပဲခူး စက်တင်ဘာ ၂၇

စစ်ဆေးရေးဂိတ်များသည် လုံခြုံရေးနှင့် တရားမဝင်ကုန်သွယ်မှု ပပျောက်စေရေး၊ မူးယစ်ဆေးဝါးနှင့် အခြားကန့်သတ်ပစ္စည်းများ ဝင်ရောက်မှု မရှိစေရေးအတွက် ဖွင့်လှစ်ပေးထားခြင်းဖြစ်၍ တရားဥပဒေနှင့်အညီ ထိထိရောက်ရောက် ဆောင်ရွက်ရန်နှင့် တစ်ဖက်တွင်လည်း ခရီးသွားပြည်သူများနှင့် တရားဝင်ခွင့်ပြုထားသည့်ကုန်ပစ္စည်းများအား ငွေကြေးကောက်ခံမှုမရှိဘဲ လွယ်ကူလုံခြုံလျင်မြန်စွာ သယ်ယူပို့ဆောင်နိုင်ရေး ဥပဒေနှင့်အညီ ဆောင်ရွက်ပေးရန်ဖြစ်ကြောင်း ယနေ့နံနက်ပိုင်းတွင် ဝေါမြို့နယ် ညောင်ခါးရှည် (X-Ray) အမြဲတမ်းစစ်ဆေးရေးဂိတ်သို့ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမျိုးဆွေဝင်း သွားရောက်ကြည့်ရှုစစ်ဆေးစဉ် တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ မှာကြားခဲ့သည်။

ဆက်လက်၍ မူးယစ်တပ်ဖွဲ့စုမှူးနှင့် အကောက်ခွန်ဦးစီးဌာနတာဝန်ခံတို့က မူးယစ်ဆေးဝါးနှင့် တရားမဝင်ကုန်ပစ္စည်းများ ဖမ်းဆီးရရှိမှုနှင့် အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး ပဲခူးတိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးနှင့် ပဲခူးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးတို့က လိုအပ်သည်များအကြံပြုတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များဖြည့်စွက်မှာကြားပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ချီးမြှင့်ငွေများပေးအပ်ကာ ဝန်ထမ်းအိမ်ရာတည်ဆောက်နေမှုနှင့် ဝန်ထမ်းဆောင်များကို ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် ညောင်ခါးရှည် (X-Ray) အမြဲတမ်းစစ်ဆေးရေး ပို့ကုန်ဂိတ်နှင့် သွင်းကုန်ဂိတ်များ၌ ခရီးသွားများအား FRS စနစ်ဖြင့် စစ်ဆေးနေမှု၊ ကုန်စည်ပို့ဆောင်သည့် ယာဉ်များအား X-Ray စက်ကြီးများဖြင့် စစ်ဆေးနေမှု၊ မော်တော်ယာဉ်ငယ်များကို လူနှင့် Mobile X-Ray စက်များဖြင့် စစ်ဆေးဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ဥသာတိုင်းသား

## YBS ယာဉ်များတွင် စပယ်ယာတင်ဆောင်ခြင်း၊ ယာဉ်စီးခပိုမိုတောင်းခံခြင်းများပြုလုပ်ပါက ထုတ်ပယ်ယာဉ်လုပ်သားအဖြစ် သတ်မှတ်မည်

**ရန်ကုန် စက်တင်ဘာ ၂၇**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြေးဆွဲလျက်ရှိသည့် YBS ယာဉ်များတွင် စပယ်ယာတင်ဆောင် မောင်းနှင်ခြင်း၊ ယာဉ်စီးခပိုမိုတောင်းခံခြင်းများပြုလုပ်ပါက ထုတ်ပယ်ယာဉ်လုပ်သားအဖြစ်သတ်မှတ်ရန် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ညွှန်ကြားထားကြောင်း သိရသည်။

“YBS ယာဉ်လိုင်းတွေမှာ မူးယစ်ဆေးဝါးသုံးစွဲပြီး ယာဉ်ကိုမောင်းနှင်ခွင့်မပြုပါဘူး၊ ဒ့ါပြင် စပယ်ယာတင်ဆောင်မောင်းနှင်ပြီး ယာဉ်စီးခပိုမိုတောင်းခံတာတွေ့ရင် ထုတ်ပယ်ယာဉ်လုပ်သားအဖြစ် သတ်မှတ်ဖို့ကို တိုင်းဒေသကြီးအစိုးရအဖွဲ့က ညွှန်ကြားထားပြီးဖြစ်ပါတယ်။ ကောင်းမွန်တဲ့ ယာဉ်မောင်းတစ်ဦးကို ဘယ်သူမှအကြောင်းမဲ့ထုတ်ပယ်လို့မရပါဘူး။ စည်းကမ်းဖောက်ဖျက်တဲ့ ယာဉ်မောင်းကို ထုတ်ပယ်ယာဉ်လုပ်သားအဖြစ် သတ်မှတ်မယ်ဆိုရင် ပထမဦးစွာစုံစမ်းစစ်ဆေးရေးခုံရုံးဖွင့်ပြီး သေချာစွာစစ်ဆေးမေးမြန်းပြီးမှ တင်ပြလာတဲ့အချက်တွေကို စီမံခန့်ခွဲမှုအစည်းအဝေးမှာ ဝိုင်းဝန်းဆုံးဖြတ်ပြီးမှသာ ထုတ်ပယ်ယာဉ်လုပ်သားအဖြစ် သတ်မှတ်ခွင့်ပြုတာဖြစ်ပါတယ်”ဟု YRTC တွဲဖက်အတွင်းရေးမှူး ဦးလျှန်ကျင့်မန်ကပြောသည်။

YBS ယာဉ်များယှဉ်ပြိုင်ကျော်တက်မောင်းနှင်ခြင်း၊ ဘေးတံခါးဖွင့်မောင်းနှင်ခြင်း၊ သုံးကြိမ်နှင့်အထက် စည်းကမ်းဖောက်ဖျက်သည့် YBS ယာဉ်မောင်းများအား အသိပညာပေးဆွေးနွေးပွဲ (၈/၂၀၂၆)ကို တာမွေမြို့နယ်ရှိ YRTC ရုံး၌ ပြီးခဲ့သည့်ရက်ပိုင်းက ကျင်းပပြုလုပ်ခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ YBS ယာဉ်များသည် ခရီးသည် ၁ ဒသမ ၇ သန်းခန့်ကို နေ့စဉ်သယ်ယူပို့ဆောင်ပေးလျက်ရှိပြီး ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ (YRTC)သည် ဘေးကင်းလုံခြုံပြီး ဝန်ဆောင်မှုကောင်းမွန်သည့် အများပြည်သူသယ်ယူပို့ဆောင်ရေးစနစ် ဖြစ်ထွန်းလာရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဝန်းရံခ**

## မတ္တရာမြို့နယ်၌ ရေကြီးနစ်မြုပ်ခဲ့သည့် ငါးမွေးကန်များအတွက် ငါးသားပေါက်အကောင်ရေ ၄၇၀၀၀၀ ကျော်ပံ့ပိုးပေးအပ်



**မတ္တရာ စက်တင်ဘာ ၂၇**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံခရိုင် မတ္တရာမြို့နယ်၌ ဆည်တော်ကြီးဆည်ရေ ထိန်းညှိထုတ်လွှတ်မှုကြောင့် ရေကြီးနစ်မြုပ်ဆုံးရှုံးခဲ့သော ငါးမွေးမြူသည့် တောင်သူခုနစ်ဦး၏ ငါးမွေးကန်များအတွက် ၂ လက်မအရွယ် ငါးမြစ်ချင်းနှင့်ငါးခုံးမသားပေါက်အကောင်ရေ ၄၇၀၀၀၀ ကျော် ပံ့ပိုးပေးအပ်ပွဲကို စက်တင်ဘာလ ၂၆ ရက်က မတ္တရာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အောင်မြေသာစံခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးက အဖွင့်အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးထွန်းထွန်းဦးက ငါးသားပေါက်များ ပံ့ပိုးပေးအပ်ရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ရေကြီးနစ်မြုပ်ဆုံးရှုံးခဲ့သည့် ငါးမွေးကန်များအတွက် ငါးသားပေါက်များကို တာဝန်ရှိသူများက ပေးအပ်ရာ ဒေသခံငါးမွေးတောင်သူများက လက်ခံရယူကြသည်။

အဆိုပါအခမ်းအနားသို့ အောင်မြေသာစံခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူးနှင့် တာဝန်ရှိသူများ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်ကော်မတီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ငါးမွေးတောင်သူများ တက်ရောက်ကြကြောင်း သိရသည်။

**ရွှေရာသား**

## ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံ နေကြာစေ့ ၄၀၀၀ ခန့် မြောင်းမြမြို့နယ်၌ စိုက်ပျိုးရန်လျာထား

**မြောင်းမြ စက်တင်ဘာ ၂၇**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့နယ်၌ လာမည့် ဆောင်းသီးနှံ စိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံ နေကြာစေ့ ၄၀၀၀ ခန့် စိုက်ပျိုးရန်လျာထားကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်၏ ပြောပြချက်အရ သိရသည်။

လာမည့်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် မြောင်းမြမြို့နယ်၌ ဆီထွက်သီးနှံ နေကြာစေ့ ၄၀၀၀ ခန့် စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလပထမပတ်တွင် စတင်စိုက်ပျိုးမည်ဖြစ်သည်။

“မြောင်းမြမြို့နယ်အတွင်း လာမယ့် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ဆီထွက်သီးနှံ နေကြာစေ့ ၄၀၀၀ လောက် လျာထားစိုက်ပျိုးမှာပါ။ အန္တရာယ်ကင်းရှင်းပြီး သန့်ရှင်းလတ်ဆတ်တဲ့ဆီ စားသုံးနိုင်ဖို့နဲ့ ဒေသတွင်းစားသုံးဆီလိုအပ်ချက်ကိုဖြည့်ဆည်းဖို့ ဆီထွက်သီးနှံနေကြာကို စိုက်ပျိုးတာပါ။ လက်ရှိမှာ တောင်သူအသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်” ဟု ဒေါ်ခင်ဌေးမြင့်ကပြောသည်။

ဒေသခံတောင်သူများ ဆီထွက်သီးနှံနေကြာကို အခက်အခဲမရှိ စိုက်ပျိုးနိုင်စေရန်၊ စိုက်ပျိုးနည်းစနစ်များမှန်ကန်စေရန်၊ နေကြာမျိုးစေ့သုံးစွဲမှုမှန်ကန်စေရန်၊ ရေအသုံးချမှုမှန်ကန်စေရန်၊ မြေဆီလွှာပြုပြင်မှုမှန်ကန်စေရန် စသည့် တောင်သူအသိပညာပေးလုပ်ငန်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သုတကျော်**

## သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ



**ရွှေကျင် စက်တင်ဘာ ၂၇**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ရွှေကျင်မြို့နယ်၌ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်စေရေး၊ သစ်တောပြုန်းတီးမှုမဖြစ်ပေါ်စေရေးနှင့် ကာကွယ်ထိန်းသိမ်းနိုင်ရေး ရွှေကျင်မြို့နယ်သစ်တောဦးစီးဌာနမှ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို စက်တင်ဘာလ ၂၆ ရက်က ကျင်းပသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် ရွှေကျင်မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇေယျာဟိန်းနှင့် ကော်မတီဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးမှူး ဦးနိုင်ဦးတို့က ဌာနဆိုင်ရာတာဝန်ရှိသူများထံ ပျိုးပင်များပေးအပ်ပြီး တက်ရောက်လာသူများက စုပေါင်းသစ်ပင်စိုက်ပျိုးကြသည်။

ရွှေကျင်မြို့နယ် သစ်တောဦးစီးဌာနအနေဖြင့် သစ်တောသစ်ပင်များ ထိန်းသိမ်းခြင်း၊ သစ်တောစိုက်ခင်းများ ထူထောင်ခြင်းဖြင့် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်၍ ဒေသအပူချိန်လျှော့ချနိုင်စေရန်နှင့် ဂေဟစနစ်ပြုပြင်ထိန်းသိမ်းဆောင်ရွက်နိုင်စေရန် မန်ကျည်းရှား၊ မဟော်ဂနီနှင့်ခရေ စုစုပေါင်း ပျိုးပင် ၂၅၀ ကို စိုက်ပျိုးကြသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇေယျာဟိန်းနှင့်ကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ သစ်တောဦးစီးဌာနမှ ဝန်ထမ်းများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြကြောင်း သိရသည်။

**ထွန်းထွန်းဇော်(ပြန်/ဆက်)**




## မိသားစုဝင်ငွေတိုးပွားရေး Resin Handmade ပြုလုပ်နည်းသင်တန်းဖွင့်

**ဒေးဒရဲ စက်တင်ဘာ ၂၇**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဒေးဒရဲမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အမျိုးသမီးများ အိမ်တွင်းမှုလုပ်ငန်းများ တစ်နိုင်တစ်ပိုင်ဆောင်ရွက်ခြင်းဖြင့် မိသားစုဝင်ငွေတိုးပွားစေရေး ရည်ရွယ်၍ Resin Handmade ပြုလုပ်နည်းသင်တန်းကို စက်တင်ဘာလ ၂၆ ရက်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ဖွင့်လှစ်သည်။

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြင့်မြင့်ခိုင်က မြို့နယ်အတွင်းရှိ အမျိုးသမီးများ တစ်နိုင်တစ်ပိုင်အိမ်တွင်းမှုလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် မိသားစုအပိုဝင်ငွေတိုးပွားစေရန် သင်တန်းကို ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ဦးစီးအရာရှိ ဒေါ်မြင့်မြင့်ခိုင်နှင့်တာဝန်ရှိသူများက သင်တန်းတက်ရောက်လာသူများအား Resin ၏သဘောသဘာဝ၊ အချိုးကျဖျော်စပ်နည်းများ၊ အရောင်စပ်နည်းများ၊ Resin Handmade ပြုလုပ်ပါက လိုအပ်သည့် Tool နှင့် ကုန်ကြမ်းပစ္စည်းများ၊ အသုံးအဆောင်ပစ္စည်းများ ပြုလုပ်နည်းတို့ကို သင်ကြားပြသပေးကြောင်း သိရသည်။ **အေဇာလင်း**

# ပွင့်ဖြူမြို့နယ်၌ ဆီထွက်သီးနှံနေကြာစိုက်ခင်းများ စတင်ရိတ်သိမ်း



**ပွင့်ဖြူ စက်တင်ဘာ ၂၇**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ မိုးသီးနှံစိုက်ပျိုးရာသီတွင် စိုက်ပျိုးခဲ့သည့် ဆီထွက်သီးနှံ နေကြာစိုက်ခင်းများကို ဒေသခံတောင်သူများက စက်တင်ဘာလ ဒုတိယပတ်မှစတင်ရိတ်သိမ်းခြွေလှေ့လျက်ရှိကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှသိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ပွင့်ဖြူမြို့နယ်မှာ နေကြာ ၁၁၂၁ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိမှာတော့ အဲဒီစိုက်ပျိုးထားတဲ့နေကြာစိုက်ခင်းတွေကို ရိတ်သိမ်းခြွေလှေ့လျက်ရှိပြီး ဒီနေ့ထိ ဧက ၂၂၀ ကျော်လောက်ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ နေကြာသီးနှံက အောင်မြင်ဖြစ်ထွန်းမှုရှိတာကြောင့် ပြီးခဲ့တဲ့နှစ်ကလိုပဲ သီးနှံအထွက်နှုန်း ကောင်းမွန်ပါတယ်"ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေကပြောပြသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ်မိုးသီးနှံနေကြာ စိုက်ပျိုးတောင်သူများကို စိုက်ပျိုးရေးဦးစီးဌာနက သီးနှံအထွက်နှုန်း တိုးတက်ရေးနှင့် သီးနှံပိုးမွှားရောဂါကြိုတင်ကာကွယ်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်အောင် ပံ့ပိုးကူညီပေးခြင်း၊ စိုက်ပင်အရေအတွက် ပြည့်မီစေရန် စိုက်ပျိုးရေး အသိပညာပေး ဆောင်ရွက်ပေးခြင်း စသည့် တောင်သူပညာပေးလုပ်ငန်းများကို ပံ့ပိုးကူညီ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

နေကြာကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းဆီစားသုံးမှုကို ဖူလုံစေရုံမျှမက ပိုလျှံသောသီးနှံများကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းဆောင်ရွက်သင့်ကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

# ပလတ်စတစ်သုံးစွဲမှုမရှိရေးအသိပညာပေး

**သာပေါင်း စက်တင်ဘာ ၂၇**

ဧရာဝတီ တိုင်းဒေသကြီး သာပေါင်းမြို့နယ် မြို့စည်ပင်သာယာရေးအဖွဲ့ပိုင် သီရိရွှေသာဈေးအတွင်း၌ ပြည်သူများ ပလတ်စတစ်သုံးစွဲမှု လျှော့နည်းစေရေးအတွက် ပလတ်စတစ်အိတ်သုံးစွဲမှုမရှိစေရေးနှင့် အစားထိုးသုံးစွဲလိုက်နာဆောင်ရွက်မှုရှိစေရေး အသိပညာပေးခြင်းကို စက်တင်ဘာလ ၂၇ ရက် နံနက်ပိုင်းတွင် ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒေါ်ခင်ခင်သိန်းနှင့်ဝန်ထမ်းများက သီရိရွှေသာဈေးအတွင်း ဈေးရောင်းချသူများ အနေဖြင့် ပလတ်စတစ်အိတ်သုံးစွဲမှု ရှိ၊ မရှိစစ်ဆေးပြီး"သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းဖို့ ပလတ်စတစ်သုံးစွဲမှုရှောင်ရှားစို့"ဟူသောဆောင်ပုဒ်နှင့်အညီ ပတ်ဝန်းကျင်ညစ်ညမ်းစေသည့်ပလတ်စတစ်အိတ်သုံးစွဲမည့်အစား အင်ဖက်၊ သတင်းစာစက္ကူ၊ ပိန်းရွက် အစရှိသည့် အစားထိုးပစ္စည်းများဖြင့် ထုပ်ပိုးသုံးစွဲကြရန် ပြည်သူများအား အသိပညာပေးစစ်ဆေးဆောင်ရွက်ကြကြောင်း သိရသည်။

**သိန်းမြင့်မျိုးဦး(ပြန်/ဆက်)**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၈-၉-၂၀၂၆(တနင်္လာနေ့)

| | | |
|---|---|---|
| ၁။ | ၀၆:၀၃ | တရားတော် |
| ၂။ | ၀၆:၅၀ | ဓမ္မပူဇာတေး |
| ၃။ | ၀၇:၁၀ | ကိုယ်လက်လှုပ်ရှားအားကစား |
| ၄။ | ၀၈:၃၀ | မောင်မယ်လေးများသိစေချင် |
| ၅။ | ၀၉:၂၅ | တစ်ချိန်ကသူတို့အကြောင်း |
| ၆။ | ၁၁:၁၀ | ကမ္ဘာ့ရေးရာ မှတ်သားစရာ |
| ၇။ | ၁၂:၁၅ | လေးစားအတုယူစံနမူနာသူရဲကောင်းများ |
| ၈။ | ၁၂:၃၀ | မြန်မာသံစဉ်ချိုနားဝင် |
| ၉။ | ၁၃:၁၅ | တစ်ပတ်အတွင်း ထိပ်တန်းရောက် ကမ္ဘာ့သတင်းသုံးသပ်ချက် |
| ၁၀။ | ၁၃:၂၅ | အမှတ်တရနေ့ရက်များ |
| ၁၁။ | ၁၄:၁၅ | နိုင်ငံတော်အတွက်အား MSME လုပ်ငန်းများ |
| ၁၂။ | ၁၄:၅၀ | မှတ်သားလိုက်နာ ပုံပမာ |
| ၁၃။ | ၁၇:၁၅ | နှုပ်ပျိုလှပကျန်းမာဖို့ လမ်းလျှောက်ကြပါစို့ |
| ၁၄။ | ၁၈:၃၅ | ကျန်းမာသုတ |
| ၁၅။ | ၁၈:၄၀ | ကဏ္ဍစုံလင်ဖွံ့ဖြိုးရေး ဖြည့်ဆည်းစီမံဆောင်ရွက်ပေး |
| ၁၆။ | ၁၉:၀၀ | **နိုင်ငံခြားဇာတ်လမ်းတွဲ နတ်စုံထောက် – ဒီရင်ကျယ် အပိုင်း(၃၇)** |

# လှိုင်ကော်မြို့နယ်၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ၅၀ ရာခိုင်နှုန်းကျော်ဆောင်ရွက်ပြီးစီး

**လှိုင်ကော် စက်တင်ဘာ ၂၇**

ကယားပြည်နယ် လှိုင်ကော်မြို့နယ် သတ္တပလူကျေးရွာ၊ မထောခူ(ပေါ်)ကျေးရွာနှင့် ကန်နီကျေးရွာတို့၌ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ၅၀ ရာခိုင်နှုန်းကျော် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို စက်တင်ဘာလ ၂၇ ရက် နံနက်ပိုင်းတွင် ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် လှိုင်ကော်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး၊ မြို့နယ်ဦးစီးမှူးနှင့် အင်ဂျင်နီယာဝန်ထမ်းများကသတ္တပလူကျေးရွာ၌ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၁၁၉ ဒသမ ၈၉၀ သန်းဖြင့် လမ်းအရှည် ၆ ဒသမ ၉၆ ဖာလုံ၊ အကျယ် ၁၈ ပေ၊ ထု ၉ လက်မရှိ လယ်ယာကုန်ထုတ်လမ်းအမှတ်(၁) ဖောက်လုပ်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများသည်မထောခူ(ပေါ်)ကျေးရွာနှင့် ကန်နီကျေးရွာတို့၌ ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၁၁၀ ဒသမ ၇၈ သန်းဖြင့် အလျား ၁၀ ပေ၊ အနံ ၁၃ ပေ၊ အမြင့် ၁၉ ပေရှိ ရေသန့်စင်စက်ရုံ တည်ဆောက်ခြင်းနှင့် ရေသန့်စက်တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ခရိုင်ဦးစီးမှူးက တင်ဒါအောင်မြင်သည့် ကုမ္ပဏီမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးအလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားပြီး ကျေးရွာတင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်နယ်ခွင့်ပြုရန်ပုံငွေများအသုံးပြု၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မောင်ခိုင်**

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

( က ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဌက္ကဋ္ဌရုံး (နေပြည်တော်)
(၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

( ခ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

( ဂ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
(၁) ၀၉-၃၄၉၀၃၅၃၄
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၅၃၄

( ဃ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
(၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၆၆၈၇၈၈၁၁၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
(၁) ၀၅၈-၂၀၂၃၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

( စ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
(၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄

( ဆ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၁၆၆၅၂၅၁

( ဇ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

( ဈ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

( ည ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

( ဋ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

( ဌ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

( ဍ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

( ဎ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

( ဏ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

( တ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# တိတ်တဆိတ်ဖြစ်ပွားနိုင်သောအဆုတ်ကင်ဆာနှင့်စောစီးစွာစစ်ဆေးခြင်း

အဆုတ်ကင်ဆာသည် အဆုတ်တွင် စတင်ဖြစ်ပွားသော ကင်ဆာတစ်မျိုးဖြစ်သည်။ ကမ္ဘာတစ်ဝန်း၌ ကင်ဆာဖြစ်ပွားမှုနှင့်သေဆုံးမှုနှုန်း၏ အဓိကအကြောင်းရင်းဖြစ်သည်။

အဆုတ်ကင်ဆာသည် အစောပိုင်းအဆင့်တွင်ရောဂါလက္ခဏာ သိသာထင်ရှားစွာမပြဘဲ အချိန်ကြာမြင့်စွာ တိတ်တဆိတ်ဖြစ်ပွားနိုင်ပြီး ရောဂါအဆင့်မြင့်လာသောအခါတွင် နောက်ကျမှရောဂါရှာဖွေတွေ့ရှိရတတ်သောကြောင့် အသံတိတ်လူသတ်သမားဟု မကြာခဏခေါ်ဆိုလေ့ရှိသည်။ လက္ခဏာများ ပေါ်လာသည့်အချိန်တွင် ရောဂါအခြေအနေမှာ တော်တော်အဆင့်မြင့်နေပြီဖြစ်နိုင်ပါသည်။ ထို့ကြောင့် အန္တရာယ်မြင့်မားသူများအတွက် ရောဂါလက္ခဏာမပေါ်မီ စောစီးစွာစစ်ဆေးခြင်း (screening) သည် အသက်ကယ်နိုင်သောနည်းလမ်းတစ်ခုဖြစ်သည်။

**ရောဂါလက္ခဏာများ**

အဆုတ်ကင်ဆာအများစုသည် ပျံ့နှံ့သွားသည်အထိ မည်သည့်လက္ခဏာမှမပြသော်လည်း တချို့တွင် အစောပိုင်း ရောဂါလက္ခဏာများပြသလေ့ရှိသည်။ အဖြစ်အများဆုံးလက္ခဏာများတွင် ချောင်းဆိုးမပျောက်ဘဲ ပိုဆိုးလာခြင်း၊ ချောင်းဆိုးသွေးပါခြင်းနှင့် သံချေးရောင်သလိပ်ထွက်ခြင်း၊ အသက်ရှူမြန်ခြင်း၊ ရင်ဘတ်အောင့်ခြင်း၊ အသံဝင်ခြင်း၊ အစာစားချင်စိတ်မရှိခြင်း၊ အကြောင်းရင်းမရှိဘဲ ကိုယ်အလေးချိန်ကျခြင်း၊ အသက်ရှူကျပ်ခြင်း၊ မောပန်းနွမ်းနယ်ခြင်း သို့မဟုတ် အားနည်းခြင်း၊ မကြာခဏအဆုတ်ရောင်ခြင်းတို့ပါဝင်သည်။

**စစ်ဆေးသင့်သူများ**

အဆုတ်ကင်ဆာစစ်ဆေးခြင်းကို လူတိုင်းအတွက် ပုံမှန်ပြုလုပ်ရန်မလိုအပ်သော်လည်း အဓိကအားဖြင့် အဆုတ်ကင်ဆာဖြစ်နိုင်ခြေအန္တရာယ်များသူများအတွက် စောစီးစွာစစ်ဆေးသင့်သည်။ အမေရိကန်ပြည်ထောင်စု၏ US Preventive Services Task Force က အောက်ပါအချက်(၃)ချက်နှင့် ကိုက်ညီသူများကို နှစ်စဉ် Low-Dose CT ဖြင့် အဆုတ်ကင်ဆာစစ်ဆေးရန် အကြံပြုထားသည်။ အသက် ၅၀ မှ ၈၀ နှစ်အတွင်းရှိသူများ၊ လက်ရှိဆေးလိပ်သောက်နေသူ သို့မဟုတ် လွန်ခဲ့သော ၁၅ နှစ်အတွင်း ဆေးလိပ်ဖြတ်ထားသူ၊ တစ်သက်တာဆေးလိပ်သောက်သုံးမှု 20 pack-years (တစ်နေ့လျှင် ဆေးလိပ်တစ်ဘူးကို နှစ် ၂၀ သောက်ခဲ့ခြင်း သို့မဟုတ် တစ်နေ့လျှင် ဆေးလိပ်နှစ်ဘူးကို ၁၀ နှစ်သောက်ခဲ့ခြင်း) အနည်းဆုံးရှိသူများသည် နှစ်စဉ် အဆုတ်ကင်ဆာစစ်ဆေးရန်လိုအပ်ခြင်း ရှိ၊ မရှိကို ဆရာဝန်နှင့် ဆွေးနွေးသင့်ကြောင်း အကြံပြုထားသည်။

> **"ကမ္ဘာ့လူဦးရေတွင် အဆုတ်ကင်ဆာဖြစ်ပွားမှု၏ ၁၅ ရာခိုင်နှုန်းမှ ၂၅ ရာခိုင်နှုန်းခန့်သည် ဆေးလိပ်မသောက်ဖူးသူများဖြစ်သည်။ လေထုညစ်ညမ်းမှုနှင့်ထိတွေ့ခြင်း၊ အက်စ်ဘက်စတော့စ်နှင့် အာဆင်နစ်၊ ခရိုမီယမ်၊ နီကယ်၊ ဒီဇယ်မီးခိုးငွေ့ စသည့် တခြားအလုပ်ခွင်ဓာတုပစ္စည်းများနှင့် ထိတွေ့ခြင်းသည် ဆေးလိပ်မသောက်သူများတွင် အဆုတ်ကင်ဆာဖြစ်စေသော အဓိကအကြောင်းရင်းတစ်ခုဖြစ်သည်။ တစ်ဆင့်ခံဆေးလိပ်ငွေ့ကိုရှူရှိုက်ရခြင်းသည် ဆေးလိပ်မသောက်သူများတွင် အဆုတ်ကင်ဆာဖြစ်နိုင်ခြေ ၂၀ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းအထိ မြင့်တက်စေနိုင်ပါသည်. . ."**

**စစ်ဆေးမှုကိုရပ်တန့်နိုင်သော အခြေအနေများ**

ဆေးလိပ်ဖြတ်ပြီး ၁၅ နှစ်ပြည့်သွားသူများ၊ အသက် ၈၀ ကျော်သူများ၊ ကင်ဆာတွေ့ရှိပါက ကုသမှုခံယူရန်မဖြစ်နိုင်လောက်အောင် ကျန်းမာရေးအခြေအနေမကောင်းသူများဖြစ်ပါက စစ်ဆေးမှုကို ရပ်တန့်နိုင်သည်။

**ရင်ဘတ်ဓာတ်မှန်အစား Low-Dose CT ကိုအသုံးပြုခြင်း**

Low-Dose CT သည် ပုံမှန်ရင်ဘတ်ဓာတ်မှန် (Chest X-ray) ထက် အဆုတ်၏ အသေးစိတ်ပုံရိပ်များကို ပိုမိုရှင်းလင်းစွာ တွေ့ရှိနိုင်သဖြင့် အဆုတ်အတွင်းရှိ အလွန်သေးငယ်သောအဖုအကျိတ်များကို ရောဂါလက္ခဏာမပေါ်မီ ရှာဖွေနိုင်သည်။ ကင်ဆာကို အစောပိုင်းအဆင့်တွင် တွေ့ရှိပါက ရွေးချယ်စရာကုသမှုများ ပိုမိုရရှိနိုင်ပြီး ကုသမှုအောင်မြင်နိုင်ခြေလည်း ပိုကောင်းလာနိုင်သည်။ Low-Dose CT သည် ပုံမှန်ရောဂါရှာဖွေသော CT စကင်ထက် ရောင်ခြည်ထိတွေ့မှုနည်းပါးသည်။ CT စစ်ဆေးခြင်းဖြင့် အစောပိုင်းရောဂါရှာဖွေတွေ့ရှိခြင်းသည် အန္တရာယ်များသော လူဦးရေတွင် အဆုတ်ကင်ဆာကြောင့် သေဆုံးမှုကို ၁၄ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းအထိ လျှော့ချပေးနိုင်ကြောင်း တွေ့ရသည်။

**စစ်ဆေးမှုရလဒ်ပုံမှန်မဟုတ်ခြင်း**

Low-Dose CT စကင်ရလဒ်ပုံမှန်မဟုတ်ခြင်းသည် ကင်ဆာရှိသည်ဟု အတည်ပြုခြင်းမဟုတ်ပါ။ အဆုတ်အတွင်းတွေ့ရသော အဖုအကျိတ်အများစုသည် ကင်ဆာမဟုတ်ဘဲ အန္တရာယ်မရှိသော အဖုအကျိတ်များလည်း (benign nodules) ဖြစ်နိုင်သည်။ ပုံမှန်မဟုတ်သောရလဒ်ရရှိပါက CT စကင်ထပ်မံစစ်ဆေးခြင်း၊ အသားစ(biopsy) ထုတ်ယူစစ်ဆေးခြင်းနှင့် တခြားစစ်ဆေးမှုများပြုလုပ်ခြင်းတို့လိုအပ်နိုင်သည်။ ထိုသို့ ထပ်မံစစ်ဆေးရမှုများကြောင့် စိုးရိမ်ပူပန်မှုများလည်း ဖြစ်ပေါ်နိုင်သည်။ ထို့ကြောင့် ဖြစ်နိုင်ခြေများသူများကိုသာ ရွေးချယ်စစ်ဆေးသင့်ပါသည်။

**ဆေးလိပ်မသောက်ဖူးသူများတွင် ဖြစ်နိုင်သောအဆုတ်ကင်ဆာ**

ကမ္ဘာ့လူဦးရေတွင် အဆုတ်ကင်ဆာဖြစ်ပွားမှု၏ ၁၅ ရာခိုင်နှုန်းမှ၂၅ ရာခိုင်နှုန်းခန့်သည် ဆေးလိပ်မသောက်ဖူးသူများဖြစ်သည်။ လေထုညစ်ညမ်းမှုနှင့်ထိတွေ့ခြင်း၊ အက်စ်ဘက်စတော့စ်နှင့် အာဆင်နစ်၊ ခရိုမီယမ်၊ နီကယ်၊ ဒီဇယ်မီးခိုးငွေ့ စသည့် တခြားအလုပ်ခွင် ဓာတုပစ္စည်းများနှင့် ထိတွေ့ခြင်းသည် ဆေးလိပ်မသောက်သူများတွင် အဆုတ်ကင်ဆာဖြစ်စေသော အဓိကအကြောင်းရင်းတစ်ခုဖြစ်သည်။ တစ်ဆင့်ခံ ဆေးလိပ်ငွေ့ကိုရှူရှိုက်ရခြင်းသည် ဆေးလိပ်မသောက်သူများတွင် အဆုတ်ကင်ဆာဖြစ်နိုင်ခြေ ၂၀ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းအထိ မြင့်တက်စေနိုင်ပါသည်။ မိသားစုတွင် အဆုတ်ကင်ဆာဖြစ်ဖူးခြင်း၊ ယခင်က ရင်ဘတ်တွင် ဓာတ်ရောင်ခြည်ကုသမှု ခံယူဖူးခြင်းနှင့် နာတာရှည် အဆုတ်ရောဂါတချို့ရှိခြင်းသည် ဆေးလိပ်မသောက်ဖူးသူများတွင် အဆုတ်ကင်ဆာဖြစ်နိုင်သော အန္တရာယ်ရှိသည်။

ဆေးလိပ်သောက်သုံးမှု မှတ်တမ်းသည် ပုံမှန်အဆုတ်ကင်ဆာစစ်ဆေးမှု လိုအပ်ချက်၊ ဆုံးဖြတ်ရာတွင် အရေးကြီးဆုံးဖြစ်သည်။ မိသားစုကျန်းမာရေးရာဇဝင်၊ အလုပ်ခွင်တွင် ဓာတုပစ္စည်းများနှင့်ထိတွေ့မှု၊ ယခင်က ရင်ဘတ်တွင် ဓာတ်ရောင်ခြည်ကုသမှုခံယူဖူးခြင်း၊ လေထုညစ်ညမ်းမှုနှင့်ထိတွေ့မှု၊ နာတာရှည် အဆုတ်ရောဂါများရှိခြင်း စသည့်အန္တရာယ်အချက်များစွာရှိသူများသည် အဆုတ်ကင်ဆာဖြစ်နိုင်ခြေနှင့် Low-Dose CT စစ်ဆေးရန် သင့်၊ မသင့်ကို ဆရာဝန်နှင့် ဆွေးနွေးသင့်ပါသည်။

လက်ရှိ ဆေးလိပ်သောက်နေသူများအတွက် အဆုတ်ကင်ဆာစစ်ဆေးခြင်းသည် ဆေးလိပ်ဖြတ်ခြင်းကိုအစားမထိုးနိုင်ပါ။ ဆေးလိပ်ဖြတ်ခြင်းသည် အဆုတ်ကင်ဆာအပြင် နှလုံးရောဂါ၊ လေဖြတ်ခြင်း၊ နာတာရှည်အဆုတ်ရောဂါ စသည့် တခြားပြင်းထန်သောရောဂါများဖြစ်နိုင်ခြေကိုလည်း လျှော့ချနိုင်သည့်နည်းလမ်းများထဲမှတစ်ခုဖြစ်သည်။

**ကုသမှုနည်းလမ်းများ**

မကြာသေးမီကအထိ အဆုတ်ကင်ဆာအတွက် ရိုးရာကုသမှု ရွေးချယ်စရာနည်းလမ်းများတွင် ခွဲစိတ်ကုသမှု၊ ဓာတုကုထုံးနှင့်ရောင်ခြည်ကုထုံးတို့ပါဝင်သည်။ အဆုတ်ကင်ဆာလူနာအများစုကို ရောဂါအဆင့်မြင့်လာသောအခါ နောက်ကျမှ ရောဂါရှာဖွေတွေ့ရှိရတတ်သောကြောင့် ကုသမှုများသည် လုံးဝပျောက်ကင်းရန် မဖြစ်နိုင်သော်လည်း ရှင်သန်နှုန်းကို သိသိသာသာတိုးတက်စေပြီး ရောဂါလက္ခဏာများကို သက်သာစေနိုင်သည်။ ကိုယ်ခံအားကုထုံးသည် လူတစ်ဦး၏ ကိုယ်ပိုင်ခုခံအားစနစ်က ကင်ဆာကိုဖယ်ရှားရန် သို့မဟုတ် ထိန်းချုပ်ရန်ကူညီပေးသည့် ကုသမှုအမျိုးအစားဖြစ်သည်။ ရိုးရာကုသမှုများသည် ကင်ဆာဆဲလ်များနှင့် ကျန်းမာသောဆဲလ်များကို ထိခိုက်စေနိုင်သည့်နည်းလမ်းများဖြင့် အဆုတ်ကင်ဆာဆဲလ်များကိုတိုက်ဖျက်ခြင်းဖြစ်သည်။ ကိုယ်ခံအားကုထုံးသည် ခန္ဓာကိုယ်၏ သဘာဝခုခံအားများကို အသုံးပြု၍ ကင်ဆာကိုတိုက်ဖျက်ရန် ကူညီပေးသောကြောင့် ပိုမိုထိရောက်သော ကုသမှုရွေးချယ်မှုတစ်ခုဖြစ်လာနိုင်ပြီး တစ်ခါတစ်ရံတွင် ရောဂါကို နှစ်ပေါင်းများစွာ ထိန်းချုပ်နိုင်သည်။ ခန္ဓာကိုယ်၏ ကိုယ်ခံအားစနစ်က ကင်ဆာဆဲလ်များကိုမှတ်မိပြီး ဖျက်ဆီးရန်သင်ကြားပေးခြင်းသည် အဆုတ်ကင်ဆာကိုကုသရာတွင် အဆိပ်အတောက်နည်းသော နည်းလမ်းတစ်ခုဖြစ်ပြီး ကျန်းမာသောဆဲလ်များကို ထိခိုက်နိုင်ခြေနည်းပါးသည်။ လေ့လာမှုများအရ ကိုယ်ခံအားကုထုံးဖြင့် ကုသမှုခံယူသောလူနာများ၏ ရှင်သန်နှုန်းမြင့်တက်လာပြီး သေဆုံးမှုနှုန်းကိုလည်း တစ်နှစ်လျှင် ၂ ဒသမ ၅ ရာခိုင်နှုန်းခန့် လျော့ကျစေကြောင်း ပြသထားသည်။ ကင်ဆာကို အစောပိုင်းအဆင့်တွင် တွေ့ရှိပါက ရွေးချယ်စရာကုသမှုများ ပိုမိုရရှိနိုင်ပြီး ကုသမှုအောင်မြင်နိုင်ခြေလည်း ပိုကောင်းလာနိုင်ပါသည်။

အချုပ်ဆိုရသော် အဆုတ်ကင်ဆာရောဂါရှာဖွေတွေ့ရှိပြီးနောက် မည်မျှကြာကြာအသက်ရှင်နိုင်မည်ကို ဆရာဝန်များအပါအဝင် မည်သူမျှ အတိအကျမပြောနိုင်ပါ။ သို့သော် အဓိကခန့်မှန်းချက်တစ်ခုမှာ ကင်ဆာကို မည်မျှစောစီးစွာတွေ့ရှိခဲ့သည်ဆိုသည့်အချက်ဖြစ်သည်။ သို့ဖြစ်၍ အဆုတ်ကင်ဆာဖြစ်နိုင်ခြေအန္တရာယ်များသူများအတွက် စောစီးစွာစစ်ဆေးခြင်းသည် ရောဂါပျောက်ကင်းနိုင်ခြေရှိသည့် အစောပိုင်းအဆင့်တွင် တွေ့ရှိခြင်းဖြင့် အဆုတ်ကင်ဆာရှင်သန်နှုန်းကို သိသိသာသာမြှင့်တင်ပေးနိုင်သည့်အလားအလာရှိကြောင်း ကျန်းမာရေးသုတမျှဝေလိုက်ရပါသည်။

**သတိပြုရန်**

ဆေးလိပ်မသောက်သူများတွင် ချောင်းဆိုးမပျောက်ခြင်း သို့မဟုတ် ပိုဆိုးလာခြင်း၊ ချောင်းဆိုးသွေးပါခြင်း၊ အသက်ရှူမဝခြင်း၊ ရင်ဘတ်နာခြင်း၊ အကြောင်းရင်းမရှိဘဲ ကိုယ်အလေးချိန်ကျခြင်း၊ အစာစားချင်စိတ်လျော့နည်းခြင်း၊ အမြဲတမ်းလိုလိုမောပန်းခြင်း သို့မဟုတ် အားနည်းခြင်း၊ မကြာခဏအဆုတ်ရောဂါဖြစ်ခြင်း စသည့်လက္ခဏာများ ဖြစ်ပေါ်နေပါက ဆရာဝန်နှင့် စစ်ဆေးမှုခံယူသင့်သည်။

*ဒေါက်တာသီဂီကျော်*

# ဇလွန်မြို့နယ်၌ နာနတ်သီးများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်



ဇလွန် စက်တင်ဘာ ၂၇

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်၌ နာနတ်သီးများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း ဇလွန်မြို့နယ်မှ သစ်သီးမျိုးစုံရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်ခင်သူဇာ၏ပြောပြချက်အရ သိရသည်။

ဇလွန်မြို့နယ် သစ်သီးဈေးကွက်၌ စက်တင်ဘာလတတိယပတ်မှ လက်ရှိအချိန်ထိ နာနတ်သီးများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါဒေသ၌ တစ်ရက်လျှင် နာနတ်သီးအလုံးရေ ၂၅၀၀၀ ကျော်အထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"ဇလွန်မြို့နယ်ကနေထွက်ရှိတဲ့ နာနတ်သီးတွေ အဝယ်လိုက်နေပါတယ်။ တခြားဒေသဈေးကွက်က ဝယ်လက်တွေကပါ အဝယ်များနေပါတယ်။ လက်ရှိ တစ်ရက်ကို နာနတ်သီးအလုံးရေ ၂၅၀၀၀ ကျော်လောက် တင်ပို့ရောင်းချနေရပါတယ်။ နာနတ်သီးတွေက ပိုးမွှားကင်းရှင်းပြီး အရည်အသွေးကောင်းမွန်ပါတယ်။ ဒီနှစ် နာနတ်သီးတွေ အထွက်နှုန်းလည်း ကောင်းပါတယ်" ဟု ဒေါ်ခင်သူဇာကပြောသည်။

အဆိုပါ အရောင်းအဝယ်ကောင်းမွန်နေသည့် နာနတ်သီးများကို ဇလွန်ဈေးကွက်အပြင် တခြားဒေသဈေးကွက်များသို့လည်း တင်ပို့ရောင်းချလျက်ရှိခြင်းကြောင့် နာနတ်သီးစိုက်ပျိုးရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။ **သုတကျော်**

## ကော့ကရိတ်မြို့၌ ဆွမ်းဆန်စိမ်း လောင်းလှူပွဲကျင်းပ

**ကော့ကရိတ် စက်တင်ဘာ ၂၇**

ကရင်ပြည်နယ်ကော့ကရိတ်မြို့ တောင်ပေါ်ကျောင်းဘုန်းတော်ကြီး ကျောင်းဝင်းအတွင်း၌ အကြိမ် (၁၀၀) မြောက် ဆွမ်းဆန်စိမ်း လောင်းလှူပွဲကို စက်တင်ဘာလ ၂၆ ရက် မွန်းလွဲပိုင်းတွင် ကျင်းပသည်။

အဆိုပါဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် ကော့ကရိတ်မြို့နှင့် အနီးအနားပတ်ဝန်းကျင်ရှိ မြို့နယ်များမှရဟန်းသံဃာတော်များနှင့် သီလရှင်ဆရာကြီး၊ ဆရာလေးများအား ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေးဝါး အစရှိသည့် လှူဖွယ်ပစ္စည်းများ လောင်းလှူကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



## ကန့်ဘလူမြို့နယ်၌ မိုးသီးနှံစုံဧက ၅၀၆၀၀၀ ကျော်စိုက်ပျိုးပြီး

**ကန့်ဘလူ စက်တင်ဘာ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်အတွင်း စိုက်ပျိုးရေးကဏ္ဍတိုးတက်ရေးနှင့်လျာထားချက်ပြည့်မီကျော်လွန်ရေးအတွက် အဓိကသီးနှံမျိုးစုံကို ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် ၅၃၉၆၈၄ ဧကလျာထားစိုက်ပျိုးရာ ယခုအချိန်အထိ ဧက ၅၀၆၀၀၀ ကျော် စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန့်ဘလူမြို့နယ်အတွင်းစိုက်ပျိုးသော အဓိကသီးနှံများဖြစ်သည့် စပါး၊ မြေပဲ၊ နှမ်း၊ နေကြာ၊ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ ကြံနှင့်အစေ့ထုတ်ပြောင်း၊ ဖူးစားပြောင်းတို့အပြင် စားဖိုဆောင်သီးနှံ၊ နှစ်ရှည်သီးနှံ၊ ဥယျာဉ်ခြံသီးနှံများ စုံလင်စွာ စိုက်ပျိုးထုတ်လုပ်လျက်ရှိပြီး ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် အဓိကသီးနှံများအနက်စပါးဧက ၁၀၂၅၅၀၊ ပဲသီးနှံစုစုပေါင်း ၁၉၄၄၂၃ ဧက၊ ဆီထွက်သီးနှံပေါင်း ၆၃၀၂၂ ဧက၊ ကြံသီးနှံ ၂၉၈ ဧက၊ စားဖိုဆောင်သီးနှံ ၂၇ ဧက၊ အခြားသီးနှံပေါင်း ၁၀၉၇၉၁ ဧကနှင့်နှစ်ရှည်ပင်ပေါင်း ၃၆၆၁၂ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်သည်။

မြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည် ရာသီအလိုက်သီးနှံတို့ကို စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်လျက်ရှိပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် သီးနှံအထွက်နှုန်း တိုးတက်ကောင်းမွန်ရေး၊ ဒေသတွင်းမျိုးကောင်းမျိုးသန့်မျိုးစေ့ပွားများ စေရေး၊ နည်းပညာပေးသင်တန်းများ ဖွင့်လှစ်သင်ကြားပေးခြင်း၊ သီးနှံစုံအထွက်နှုန်းတိုးတက်ရေးနည်းပညာများ၊ တောင်သူများကိုယ်တိုင်ပြုလုပ်သုံးစွဲနိုင်သည့် သဘာဝပိုးသတ်ဆေး၊ အပင်အားဆေး ပြုလုပ်နည်းများကို အသိပညာပေးလျက်ရှိသည်။

ကန့်ဘလူမြို့နယ်အတွင်း သီးနှံစိုက်စွမ်းအားမြင့်မားရေးအတွက် သီးထပ်၊ သီးညှပ်တိုးချဲ့စိုက်ပျိုးရေး၊ သီးနှံထုတ်လုပ်မှု မြင့်မားရေးအတွက်ပန်းတိုင်အထွက်နှုန်းရရှိရေး၊ ပြည်တွင်းစားသုံးမှု ဖူလုံစေရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားထားမြှင့်တင်ပြီး ဒေသတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အောင်ဝင်းငြိမ်း(ကန့်ဘလူ)

## နိုင်ငံအားမာန် ဆည်တမံ

- ဆည်ရေမှသည်
  ပြည်သူလူထု၊ သောက်သုံးမှုသို့။
- ဆည်ရေမှသည်
  ပြည်သူလယ်မြေ၊ ယာတောမြေသို့။
- ရေရှင်းမြစ်မှသည်
  တိုင်းပြည်စွမ်းအား လျှပ်စစ်သို့။
- စိမ်းမြရေစင်၊ ကန်ရေပြင်ကြောင့်
  ဝန်းကျင်တစ်ခို စိမ်းလန်းစို။
- သုံးပါးရာသီ၊ မြန်မာပြည်၌
  ဆည်ရေမှသည် သီးထပ်သီးညှပ်သို့။
- မြန်မာပြည်တစ်ဝန်း၊ ဆည်ရေလွှမ်း၍
  ပြည့်ဝမ်းရိက္ခာ တိုးစေမည်။
- ဪ.....
  မြန်မာ့ဆည်တာတမံ၊ ပြည့်အားမာန်ဖြင့်
  နိုင်ငံတည်ဆောက်၊ ခေတ်တစ်လျှောက်မှာ
  ရေသောက်ရေယာ၊ တိုးချဲ့ကာဖြင့်
  မြန်မာပြည်ကြီး ဖွံ့ဖြိုးရေး။
  ယနေ့ရေချို ချွေတာရေး။
  ဟောပြောဆွေးနွေး ပညာပေး။ ။

**ဝိုင်းမောင်(မာန်အောင်)**

## ရွှေတောင်မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်း



**ရွှေတောင် စက်တင်ဘာ ၂၇**

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ်အတွင်း ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်စိုက်ပျိုးရေး၊ မွေးမြူရေးကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးနှင့်အဖွဲ့ဝင်များက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းအောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေများကို စက်တင်ဘာလ ၂၇ ရက် နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့စစ်ဆေးရာတွင် အိုးထိမ်းကုန်းကျေးရွာအုပ်စု ချော့ခေါ်ကျေးရွာကွင်းအမှတ် (၄၈၅ B) ဝွေးတောက်မြောင်ကွင်းအတွင်း တောင်သူ ဦးတင်ဝင်းပါနှစ်ဦးတို့၏ ပဲပုပ် ၅ ဧကစိုက်ခင်းတွင် နွားကျင်ငယ်ရည်ပက်ဖျန်းနေမှုအခြေအနေ၊ ရွှေတောင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ရွာသာယာ- နွားခြံကုန်း- မြို့မလမ်းမြေသားတာပေါင်ချဲ့ခြင်းနှင့် မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေ၊ နွားခြံကုန်းကျေးရွာအုပ်စု ကျွန်းတန်းရိုးကျေးရွာကွင်းအမှတ်(၄၄၂) မကျီးပင်ကွင်းအတွင်းမိုးမြေပဲ(ဆင်းပဒေသာ-၁၁)တစ်ကွင်းတစ်ဆက်တည်းဧက ၃၀၀ စိုက်ပျိုးထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် နွားခြံကုန်းကျေးရွာအုပ်စု ရွာသာယာကျေးရွာ ကွင်းအမှတ် (၄၄၀)၊ ရွာသာယာကွင်းအတွင်း တစ်ကွင်းတစ်ဆက်တည်း ယာ-၁၄ စပါးဧက ၁၀၀ စိုက်ခင်းအောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေ၊ မယားမာန်ကျေးရွာအုပ်စု ကွင်းအမှတ် (၄၇၇) မယားမာန်ကွင်းအတွင်းရှိ တောင်သူ ဦးဝင်းနိုင်ပါ သုံးဦးတို့၏ မိုးစပါးစိုက်လယ်မြေ ၁၀ ဧကအတွင်းရေဆင်းပေါ်ဆန်း-၂စပါးမျိုး စိုက်ပျိုးထားရှိမှု အခြေအနေ၊ ယွန်းတန်းရပ်ကွက်၊ အနောက်လက်ခုတ်တန်းလမ်းတွင် စက်ရက်ကန်းလုပ်ငန်း(MSMEs)လုပ်ကိုင်သူ ဦးကျော်မျိုးလင်း၏ စက်ရက်ကန်းစင်များဖြင့် စည်းလုံးချည်ရက်လုပ်နေမှုအခြေအနေတို့အား ကွင်းဆင်းစစ်ဆေးသည်။

ထို့နောက် ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်စိုက်ပျိုးရေး၊ မွေးမြူရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်စိုးက လိုအပ်သည်များကို သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သိရသည်။

ကိုကိုမင်း(ပြန်/ဆက်)

## မိုးရာသီရပ်ကွက်ပေါင်းစုံ ဘောလုံးပြိုင်ပွဲဆုပေးပွဲကျင်းပ

**ကျိုက်ထို စက်တင်ဘာ ၂၇**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် သိမ်ဇရပ်မြို့ နဝရတ်ဘောလုံးကွင်း၌ မြို့အုပ်ချုပ်ရေးမှူး(ဖလား) မိုးရာသီရပ်ကွက်ပေါင်းစုံဘောလုံးပြိုင်ပွဲဆုပေးပွဲကို စက်တင်ဘာလ ၂၆ ရက်မွန်းလွဲပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ နောက်ဆုံးဗိုလ်လုပွဲအဖြစ် ဝါးဒတ်ကွင်းဘောလုံးအသင်းနှင့် မြို့မရပ်ကွက်ဘောလုံးအသင်းတို့ယှဉ်ပြိုင်ကစားကြရာ မြို့မရပ်ကွက်ဘောလုံးအသင်းက အနိုင်ရရှိသည်။

ဆက်လက်၍ အခမ်းအနားကို ကျင်းပရာ ကျိုက်ထိုခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကံစောလှိုင်က အမှာစကား



ပြောကြားပြီး ပထမဆုရရှိသည့် မြို့မရပ်ကွက်ဘောလုံးအသင်းအား ဂုဏ်ပြုဆုဖလားနှင့် ဆုတံဆိပ်တို့ကိုပေးအပ်၍ဒုတိယဆု၊ တတိယဆုနှင့်နေရာအလိုက်အကောင်းဆုံးအားကစားသမားဆုများကို တာဝန်ရှိသူတို့မှအသီးသီးပေးအပ်ကြသည်။

အဆိုပါအခမ်းအနားသို့ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကံစောလှိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင့်လွင်နှင့်အဖွဲ့ဝင်များ၊ မြို့အုပ်ချုပ်ရေးမှူး ဦးစိုးသိန်းထွဋ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။ ပြည့်ဖြိုး(ပြန်/ဆက်)



**စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့ ခုတင် – ၁၀၀ ဆံ့ ပြည်သူ့ဆေးရုံ၌ (၆၂) နှစ်မြောက်မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကိုဂုဏ်ပြုကြိုဆိုသောအားဖြင့် စက်တင်ဘာလ ၂၆ ရက်နံနက်ပိုင်းတွင် ဟုမ္မလင်းခရိုင်ရဲတပ်ဖွဲ့မှ ဒုတိယရဲမှူးကြီးမျိုးညီ ဦးဆောင်၍ရဲတပ်ဖွဲ့ဝင်များနှင့်မိသားစုဝင်များက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းနှင့်သွေးလှူဒါန်းခြင်းအား ဆောင်ရွက်ကြစဉ်။** ဟုမ္မလင်း(ပြန်/ဆက်)

## ကျောင်းတွင်း ဉာဏစွမ်းရည်ပြိုင်ပွဲနှင့်ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ

တောင်တွင်းကြီး စက်တင်ဘာ ၂၇

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် လူမှုဝန်ထမ်းဦးစီးဌာန တောင်ပြင် (၂) မူလတန်းကြိုကျောင်း၌ စက်တင်ဘာလ ၂၆ ရက်က ကျောင်းတွင်းဉာဏစွမ်းရည်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဇင်ဦးက ကလေးဘဝယ်စဉ်ကတည်းကပင် ကာယ၊ ဉာဏစွမ်းရည်များ တိုးတက်လာစေရန် ပြိုင်ပွဲများကျင်းပပေးခြင်း၊ အသင်းအဖွဲ့လိုက် စိတ်ဓာတ်၊ စည်းလုံး၊ ကြံ့ခိုင်မှုများ ကောင်းမွန်လာစေရေး ပြိုင်ပွဲများ ကျင်းပပေးခြင်းနှင့် ဆုချီးမြှင့်ပေးခြင်းဖြင့် ကာယ၊ ဉာဏစွမ်းရည်များ ပိုမိုတိုးတက်လာစေမည်ဖြစ်ကြောင်း အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် တောင်ပြင် (၂) မူလတန်းကြိုကျောင်းမှ ရင်သွေးငယ်များက တေးသီချင်း၊ ကဗျာတို့ဖြင့် အဖွဲ့လိုက်ပါဝင်ယှဉ်ပြိုင်ကြသည်။

ဆက်လက်၍ ဆုရရှိသည့် ရင်သွေးငယ်များအား မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဇင်ဦးနှင့်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးလှမိုးမိုးထက်နှင့် တာဝန်ရှိသူများက ဆုများ အသီးသီး ချီးမြှင့်ပေးအပ်ကြကြောင်း သိရသည်။

နောင်နောင်(ဗီသနိုးမြေ)

## အိမ်မဲမြို့နယ်၌ စိုက်ပျိုးထားသည့် မိုးစပါးစိုက်ကေများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ



အိမ်မဲ စက်တင်ဘာ ၂၇

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် စပါးဧက ၁၄၀၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး စိုက်ကေများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်၏ပြောကြားချက်အရ သိရသည်။

အိမ်မဲမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် စပါးလျာထားဧက ၁၄၃၁၀၀ ကို ဇွန်လပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ လက်ရှိတွင် ၁၄၂၈၉၄ ဧကအထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါစပါးလျာထားဧကအားလုံး ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေး ဒေသခံတောင်သူများ၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် ဆက်စပ်ဌာနများ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

"အိမ်မဲမြို့နယ်မှာ မိုးစပါး ဧက ၁၄၃၁၀၀ လျာထားစိုက်ပျိုးခဲ့ပါတယ်။ လက်ရှိအချိန်ထိ မိုးစပါး ၁၄၂၈၉၄ ဧက စိုက်ပျိုးပြီးဖြစ်ပါတယ်။ မိုးစပါးတွေ အခက်အခဲမရှိ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ဖို့ စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဆက်စပ်ဌာနတွေ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။ ဒီလိုပူးပေါင်းဆောင်ရွက်ခဲ့လို့ အခုလို အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်တာပါ။ ဒါ့ပြင် စိုက်ပျိုးထားတဲ့စပါးတွေကို ပြန်လည်ရိတ်သိမ်းတဲ့အချိန်ထိ လိုအပ်တဲ့ နည်းပညာတွေနဲ့ ရိတ်သိမ်းရေးလုပ်ငန်းတွေကို ပေါင်းစပ်ဆောင်ရွက်ပေးမှာပါ" ဟု ဒေါ်ခင်ဌေးမြင့်ကပြောသည်။

အိမ်မဲမြို့နယ်၌ ယခုနှစ်မိုးစပါးများစိုက်ပျိုးရာတွင် ပေါ်ဆန်းမွှေး၊ ရက်-၉၀၊ ဗျောက်သုခ၊ GW-11၊ GW-1၊ မနောသုခ၊ ကျားပျံ၊ ဆင်းသုခ၊ နံ့ကား၊ မြီးတိုး စသည့်စပါးအမျိုးအစားများကို အများဆုံးစိုက်ပျိုးနေကြောင်း သိရသည်။

သုတကျော်

## ဒလမြို့နယ်ရှိ ကျေးရွာငါးရွာမှ တောင်သူများအား သီးနှံပေါ်ပေးစနစ်ဖြင့် ဓာတ်မြေဩဇာသွင်းအားစုများ ဖြန့်ဖြူးပေးအပ်

ရန်ကုန် စက်တင်ဘာ ၂၇

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ဒလမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်အတွင်းရှိ ကျေးရွာငါးရွာမှ တောင်သူများအား ယူရီးယားဓာတ်မြေဩဇာနှင့်ကွန်ပေါင်းဓာတ်မြေဩဇာများကို သီးနှံပေါ်ပေးစနစ်ဖြင့် ဖြန့်ဖြူးပေးအပ်ခြင်းအခမ်းအနားကို စက်တင်ဘာလ ၂၇ ရက်တွင် အဆိုပါကျေးရွာများ၌ ကျင်းပသည်။

ရှေးဦးစွာ ဒလမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စံချောချောခင်က သီးနှံစိုက်ပျိုးတောင်သူများအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့်ဓာတ်မြေဩဇာသွင်းအားစုများကို သက်သာသောဈေးနှုန်းဖြင့် ရရှိအသုံးပြုနိုင်စေရန်နှင့် သီးနှံပေါ်ချိန်တွင် ပြန်လည်ပေးချေနိုင်သည့်စနစ်ဖြင့် ဖြန့်ဖြူးပေးခြင်းဖြစ်ကြောင်း၊ တောင်သူများလိုအပ်သည့် သွင်းအားစုများနှင့် မျိုးကောင်းမျိုးသန့်များ အချိန်မီရရှိစေရေး၊ မိုးစပါးအပါအဝင် မိုးသီးနှံများ သတ်မှတ်ပန်းတိုင်အထွက်နှုန်းရရှိစေရေးနှင့်ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးနိုင်ရေးရည်ရွယ်ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ဒလမြို့နယ်အတွင်းရှိ သပြေကုန်းကျေးရွာ၊ ညောင်ငုတ်တိုကျေးရွာ၊ ထော်အောက်ကျေးရွာ၊ ထူးကြီးကျေးရွာနှင့် ရဲချောင်းဝကျေးရွာတို့မှ စိုက်ပျိုးမြေ ၈၅၄၇ ဧကအတွက် ဓာတ်မြေဩဇာနှင့် ကွန်ပေါင်းဓာတ်မြေဩဇာ စုစုပေါင်း ၆၆၆ အိတ်ကို ဖြန့်ဖြူးပေးအပ်ခဲ့ကြောင်း သိရသည်။

ကာရံ(ကျေးလက်)

## လူငယ်များအသိပညာဗဟုသုတတိုးပွားစေရေး လူငယ်ရေးရာအသိပညာပေးဟောပြော

အိမ်မဲ စက်တင်ဘာ ၂၇

ဧရာဝတီတိုင်းဒေသကြီးမြောင်းမြခရိုင် အိမ်မဲမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ လူငယ်များအသိပညာနှင့် ဗဟုသုတများတိုးပွားစေရန်ရည်ရွယ်၍ လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲကို စက်တင်ဘာလ ၂၆ ရက်က ကျင်းပသည်။



အသိပညာပေးဟောပြောပွဲကို အိမ်မဲမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်းကျင်းပခြင်းဖြစ်သည်။

ဟောပြောပွဲတွင် အိမ်မဲမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဌေးလှိုင်က လူငယ်နှင့်ရည်မှန်းချက်၊ လူငယ်နှင့်ပေါင်းသင်းဆက်ဆံရေး၊ လူငယ်နှင့်အောင်မြင်ရေး၊ မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာန အားကစားမှူး ဒေါ်ဆုမြတ်သဲက လူငယ်နှင့်ကျန်းမာကြံ့ခိုင်ရေး၊ လူငယ်နှင့်အားကစား၊ စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံ ဒေါ်ဇင်မာသန်းက ကုန်ညွှန်းအမှတ်အသားနှင့် စားသုံးရန်မသင့်သော အစားအစာများအကြောင်းကို အသိပညာပေးဟောပြောကြသည်။

ဆက်လက်၍ အိမ်မဲမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျောင်းသား၊ ကျောင်းသူများအား မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးပြီး အသိပညာဗဟုသုတများ ရရှိစေရန် စာအုပ်၊ စာစောင်များနှင့် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး နံရံကပ်စာစောင်များကို ခင်းကျင်းပြသပေးရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

ချစ်သက်လယ်(ပြန်/ဆက်)

## မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ကျွဲ၊ နွားတိရစ္ဆာန်အစာပင် ဧက ၂၈၀၀ ကျော် ရိတ်သိမ်းပြီးဖြစ်

ပွင့်ဖြူ စက်တင်ဘာ ၂၇

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်အတွင်း ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ကျွဲ၊ နွားတိရစ္ဆာန်အစာပင် ဧက ၂၈၀၀ ကျော် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေ၏ ပြောပြချက်အရ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက ပွင့်ဖြူမြို့နယ်အတွင်း ကျွဲ၊ နွားတိရစ္ဆာန်အစာပင် ၅၆၆၁ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော စိုက်ခင်းများကို စက်တင်ဘာလဒုတိယပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ၂၈၉၁ ဧကအထိ ရိတ်သိမ်းပြီးစီးပြီဖြစ်သည်။

"ပွင့်ဖြူမြို့နယ်မှာ မိုးသီးနှံစိုက်ပျိုးရာသီက ကျွဲ၊ နွားတိရစ္ဆာန်အစာပင် ၅၆၆၁ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ တောင်သူတွေ အဓိကစိုက်ပျိုးတဲ့ ကျွဲ၊ နွား တိရစ္ဆာန်အစာပင်တွေကတော့ နံ့စားပြောင်း၊ နေပီယာမြက်နဲ့ပဲမျိုးစုံကို စိုက်ပျိုးကြပါတယ်။ အဲဒီစိုက်ပျိုးတဲ့ ကျွဲ၊ နွားတိရစ္ဆာန်အစာပင် စိုက်ခင်းတွေကို လက်ရှိမှာ ရိတ်သိမ်းနေတာ ဧက ၂၈၀၀ ကျော် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ကျွဲ၊ နွားတိရစ္ဆာန်အစာပင် ရိတ်သိမ်းတာနဲ့ပတ်သက်ပြီး လေလွင့်ဆုံးရှုံးမှုတွေမဖြစ်စေဖို့နဲ့ အချိန်မီရိတ်သိမ်းနိုင်အောင် လိုအပ်တဲ့ပံ့ပိုးကူညီမှုတွေ ဆောင်ရွက်ပေးပါတယ်" ဟု ဒေါ်မိုးမိုးဝေကပြောသည်။

မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ကျွဲ၊ နွားတိရစ္ဆာန်အစာ စိုက်ခင်းများ အထွက်နှုန်းကောင်းမွန်စေရေး၊ မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးနိုင်ရေး ပံ့ပိုးကူညီပေးခြင်း၊ စိုက်ပျိုးရေးဆိုင်ရာသင်တန်းများ ဖွင့်လှစ်သင်ကြားပေးခြင်း၊ သွင်းအားစုများ စနစ်တကျသုံးစွဲနည်းပညာများ လက်တွေ့သရုပ်ပြခြင်း၊ ပိုးမွှားရောဂါကြိုတင်ကာကွယ်ရေးနည်းပညာပေးခြင်း စသည့်စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများကို ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



ပွင့်ဖြူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည် မိသားစုဝင်ငွေတိုးပွားစေရေးအတွက် စိုက်ပျိုးရေးလုပ်ငန်းနှင့် တွဲဖက်ကာ တစ်နိုင်တစ်ပိုင် ကျွဲ၊ နွားတိရစ္ဆာန်မွေးမြူရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ကြပြီး နှစ်စဉ်မိုးရာသီနှင့် ဆောင်းရာသီ သီးနှံစိုက်ပျိုးချိန်များတွင် ကျွဲ၊ နွားတိရစ္ဆာန်များအတွက် အစာရှားပါးမှုမဖြစ်စေရေး နံ့စားပြောင်း၊ ပဲမျိုးစုံ၊ နေပီယာမြက်နှင့်ဖုံးစားပြောင်းတို့ကို အားထားစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)

# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကိုထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုပွဲကျင်းပ



ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ခိုင်နှင့်တာဝန်ရှိသူများက ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုကြစဉ်။

နေပြည်တော် စက်တင်ဘာ ၂၇

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် နယ်မြေလုံခြုံရေးတာဝန်များကိုထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန်နိုင်ငံ့သားကောင်းတပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းအခမ်းအနားကို ယနေ့ညနေပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ခိုင်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ/ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ တိုင်းရင်းသားရိုးရာအကအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ် စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့်ဝေးကွာ၍ နေ့မအား ညမအား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများအား တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့်တက်ရောက်လာကြသူများက ဂုဏ်ပြုပန်းကုံးများ၊ အောင်သပြေခက်များကမ်း၍လည်းကောင်း၊ အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့်လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။ ယင်းနောက် တိုင်းမှူးက အောင်ပွဲရ ရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# မိတ္ထီလာမြို့၌ လောင်းလှေပြိုင်ပွဲ ဆုပေးပွဲကျင်းပ



မိတ္ထီလာ စက်တင်ဘာ ၂၇

(၁၄၃)ကြိမ်မြောက် ကရဝိက်ဖောင်တော်ဦးစေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲတော်နှင့် လောင်းလှေပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို ယနေ့ ညနေ ၄ နာရီတွင် မိတ္ထီလာမြို့ ကရဝိက်ဖောင်တော်ဦးမုခ်ဦးဝ၌ ကျင်းပသည်။

အဆိုပါ လောင်းလှေပြိုင်ပွဲတွင် အမျိုးသား(အကြီးတန်း) ငါးသင်း၊ အမျိုးသား(အငယ်တန်း) ၂၀ သင်း၊ အမျိုးသမီးအသင်း လေးသင်းပါဝင်ယှဉ်ပြိုင်ခဲ့ရာ ဆုများအနေဖြင့် အမျိုးသား(အကြီးတန်း)တွင် ပထမဆုရအသင်းအား ငွေကျပ် ၁၂ သိန်း၊ ဆုတံဆိပ်နှင့်ဆုဖလား၊ ဒုတိယဆုရအသင်းအားငွေကျပ် ၁၀ သိန်းနှင့် ဆုတံဆိပ်များ၊ တတိယဆုရအသင်းအား ငွေကျပ် ခုနစ်သိန်းနှင့် ဆုတံဆိပ်များ၊ အမျိုးသား(အငယ်တန်း)တွင် ပထမဆုရအသင်းအား ငွေကျပ် ၁၀ သိန်း၊ ဆုတံဆိပ်များနှင့် ဆုဖလား၊ ဒုတိယဆုရအသင်းအား ငွေကျပ်ခုနစ်သိန်းနှင့် ဆုတံဆိပ်များ၊ တတိယဆုရအသင်းအား ငွေကျပ် ငါးသိန်းနှင့် ဆုတံဆိပ်များ၊ အမျိုးသမီးအသင်းအား ပထမဆု ငွေကျပ် ခုနစ်သိန်း၊ ဆုဖလားနှင့် ဆုတံဆိပ်များ၊ ဒုတိယဆုရ အသင်းအား ငွေကျပ် ငါးသိန်းနှင့် ဆုတံဆိပ်တို့အား မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုးနှင့် မိတ္ထီလာခရိုင် မြို့နယ်တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ကြောင်းသိရသည်။

(၄၀၂)




# မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းများဖြစ်ပေါ်နိုင်

နေပြည်တော် စက်တင်ဘာ ၂၇

ယနေ့ နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ မြန်မာနိုင်ငံ တနင်္သာရီတိုင်းဒေသကြီးမြောက်ပိုင်းနှင့်ကရင်ပြည်နယ်နှင့်မွန်ပြည်နယ် တောင်ပိုင်းတို့တွင်ဖြစ်ပေါ်နေသော လေဖိအားနည်းဆဲလ်၏ အရှိန်ကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ် အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေခြင်းကြောင့် လည်းကောင်း၊ မိုးတိမ်တောင်များ ဖြစ်ထွန်းမှုအားကောင်းနေခြင်း ကြောင့်လည်းကောင်း ယနေ့နံနက်မှ စက်တင်ဘာလ ၃၀ ရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့်ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့်ရှမ်းပြည်နယ် (တောင်ပိုင်း)တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ အောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့်ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၂ ပေခန့်ရှိနိုင်သည်။ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၈ ပေမှ ၁၀ ပေခန့်ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံ တနင်္သာရီတိုင်းဒေသကြီးမြောက်ပိုင်းနှင့် ကရင်ပြည်နယ်နှင့်မွန်ပြည်နယ်တောင်ပိုင်းတို့တွင်ဖြစ်ပေါ်နေသော လေဖိအားနည်းဆဲလ်၏အရှိန်ကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေခြင်းကြောင့် လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှုအားကောင်းနေခြင်းကြောင့်လည်းကောင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင်နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများ အနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

(မိုး/ဇလ)

➡ ရှေ့ဖုံးမှအဆက်

ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း(Low Pressure Area)သည် မြောက်-အနောက်မြောက်ဘက်သို့ ဖြည်းညင်းစွာရွေ့လျားခဲ့ပြီး ပိုမိုအားကောင်းလာကာ အားကောင်းသောလေဖိအားနည်းရပ်ဝန်း (Well Marked Low Pressure Area)အဖြစ်သို့ ရောက်ရှိခဲ့သည်။

**နောက် ၂၄ နာရီအတွင်းခန့်မှန်းချက်**

အဆိုပါအားကောင်းသောလေဖိအားနည်းရပ်ဝန်းသည် နောက် ၂၄ နာရီအတွင်း မြောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားကာ မုန်တိုင်းငယ်(Depression)အဖြစ်သို့ ပိုမိုအားကောင်းလာနိုင်ပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသများသို့ ရောက်ရှိနိုင်သည်ဟုခန့်မှန်းရသည်။

**သတိပေးနှိုးဆော်ချက်**

အားကောင်းသောလေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့် ယနေ့ညမှ စက်တင်ဘာလ ၃၀ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့်ရှမ်းပြည်နယ် (တောင်ပိုင်း)တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး ဒေသအလိုက်နှင့် နေရာကွက်၍မိုးကြီးနိုင်သည်။ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၂ ပေခန့်ရှိနိုင်သည်။ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၈ ပေမှ ၁၀ ပေခန့် ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ အားကောင်းသောလေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

(မိုး/ဇလ)

# ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ) တာကိုယ်ထည်တိုက်စားခံရမှုနေရာများနှင့် ဝေနမ်မြစ်ရေကာတာ၏အောက်ခံ မြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် ဧရာဝတီတိုင်းဒေသကြီးရှိ မြို့နယ် ၅ မြို့နယ်တို့တွင် ရေဝင်ရောက်ခဲ့ခြင်းများအား တားဆီးကာကွယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၂၇**

ဧရာဝတီ တိုင်းဒေသကြီး၊ ညောင်တုန်းမြို့နယ်၊ ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ(ဧရာဝတီမြစ်ခွဲ) တာမိုင် ၁၁/၆ နှင့် ၁၁/၇ ကြားနေရာ၌ မြစ်ကမ်းရေတိုက်စားမှုကြောင့် ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ) တွင် ဩဂုတ်လ ၂၅ ရက် နံနက်ပိုင်းမှစ၍ အလျား (၃၀၀)ပေ၊ အနံ (၄၅) ပေခန့် တာကိုယ်ထည်တိုက်စားကာ ဆည်မြောင်းတာ အိပ့်ကျမှုဖြစ်ပွားခဲ့သည့်နေရာနှင့် အဆိုပါနေရာအနီး တစ်ဝိုက် မြစ်ရေတိုက်စားမှုကြောင့် မြေသားထပ်မံပြိုကျမှု ဖြစ်ပေါ်ခဲ့သည့်နေရာများတွင်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါတာကိုယ်ထည်တိုက်စား၍ အိပ့်ပြိုကျမှုဖြစ်ပေါ်လျက်ရှိသည့်နေရာများ၌ ရေတိုက်စားမှုကာကွယ်နိုင်ရန်အတွက် ရေလမ်းသောင်တူးလုပ်ငန်းဆောင်ရွက်ခြင်း၊ တာမိုင်အမှတ် ၁၁ / ၅ နှင့် ၁၁ / ၆ ကြားတွင် ယာယီပန်းတာတည်ဆောက်ပြီးစီးသည့်နေရာ၏ Upstream Slope နှင့် Downstream Slope နေရာများ၌ သဲအိတ်စီ၍ တာခြေထောက်ခြင်းလုပ်ငန်းများကို နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ လူအင်အား၊ စက်ယန္တရားများဖြင့် အင်တိုက်အားတိုက်အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

အလားတူ ဧရာဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမြို့နယ်အတွင်း ဇူလိုင်လ ၃၀ ရက် ညပိုင်းတွင် မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ဝေနမ်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရပ်ကွက်၊ ကျေးရွာများအတွင်း ရေဖြတ်သန်းစီးဆင်းဝင်ရောက်မှုဖြစ်ပွားခဲ့သည်။ အဆိုပါ ရေဝင်ရောက်မှုကြောင့်လေးမျက်နှာမြို့ပေါ် ရပ်ကွက် ၅ ခုနှင့် ကျေးရွာအချို့အပြင် ဟင်္သာတ၊ ရေကြည်၊ ကျုံပျော်နှင့် ကျောင်းကုန်းမြို့နယ်များရှိ ရပ်ကွက် ၇ ခုနှင့် ကျေးရွာအချို့တို့တွင် ရေဝင်ရောက်မှုများ ဖြစ်ပွားခဲ့ကြောင်းသိရသည်။

အဆိုပါ ဝေနမ်မြစ်ရေသည် ယနေ့တွင် လေးမျက်နှာမြို့နယ်အတွင်း ၅ ပေ ၉ လက်မခန့်၊ ရေကြည်မြို့နယ်အတွင်း ၇ ပေ ၉ လက်မခန့်၊ ငါးသိုင်းချောင်းမြို့နယ်အတွင်း ၈ ပေ ၇ လက်မခန့်၊ ကျုံပျော်မြို့နယ်အတွင်း ၄ ပေ ၄လက်မခန့်နှင့်ကျောင်းကုန်းမြို့နယ်အတွင်း ၅ ပေ ၈ လက်မခန့် ကျဆင်းသွားခဲ့ကြောင်း သိရှိရသည်။

ထိုသို့ ရေပြန်လည်ကျဆင်းသွားခဲ့သည့် မြို့၊ ရွာ၊ ရပ်ကွက်များရှိ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ လမ်းတံတားများတွင် တင်ကျန်ခဲ့သည့် နုန်းများ၊ အမှိုက်များအား နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများပူးပေါင်း၍ ဖယ်ရှားရှင်းလင်းခြင်း၊ ရေဘေးကယ်ဆယ်ရေးစခန်းများရှိရေဘေးသင့်ပြည်သူများအား ထမင်းဘူးများ၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးခြင်းနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)



နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ညောင်တုန်းကျွန်းတာ(ဧရာဝတီမြစ်ခွဲ) တာကိုယ်ထည်တိုက်စားခံရမှု တားဆီးကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်စဉ်။



နယ်မြေခံတပ်မတော်သားများက ရေပြန်လည်ကျဆင်းခဲ့သည့်နေရာများအား သန့်ရှင်းရေးဆောင်ရွက်စဉ်။

**➤ ရှေ့ဖုံးမှအဆက်**

မိုးသည်းထန်စွာရွာသွန်း၍ ထားဝယ်မြစ်ရေမြင့်တက်မှုကြောင့် မြို့ပေါ်ရပ်ကွက်များအတွင်း ရေဝင်ရောက်မှုများဖြစ်ပေါ်လျက်ရှိကြောင်း သိရှိရသည်။

အဆိုပါ ရေဝင်ရောက်မှုဖြစ်ပေါ်လျက်ရှိသည့်နေရာများရှိ ရေဘေးသင့်ပြည်သူများအား ယာယီရေဘေးကူညီကယ်ဆယ်ရေးစခန်းများဖွင့်လှစ်ခြင်း၊ ဘုန်းတော်ကြီးကျောင်းများသို့ ကူညီရွှေ့ပြောင်းပေးခြင်း၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းနှင့် အရေးပေါ်ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းတို့ကို ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများပူးပေါင်း၍ အချိန်နှင့်တစ်ပြေးညီ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ကူညီကယ်ဆယ်ရေးနှင့် ရေဝင်ရောက်မှု တားဆီးကာကွယ်ရေးလုပ်ငန်းဆောင်ရွက်နေမှုများကို ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်မှတာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)





ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများပူးပေါင်း၍ ပလောက်မြို့ အမှတ်(၁)ရပ်ကွက်အတွင်း ရေဘေးသင့်ပြည်သူများအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက လောင်းလုံးမြို့ အမှတ်(က)ရပ်ကွက်အတွင်း ရေဝင်ရောက်မှုဖြစ်ပွားသည့်နေရာတွင် ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက သရက်ချောင်းမြို့ ကျောက်မြောင်းရပ်ကွက်အတွင်း ရေဘေးသင့်ပြည်သူများအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

# အမျိုးသားအကျိုးစီးပွား၊ ယဉ်ကျေးမှုနှင့်ခရီးသွား

နှင်းမြတ်သူ(ယဉ်ကျေးမှု)

> ❒ ခရီးသွားလုပ်ငန်းသည် ယနေ့ခေတ် ကမ္ဘာလုံးဆိုင်ရာစီးပွားရေးစနစ်အတွင်း အလျင်အမြန်ဖွံ့ဖြိုးတိုးတက်လျက်ရှိသော အဓိကစီးပွားရေးကဏ္ဍတစ်ရပ်ဖြစ်ပြီး နိုင်ငံတစ်နိုင်ငံ၏အမျိုးသားအကျိုးစီးပွား(National Interest)ကို မြှင့်တင်ပေးနိုင်သည့် မဟာဗျူဟာမြောက် အင်အားစုတစ်ရပ်လည်းဖြစ် . . .
>
> ❒ ခရီးသွားလုပ်ငန်းသည် စီးပွားရေးအကျိုးအမြတ်များဖန်တီးပေးရုံသာမက နိုင်ငံ၏ယဉ်ကျေးမှု၊ လူမှုရေး၊ သံတမန်ရေးနှင့် နိုင်ငံတကာဆက်ဆံရေး ကဏ္ဍများတွင်ပါ အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိ . . .

**ယမန်နေ့မှအဆက်**

**ယဉ်ကျေးမှုကို အမျိုးသားအကျိုးစီးပွား၏ မဟာဗျူဟာမြောက်အစိတ်အပိုင်းတစ်ရပ်အဖြစ်ရှုမြင်ခြင်း**

ယဉ်ကျေးမှုသည် နိုင်ငံတစ်နိုင်ငံ၏သမိုင်း၊ ယဉ်ကျေးမှုအမွေအနှစ်၊ ဘာသာစကား၊ အနုပညာ၊ ရိုးရာဓလေ့ထုံးတမ်း၊ ယုံကြည်မှုများနှင့်လူနေမှုပုံစံတို့ကိုကိုယ်စားပြုသော အမျိုးသားအမှတ်သညာ(National Identity)၏အခြေခံမဏ္ဍိုင်ဖြစ်သည်။ ထို့ကြောင့် ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းကာကွယ်ခြင်းနှင့်မြှင့်တင်ခြင်းသည် အမျိုးသားအကျိုးစီးပွား၏ အရေးပါသောအစိတ်အပိုင်းတစ်ရပ်ဖြစ်လာသည်။

ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ၊ ရှေးဟောင်းမြို့တော်များ၊ သမိုင်းဝင်အဆောက်အအုံများ၊ ပြတိုက်များ၊ ရိုးရာအနုပညာလက်ရာများ၊ စာပေ၊ ဘာသာစကား၊ ဘာသာရေးအမွေအနှစ်များနှင့် မျိုးဆက်တစ်ဆက်မှတစ်ဆက် လက်ဆင့်ကမ်းလာသော ရိုးရာအသိပညာများကို ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် နိုင်ငံတစ်နိုင်ငံ၏သမိုင်းကြောင်း၊ ယဉ်ကျေးမှုတန်ဖိုးများနှင့် အမျိုးသားအမှတ်သညာ(National Identity)ကိုခိုင်မာစေသည့် အရေးပါသောအခြေခံအင်အားတစ်ရပ်ဖြစ်သည်။ ယင်းယဉ်ကျေးမှုအမွေအနှစ်များသည် နိုင်ငံ၏အတိတ်သမိုင်းအတွေ့အကြုံများ၊ လူမျိုးတစ်ရပ်၏တန်ဖိုးထားမှုများ၊ ယုံကြည်မှုများနှင့်လူနေမှုပုံစံများကိုဖော်ပြပေးသည့် အမွေအနှစ်များဖြစ်သဖြင့် ထိန်းသိမ်းခြင်းအားဖြင့် ပြည်သူများအတွင်း မိမိနိုင်ငံနှင့် မိမိတို့၏ယဉ်ကျေးမှုအပေါ် နားလည်တန်ဖိုးထားမှု မျိုးချစ်စိတ်ဓာတ်နှင့်အမျိုးသားဂုဏ်ယူမှုတို့ကို ပိုမိုမြှင့်တင်ပေးနိုင်သည်။

ထို့ပြင် ယဉ်ကျေးမှုအမွေအနှစ်များကို ထိရောက်စွာ ထိန်းသိမ်းမြှင့်တင်ခြင်းသည် လူငယ်မျိုးဆက်များ အနေဖြင့် မိမိတို့၏သမိုင်းနှင့်ယဉ်ကျေးမှုများကို နားလည်သဘောပေါက်စေရန် အထောက်အကူပြုသကဲ့သို့ နိုင်ငံ၏ထူးခြားသောယဉ်ကျေးမှုလက္ခဏာများကို နိုင်ငံတကာအသိုင်းအဝိုင်းထံ မိတ်ဆက်ပြသနိုင်ရန်လည်းအရေးပါသည်။ ထိုသို့သော ယဉ်ကျေးမှုထိန်းသိမ်းရေးလုပ်ငန်းများသည် အမျိုးသားစည်းလုံးညီညွတ်မှုကိုခိုင်မာစေခြင်း၊ လူမှုအသိုင်းအဝိုင်းအတွင်း ယဉ်ကျေးမှုဆိုင်ရာတန်ဖိုးများကို မြှင့်တင်ပေးခြင်းနှင့် နိုင်ငံ၏ Soft Power ကို တိုးမြှင့်ပေးခြင်းတို့တွင် အရေးပါသောအခန်းကဏ္ဍမှပါဝင်သည်။ ထို့ပြင် ယဉ်ကျေးမှုသည် Soft Power (နူးညံ့ပျော့ပျောင်းသောအင်အား)၏ အရေးပါသောအရင်းအမြစ်တစ်ခုလည်းဖြစ်သည်။ ယဉ်ကျေးမှုရေးရာသံတမန်ရေး(Cultural Diplomacy)၊ ယဉ်ကျေးမှုဖလှယ်ရေးအစီအစဉ်များ၊ အနုပညာပြပွဲများ၊ ယဉ်ကျေးမှုပွဲတော်များ၊ ယဉ်ကျေးမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများနှင့် ဖန်တီးမှုအနုပညာလုပ်ငန်းများမှတစ်ဆင့် နိုင်ငံတစ်နိုင်ငံသည် မိမိ၏ယဉ်ကျေးမှုတန်ဖိုးများကို ကမ္ဘာသို့မိတ်ဆက်နိုင်ပြီး နိုင်ငံတကာတွင် ယုံကြည်မှု၊ ချစ်ကြည်ရင်းနှီးမှုနှင့် ဩဇာလွှမ်းမိုးမှုကိုမြှင့်တင်နိုင်သည်။ ထို့ကြောင့် ယဉ်ကျေးမှုကို ထိန်းသိမ်းမြှင့်တင်ခြင်းသည် နိုင်ငံခြားရေးမူဝါဒနှင့် အမျိုးသားအကျိုးစီးပွားကို အကောင်အထည်ဖော်ရာတွင် မဟာဗျူဟာမြောက်အခန်းကဏ္ဍမှပါဝင်လျက်ရှိသည်။

ယဉ်ကျေးမှုသည် ယနေ့ခေတ် နိုင်ငံတကာဆက်ဆံရေးတွင် Soft Power ၏ အရေးပါသော ကိရိယာတစ်ရပ်အဖြစ် ပိုမိုထင်ရှားလာလျက်ရှိသည်။ စစ်ရေးအင်အား(Military Power)သို့မဟုတ် စီးပွားရေးအင်အား(Economic Power)ကဲ့သို့သော Hard Power များနှင့်မတူဘဲ Soft Power သည် ဖိအားပေးခြင်းသို့မဟုတ် အတင်းအကျပ်ပြုလုပ်ခြင်း(Coercion)ထက် ဆွဲဆောင်မှု(Attraction) နှင့် ယုံကြည်လက်ခံမှုတို့မှတစ်ဆင့် အခြားနိုင်ငံများ၏သဘောထား၊ အပြုအမူနှင့် ဆုံးဖြတ်ချက်များအပေါ် ဩဇာလွှမ်းမိုးနိုင်စွမ်းကို ရည်ညွှန်းသည်။

ယဉ်ကျေးမှုသံတမန်ရေး(Cultural Diplomacy)၊ နိုင်ငံတကာယဉ်ကျေးမှုဖလှယ်ရေးအစီအစဉ်များ၊ အနုပညာပြပွဲများ၊ ယဉ်ကျေးမှုပွဲတော်များ၊ ပညာရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများနှင့် ဖန်တီးမှုအခြေပြုစက်မှုလုပ်ငန်းများ(Creative Industries)သည် နိုင်ငံတစ်နိုင်ငံ၏နိုင်ငံတကာပုံရိပ်နှင့်ဂုဏ်သိက္ခာကို မြှင့်တင်ပေးနိုင်သကဲ့သို့ နိုင်ငံများအကြား အပြန်အလှန်နားလည်မှု၊ ယုံကြည်မှုနှင့် ချစ်ကြည်ရင်းနှီးမှုတို့ကိုလည်း မြှင့်တင်ပေးနိုင်သည်။

ယဉ်ကျေးမှုအမွေအနှစ်များကြွယ်ဝသောနိုင်ငံများသည် နိုင်ငံတကာအသိုင်းအဝိုင်း၏အသိအမှတ်ပြုမှုနှင့်လေးစားမှုကို ပိုမိုရရှိလေ့ရှိပြီး ယဉ်ကျေးမှုပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် သံတမန်ဆက်ဆံရေးနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုခိုင်မာစေနိုင်သည်။ ထို့ကြောင့် ယဉ်ကျေးမှုအမွေအနှစ်များကိုထိန်းသိမ်းကာကွယ်ခြင်း၊ မြှင့်တင်ဖော်ဆောင်ခြင်းနှင့်ယဉ်ကျေးမှုကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ခြင်းတို့သည် နိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒရည်မှန်းချက်များကို အထောက်အကူပြုရုံသာမက နိုင်ငံ၏နိုင်ငံတကာရပ်တည်ချက်(Global Standing)၊ ဂုဏ်သိက္ခာနှင့်အမျိုးသားအကျိုးစီးပွားကိုမြှင့်တင်ပေးနိုင်သည့် အရေးပါသောမဟာဗျူဟာမြောက် ဆောင်ရွက်ချက်များပင်ဖြစ်သည်။

**အမျိုးသားအကျိုးစီးပွားအတွက် ခရီးသွားကဏ္ဍ၏ အရေးပါမှု**

ခရီးသွားလုပ်ငန်းသည် ယနေ့ခေတ် ကမ္ဘာလုံးဆိုင်ရာစီးပွားရေးစနစ်အတွင်း အလျင်အမြန် ဖွံ့ဖြိုးတိုးတက်လျက်ရှိသောအဓိကစီးပွားရေးကဏ္ဍတစ်ရပ်ဖြစ်ပြီး နိုင်ငံတစ်နိုင်ငံ၏ အမျိုးသားအကျိုးစီးပွား (National Interest)ကို မြှင့်တင်ပေးနိုင်သည့် မဟာဗျူဟာမြောက် အင်အားစုတစ်ရပ်လည်းဖြစ်သည်။ ခရီးသွားလုပ်ငန်းသည် စီးပွားရေးအကျိုးအမြတ်များ ဖန်တီးပေးရုံသာမက နိုင်ငံ၏ယဉ်ကျေးမှု၊ လူမှုရေး၊ သံတမန်ရေးနှင့် နိုင်ငံတကာဆက်ဆံရေးကဏ္ဍများ တွင်ပါ အရေးပါသောအခန်းကဏ္ဍမှပါဝင်လျက်ရှိသည်။

စီးပွားရေးအရ ခရီးသွားလုပ်ငန်းသည် နိုင်ငံခြားဝင်ငွေများရရှိစေခြင်း၊ နိုင်ငံ၏ စီးပွားရေးလည်ပတ်မှုကိုအားကောင်းစေခြင်း၊ အစိုးရ၏အခွန်ဝင်ငွေများ တိုးပွားစေခြင်း၊ ပြည်တွင်းနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကိုဆွဲဆောင်နိုင်ခြင်းတို့မှတစ်ဆင့်နိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အရေးပါစွာအထောက်အကူပြုသည်။ ထို့ပြင် ဟိုတယ်နှင့်တည်းခိုရေးလုပ်ငန်းများ၊ စားသောက်ဆိုင်များ၊ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများ၊ လက်မှုပစ္စည်းနှင့် ဒေသထွက်ကုန်လုပ်ငန်းများကဲ့သို့သော ဆက်စပ်စီးပွားရေးကဏ္ဍများကိုလည်း ဖွံ့ဖြိုးတိုးတက်စေပြီး စီးပွားရေးအကျိုးသက်ရောက်မှုများကို ပိုမိုကျယ်ပြန့်စွာ ဖန်တီးပေးနိုင်သည်။

ခရီးသွားလုပ်ငန်းသည်အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးနိုင်သည့် အရေးပါသော ကဏ္ဍတစ်ခုဖြစ်သည်။ တိုက်ရိုက်အလုပ်အကိုင်များဖြစ်သည့် ဟိုတယ်၊ ခရီးသွားဝန်ဆောင်မှု၊ ဧည့်လမ်းညွှန်လုပ်ငန်းများသာမက သွယ်ဝိုက်သောအားဖြင့် စိုက်ပျိုးရေး၊ လက်မှုလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးနှင့် အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများအတွက်လည်း အခွင့်အလမ်းများ ဖန်တီးပေးသည်။ အထူးသဖြင့် ဒေသခံပြည်သူများ ပါဝင်ဆောင်ရွက်နိုင်သော Community–Based Tourism (CBT)ပုံစံများမှတစ်ဆင့် ဒေသခံများ၏ ဝင်ငွေတိုးတက်လာစေခြင်း၊ လူမှုစီးပွားဘဝတိုးတက်ကောင်းမွန်လာစေခြင်းတို့ကို ဖြစ်ပေါ်စေပြီး ဒေသဖွံ့ဖြိုးရေးကိုလည်း အားပေးနိုင်သည်။

ထို့ပြင် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာခြင်းသည် နိုင်ငံ၏အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်လာစေရန်လည်း အရေးပါသောတွန်းအားတစ်ရပ်ဖြစ်သည်။ လေဆိပ်များ၊ လမ်းပန်းဆက်သွယ်ရေးကွန်ရက်များ၊ ရထားနှင့်ရေကြောင်းပို့ဆောင်ရေးစနစ်များ၊ ဟိုတယ်နှင့်တည်းခိုရေးဝန်ဆောင်မှုများ၊ ဆက်သွယ်ရေးနည်းပညာစနစ်များနှင့် အများပြည်သူဆိုင်ရာအခြေခံအဆောက်အအုံများ တိုးတက်ကောင်းမွန်လာစေရန် အထောက်အကူပြုသည်။ ယင်းဖွံ့ဖြိုးတိုးတက်မှုများသည်ခရီးသွားကဏ္ဍအတွက်သာမက နိုင်ငံတစ်ဝန်းရှိ ပြည်သူများ၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်မှုအတွက်ပါအကျိုးဖြစ်ထွန်းစေသည်။

နိုင်ငံတကာဆက်ဆံရေးအမြင်အရလည်း ခရီးသွားလုပ်ငန်းသည် နိုင်ငံများအကြား နားလည်မှု၊ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကိုမြှင့်တင်ပေးနိုင်သည့် အရေးပါသောကိရိယာတစ်ရပ်ဖြစ်သည်။ နိုင်ငံခြားခရီးသွားများ၏ လာရောက်လည်ပတ်မှုမှတစ်ဆင့် နိုင်ငံ၏ယဉ်ကျေးမှု၊ သမိုင်းနှင့်လူမှုတန်ဖိုးများကို ပိုမိုနားလည်သဘောပေါက်စေပြီး နိုင်ငံ၏ နိုင်ငံတကာဆိုင်ရာဂုဏ်သိက္ခာနှင့်ယုံကြည်မှုကိုတိုးမြှင့်ပေးနိုင်သည်။ ထို့ကြောင့် ခရီးသွားလုပ်ငန်းသည် နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံတကာဂုဏ်သတင်း၊ ချစ်ကြည်ရင်းနှီးမှုနှင့်သံတမန်ဆက်ဆံရေးတို့ကိုမြှင့်တင်ရာတွင် အရေးပါသော အခန်းကဏ္ဍမှပါဝင်နိုင်သည်။

ထို့ကြောင့် ခရီးသွားကဏ္ဍသည် စီးပွားရေးဝင်ငွေများရရှိစေသော ကဏ္ဍတစ်ခုသာမက နိုင်ငံ၏ အမျိုးသားအမှတ်သညာကို မြှင့်တင်ပေးခြင်း၊ ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်နိုင်ခြင်း၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကိုအားပေးခြင်းနှင့် နိုင်ငံတကာတွင် နိုင်ငံ၏ရပ်တည်ချက်ကို ခိုင်မာစေခြင်းတို့မှတစ်ဆင့် အမျိုးသားအကျိုးစီးပွားကို အထောက်အကူပြုသည့် မဟာဗျူဟာမြောက်ကဏ္ဍတစ်ရပ်ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့်မိမိ၏ထူးခြားသောယဉ်ကျေးမှုအမွေအနှစ်များ၊ သဘာဝအလှအပများနှင့် ဒေသဆိုင်ရာအားသာချက်များကိုအခြေခံ၍ တာဝန်ယူမှုရှိပြီး ရေရှည်တည်တံ့သောခရီးသွားလုပ်ငန်း (Responsible and Sustainable Tourism)ကို ဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်ခြင်းသည် အမျိုးသားအကျိုးစီးပွားမြှင့်တင်ရေးအတွက် အရေးပါသော မဟာဗျူဟာတစ်ရပ်ဖြစ်သည်။ စီးပွားရေးတိုးတက်မှု၊ ယဉ်ကျေးမှုမြှင့်တင်ရေးနှင့် နိုင်ငံတကာထိတွေ့ဆက်ဆံမှုတို့အတွက်ခရီးသွားလုပ်ငန်းကိုထိရောက်စွာ အသုံးချနိုင်ခြင်းအားဖြင့် မြန်မာနိုင်ငံသည် မိမိ၏ယှဉ်ပြိုင်နိုင်စွမ်းကိုမြှင့်တင်နိုင်မည်ဖြစ်ပြီး အနာဂတ်မျိုးဆက်များအတွက် ရေရှည်အကျိုးကျေးဇူးများကို အာမခံလျက် ရေရှည်တည်တံ့သောဖွံ့ဖြိုးတိုးတက်မှုကို ရရှိနိုင်မည်ဖြစ်သည်။

**ယဉ်ကျေးမှုနှင့် ခရီးသွားကဏ္ဍတို့၏အပြန်အလှန်ဆက်နွှယ်မှု**

ယဉ်ကျေးမှုနှင့်ခရီးသွားလုပ်ငန်းသည် တစ်ခုနှင့်တစ်ခု အပြန်အလှန်အထောက်အကူပြုလျက်ရှိသည့် အပြင် နီးကပ်စွာဆက်နွှယ်လျက်ရှိသောကဏ္ဍများဖြစ်သည်။ ယဉ်ကျေးမှုသည် နိုင်ငံတစ်နိုင်ငံ၏အမှတ်အသား၊ ယုံကြည်ချက်များ၊ ရိုးရာဓလေ့များနှင့်လူနေမှုပုံစံများကိုကိုယ်စားပြုသည့် အရေးကြီးသောအရာတစ်ခုဖြစ်ပြီး ခရီးသွားလုပ်ငန်းသည် ထိုယဉ်ကျေးမှုကို နိုင်ငံတကာအသိုင်းအဝိုင်းထံ မိတ်ဆက်ပြသပေးနိုင်သည့် အရေးပါသောလမ်းကြောင်း ပလက်ဖောင်းတစ်ခုဖြစ်သည်။ ယဉ်ကျေးမှုကိုအခြေခံသည့်ခရီးသွားလုပ်ငန်းသည် နိုင်ငံ၏အပြုသဘောဆောင်သောပုံရိပ်(Positive Image)ကိုမြှင့်တင်ပေးပြီး နိုင်ငံတကာတွင် ယဉ်ကျေးမှုသံတမန်ရေး(Cultural Diplomacy)နှင့် Soft Power ကို တိုးမြှင့်ပေးနိုင်သည်။ မြန်မာနိုင်ငံအတွက်မူ ယဉ်ကျေးမှုအမွေအနှစ်များ၏ ကြွယ်ဝမှုကြောင့် ယင်းဆက်စပ်မှုသည် ပိုမိုထင်ရှားလှသည်။

ထို့ပြင် ယဉ်ကျေးမှုသည် ခရီးသွားများကိုဆွဲဆောင်ရန်အဓိကအရင်းအမြစ်ဖြစ်သည်။ နိုင်ငံခြားခရီးသွားများသည် သဘာဝအလှအပများကိုသာမက ဒေသခံလူမျိုးများ၏ ရိုးရာယဉ်ကျေးမှု၊ ပွဲတော်များ၊ အစားအစာများ၊ အနုပညာလက်ရာများနှင့် ဘာသာရေးကျင့်ဝတ်များကို လေ့လာကြည့်ရှုလိုကြသည်။ ဥပမာအားဖြင့် မြန်မာနိုင်ငံရှိ ရိုးရာပွဲတော်များ၊ ဘုရားပုထိုးများ၊ လက်မှုပညာများနှင့် ဒေသခံလူမှုဘဝများသည် ခရီးသွားများအတွက် ထူးခြားသောအတွေ့အကြုံများကို ပေးစွမ်းနိုင်သည်။ ထိုကဲ့သို့သော ယဉ်ကျေးမှုဆိုင်ရာအချက်အလက်များသည် မြန်မာနိုင်ငံကို အခြားနိုင်ငံများနှင့်ကွဲပြားစေသော အရေးကြီးသည့် အားသာချက်များဖြစ်သည်။

တစ်ဖက်တွင်လည်း ခရီးသွားလုပ်ငန်းမှရရှိသော အကျိုးအမြတ်များသည် ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းကာကွယ်ခြင်း၊ ဘုရားပုထိုးများ၊ သမိုင်းဝင်အဆောက်အအုံများပြုပြင်ထိန်းသိမ်းခြင်း၊ ယဉ်ကျေးမှုအခမ်းအနားများကျင်းပခြင်း၊ ရိုးရာလက်မှုပညာရှင်များ၏လူမှုဘဝများအတွက် အထောက်အပံ့ကောင်းဖြစ်စေမည်ဖြစ်သည်။ ထို့ပြင် ခရီးသွားလုပ်ငန်းသည် ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးပြီး ယဉ်ကျေးမှုကို အဖိုးတန်သည့်စီးပွားရေးတန်ဖိုးတစ်ရပ်အဖြစ် ပြောင်းလဲပေးနိုင်သည်။

**ဆက်လက်ဖော်ပြပါမည်**

# ကရင်ပြည်နယ်ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ် ၂၀၂၆ ဒုတိယနေ့ ဆက်လက်ကျင်းပ



**ဘားအံ စက်တင်ဘာ ၂၇**

ကရင်ပြည်နယ်ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ် ၂၀၂၆ ကို ပြည်နယ်၏မြို့တော် ဘားအံမြို့၌ စက်တင်ဘာလ ၂၆ ရက်နှင့် ၂၇ ရက် နှစ်ရက်တာ ကျင်းပလျက်ရှိပြီး ယနေ့ ဖိုရမ် ဒုတိယနေ့ကို နံနက် ၈ နာရီတွင် ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ဆက်လက်ကျင်းပသည်။

ဖိုရမ်တွင် ပြည်ထောင်စုအတိုင်ပင်ခံကောင်စီအဖွဲ့ဝင်မန်းငြိမ်းမောင်က အဖွင့်အမှာစကားပြောကြားပြီး အဖွဲ့ (၃) ကိုယ်စားလှယ် ပြည်နယ်ပညာရေးမှူးရုံး ညွှန်ကြားရေးမှူး ဦးစသိန်းကျော်က ကရင်ပြည်နယ်အတွင်း လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် အားကစားမြှင့်တင်ခြင်း၊ ယဉ်ကျေးမှုဖလှယ်ရေးနှင့် လူမျိုးပေါင်းစုံ အတူယှဉ်တွဲနေထိုင်ရေးစာတမ်းကို လည်းကောင်း၊ အဖွဲ့(၄)ကိုယ်စားလှယ် ကွန်ပျူတာတက္ကသိုလ်ပါမောက္ခချုပ်ဒေါက်တာခင်မာလာထွန်းက ကရင်ပြည်နယ်အတွင်း နည်းပညာသက်ရောက်မှုများ ဉာဏ်ရည်တုနည်းပညာ AI စနစ်ထူထောင်ရေး၊ ဆိုက်ဘာ (Cyber)၊ Online Security၊ လူမှုကွန်ရက် (Social Media) ကွန်ရက်အဖွဲ့များ ထိရောက်သော သတင်းမှန်ပြန်ကြားရေးစာတမ်းကိုလည်းကောင်း ဖတ်ကြားကြသည်။

ထို့အတူ ဖိုရမ်ပထမနေ့က ကရင်ပြည်နယ်လူငယ်စင်တာ၌ အစုအဖွဲ့လေးဖွဲ့ခွဲ၍ ဆွေးနွေးခဲ့ကြသည့် ကရင်ပြည်နယ်အတွင်း လက်နက်ကိုင်ပဋိပက္ခများ ရပ်တန့်ရေးနှင့်ငြိမ်းချမ်းသောလူ့အဖွဲ့အစည်းတည်ဆောက်ရေး၊ ကရင်ပြည်နယ်အတွင်း ပဋိပက္ခဒဏ်ခံရသူများအတွက် ပြန်လည်ထူထောင်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးရေးနှင့်ဒေသဖွံ့ဖြိုးမှုတိုးတက်ရေး၊ ကရင်ပြည်နယ်အတွင်း လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးနှင့်အားကစားမြှင့်တင်ခြင်း၊ ယဉ်ကျေးမှုဖလှယ်ရေးနှင့် လူမျိုးပေါင်းစုံအတူယှဉ်တွဲနေထိုင်ရေးခေါင်းစဉ်များကို အဖွဲ့လိုက်သုံးသပ်၍ ရှေ့လုပ်ငန်းစဉ် စီမံချက်များကို တက်ရောက်လာသူများနှင့်အတူ အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

အလားတူအမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ အကြံပေးအဖွဲ့ ခေါင်းဆောင် ဦးအောင်မင်းက ဆွေးနွေးသုံးသပ်ချက်များ၊ ရှေ့လုပ်ငန်းစဉ်စီမံချက်များအပေါ် အကြံပြုပြောကြားပြီး မြန်မာလူငယ်များဖွံ့ဖြိုးတိုးတက်ရေးအသင်း(ဗဟို) MYDA ဥက္ကဋ္ဌက သုံးသပ်ချက်၊ ရှေ့လုပ်ငန်းစဉ်စီမံချက်များကို အကြံပြုဆွေးနွေးကာ အဖွဲ့လိုက် ဆွေးနွေးခဲ့ကြသည့် ခေါင်းစဉ်အကြောင်းအရာများအလိုက် သုံးသပ်ချက်များနှင့် ရှေ့လုပ်ငန်းစဉ် စီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် ကရင်ပြည်နယ်ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ် ၂၀၂၆ ဆုံးဖြတ်ချက်စာတမ်းကို ပါဝင်ဆွေးနွေးခဲ့ကြသူများက ဖတ်ကြားကြသည်။

ဆက်လက်၍ ကရင်ပြည်နယ်ဝန်ကြီးချုပ်ဦးစောမြင့်ဦးက ဖိုရမ်သည် အခမ်းအနားတစ်ရပ်အဖြစ် ကျင်းပပြီးစီးသွားမည်မဟုတ်ဘဲ ပြည်နယ်၏ငြိမ်းချမ်းရေး၊ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုအသိုက်အဝန်းများအကြား အပြန်အလှန်နားလည်မှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့် အနာဂတ်မျိုးဆက်များအတွက် ပိုမိုကောင်းမွန်သော လူ့အဖွဲ့အစည်းတစ်ရပ် တည်ဆောက်နိုင်ရေးတို့အတွက် အတွေးအမြင်များ၊ အတွေ့အကြုံများ၊ အကြံပြုချက်များနှင့် လက်တွေ့လုပ်ငန်းစဉ်များကို အတူတကွဆွေးနွေးဖော်ထုတ်ခဲ့ကြသည့် အရေးပါသောပလက်ဖောင်းတစ်ရပ်ဖြစ်ကြောင်း ပြောကြားသည်။

ယမန်နေ့ကလည်း ကရင်ပြည်နယ်လူငယ်စင်တာ၌ အစုအဖွဲ့လေးဖွဲ့ခွဲ၍ ငြိမ်းချမ်းရေးနှင့်ဒေသဖွံ့ဖြိုးရေးဆိုင်ရာစာတမ်းလေးစောင်ကို ဆွေးနွေးခဲ့ပြီး ထိုသို့ဆွေးနွေးမှုကို ပြည်ထောင်စုအတိုင်ပင်ခံကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်နှင့် ဦးဇော်အေးမောင်၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ၏ အကြံပေးအဖွဲ့ခေါင်းဆောင်ဦးအောင်မင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်သူ ဦးသက်နိုင်ဝင်း၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ကြည့်ရှုအားပေးပြီး သက်ဆိုင်ရာ စာတမ်းများအလိုက် ဆွေးနွေးအကြံပြုခဲ့ကြကြောင်း သိရသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**




# ဥတ္တရသီရိမြို့နယ်၌ နေပြည်တော်ကုသရေး ဦးစီးဌာန အထူးကုဆရာဝန်ကြီးများ ကွင်းဆင်းဆေးကုသခြင်းလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၂၇**

နေပြည်တော်ကုသရေးဦးစီးဌာန အထူးကုဆရာဝန်ကြီးများပါဝင်သောနယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကွင်းဆင်း ဆေးကုသပေးခြင်းလုပ်ငန်းများကို ယမန်နေ့ နံနက်ပိုင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ် (တောင်ညို) တိုက်နယ်ဆေးရုံ၌ ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ ဆောင်ရွက်နေမှုကို နေပြည်တော်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယကနှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးရာ နေပြည်တော်ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူးဒေါက်တာဆွေဇင်ဝင်း၊ ဥတ္တရသီရိမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဝါဝါညွန့်ရွှေနှင့်တောင်ညိုတိုက်နယ်ဆရာဝန် ဒေါက်တာထွန်းလင်းတို့က ဆေးကုသပေးနေမှုအခြေအနေများကို လိုက်လံရှင်းလင်းတင်ပြကြပြီး နေပြည်တော်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယကနှင့် တာဝန်ရှိသူများက လာရောက်ဆေးကုသမှုခံယူလျက်ရှိသော ဒေသခံပြည်သူများအား အာဟာရဖြည့်စားသောက်ဖွယ်ရာများပေးအပ်ခဲ့ပြီး ဆေးကုသရေးအဖွဲ့အား ဂုဏ်ပြုလက်ဆောင်သစ်သီးခြင်းများ ပေးအပ်ခဲ့သည်။

ယနေ့ နေပြည်တော်ကုသရေးဦးစီးဌာနကြီးကြပ်မှုဖြင့် အထူးကုဆရာဝန်ကြီးများ ပါဝင်သောနယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား အထွေထွေရောဂါ ၁၂၆ ဦး၊ ခွဲစိတ်ကုသ ၂၁ ဦး၊ အရိုး ၁၀၅ ဦး၊ ကလေး ၁၁ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းကိုးဦး၊ သားဖွားမီးယပ် ၂၃ ဦးနှင့် မျက်စိ ၄၆ ဦး၊ သွားနှင့်ခံတွင်းရှစ်ဦး စုစုပေါင်း ဒေသခံပြည်သူ ၃၄၉ ဦးနှင့်အခြားစောင့်ရှောက်ပေးသော ဌာနများအနေဖြင့် အကြောအဆစ်ခုနစ်ဦး၊ X-Ray ၂၅ ဦး၊ Ultrasound ၂၇ ဦး စုစုပေါင်း ၅၉ ဦးကို ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့ကြောင်းသိရသည်။

**အောင်မျိုးဝင်း(ဥတ္တရ)**

# (၆၂) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၂၇**

(၆၂)နှစ်မြောက်မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမှတ်(၃)လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ ကွပ်ကဲရေးမှူးရဲမှူးချုပ်လင်းထွန်း ဦးဆောင်သည့် ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များသည် ယနေ့တွင် ပြင်ဦးလွင်မြို့ တပ်မတော်ဆေးရုံ၌ ဒုတိယအကြိမ်စုပေါင်းသွေးလှူဒါန်းကြသည်။

ထိုသို့ စုပေါင်းသွေးလှူဒါန်းကြသည့် ရဲတပ်ဖွဲ့ဝင်များနှင့်မိသားစုဝင်များကို အမှတ်(၃)လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ ကွပ်ကဲရေးမှူးနှင့် တပ်မတော်ဆေးရုံတပ်မှူးတို့က အာဟာရဖြည့်စွက်စာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြဝတီ**



ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၈-၉-၂၀၂၆ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လှိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၄၄၅၀ | ၄၆၀၅ | ၄၅၅၅ | ၄၄၆၅ | ၄၆၁၀ | ၄၆၂၅ | ၄၆၅၅ | ၄၅၃၅ | ၄၉၀၅ | ၄၉၃၅ | ၄၅၅၅ | ၄၇၀၅ | ၄၆၄၅ | ၄၆၀၅ | ၄၆၁၅ | ၄၈၄၅ |
| 95 Ron | ၄၆၀၀ | ၄၇၅၅ | ၄၇၀၅ | ၄၆၁၅ | ၄၇၆၀ | ၄၇၇၅ | ၄၈၁၀ | ၄၆၈၅ | ၅၀၅၅ | ၅၀၈၅ | ၄၇၀၅ | ၄၈၆၀ | ၄၇၉၅ | ၄၇၅၅ | ၄၇၆၅ | ၄၉၉၅ |
| HSD (500 ppm) | ၄၇၉၀ | ၄၉၄၀ | ၄၈၉၅ | ၄၈၀၅ | ၄၉၄၅ | ၄၉၆၀ | ၄၉၉၀ | ၄၈၇၅ | - | ၅၂၅၅ | ၄၈၉၅ | ၅၄၄၅ | ၄၉၈၀ | ၄၉၄၀ | ၄၉၅၀ | ၅၁၇၀ |
| HSD (50 ppm) | ၅၇၉၅ | ၅၉၅၀ | ၅၉၀၀ | ၅၈၁၀ | ၅၉၅၅ | ၅၉၇၀ | ၆၀၀၅ | ၅၈၈၀ | ၆၂၅၀ | ၆၂၈၀ | ၅၉၀၀ | ၆၀၂၀ | ၅၉၉၅ | ၅၉၅၀ | ၅၉၆၀ | ၆၁၉၀ |
| HSD (10 ppm) | ၅၇၉၅ | ၅၉၅၀ | ၅၉၀၀ | ၅၈၁၀ | ၅၉၅၅ | ၅၉၇၀ | ၆၀၀၅ | ၅၈၈၀ | | ၆၂၈၀ | ၅၉၀၀ | ၆၀၂၀ | ၅၉၉၅ | ၅၉၅၀ | ၅၉၆၀ | ၆၁၉၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း ) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၄၂၂၈ | ၄၃၄၇ |
| 95 Ron | ၄၃၇၅ | ၄၄၉၆ |
| HSD (500 ppm) | ၄၅၇၅ | ၄၆၉၆ |
| HSD (50 ppm) | ၅၅၃၂ | ၅၆၇၃ |
| HSD (10 ppm) | ၅၅၃၂ | ၅၆၇၃ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊၀၉-၆၈၀၅၈၉၈၈၈

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# မကွေးမြို့ မြသလွန်စေတီတော်မြတ်ကြီး၏ အကြိမ်(၂၅၉၀)မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကို ၁၃၈၈ ခုနှစ် သီတင်းကျွတ်လဆန်း ၁၀ ရက်မှ သီတင်းကျွတ်လပြည့်ကျော် ၁၄ ရက်အထိ ရက် ၂၀ ကျော်ကြာကျင်းပသွားမည်

မကွေး စက်တင်ဘာ ၂၇

မကွေးတိုင်းဒေသကြီး မကွေးမြို့ရှိ ရှေးဟောင်းသမိုင်းဝင် မြသလွန်စေတီတော်မြတ်ကြီး၏ အကြိမ်(၂၅၉၀)မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကို ၁၃၈၈ ခုနှစ် သီတင်းကျွတ်လဆန်း ၁၀ ရက်မှ သီတင်းကျွတ်လပြည့်ကျော် ၁၄ ရက်အထိ ရက် ၂၀ ကျော်ကြာ ကျင်းပသွားမည်ဖြစ်ကြောင်း ယမန်နေ့ မွန်းလွဲပိုင်းက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ဗုဒ္ဓပူဇနီယပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေးညှိနှိုင်းအစည်းအဝေးမှ သိရသည်။

ညှိနှိုင်းအစည်းအဝေးတွင် မြသလွန်စေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနီယပွဲတော်စည်ကားသိုက်မြိုက် အောင်မြင်စွာကျင်းပရေး ဦးစီးကော်မတီနာယက တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်ကိုကိုက ပွဲတော်စည်ကားသိုက်မြိုက်စွာ ကျင်းပဆောင်ရွက်နိုင်ရေးနှင့် လုံခြုံရေးဆိုင်ရာလိုအပ်ချက်များ မဖြစ်ပေါ်စေရေး သက်ဆိုင်ရာတာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်ကြရန်၊ ယခုနှစ်တွင် ဆီမီး ၉၀၀၀ ကပ်လှူပူဇော်ခြင်းအပြင် မီးပုံးပျံလွှတ်တင်ခြင်းအစီအစဉ်များ ထည့်သွင်းဆောင်ရွက်သွားမည်ဖြစ်သည့်အတွက် မီးဘေးအန္တရာယ်မဖြစ်စေရေးအတွက်လည်း သက်ဆိုင်ရာ တာဝန်ရှိများက တာဝန်ယူဆောင်ရွက်ပေးကြရန် မှာကြားသည်။



ဆက်လက်၍ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဗုဒ္ဓပူဇနီယပွဲတော်စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေး လုပ်ငန်းအစီအမံများ ဆွေးနွေးတင်ပြမှုအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အစည်းအဝေး အပြီးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တိုင်းဒေသကြီး ဝန်ကြီးများနှင့်အတူ မကွေးမြသလွန်ဘုရားပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေးနှင့် မီးပုံးပျံလွှတ်တင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ဘုရားပွဲတော်ကွင်း၌ လုပ်ငန်းများစတင်ဆောင်ရွက်နေမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဘုရားဖူးပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှုလွယ်ကူစွာရရှိနိုင်ရေးအတွက် ကျန်းမာရေးစခန်းများ ဖွင့်လှစ်ပေးရန်၊ ရေရရှိရေး၊ လျှပ်စစ်မီးရရှိရေးတို့ကို စနစ်တကျ စီစဉ်ဆောင်ရွက်ထားရှိရန်၊ ဈေးဆိုင်ခန်းများ ခင်းကျင်းရောင်းချရာတွင် စနစ်တကျရှိစေရေးနှင့် စားသောက်ကုန်များ သန့်ရှင်းလတ်ဆတ်မှုရှိစေရေးတို့ကို စနစ်တကျကြပ်မတ်ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

**မောင်ခိုင်မင်း(ပြန်/ဆက်)**

# ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် သီတင်းကျွတ်ပွဲတော်၌ မီးပုံးပျံအလုံးရေ ၃၀၀၀၀ လွှတ်တင်မည်

ပုဂံ စက်တင်ဘာ ၂၇

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ယခုလာမည့် သီတင်းကျွတ်ပွဲတော်တွင် မီးပုံးပျံအလုံးရေ ၃၀၀၀၀ လွှတ်တင်သွားမည်ဖြစ်ပြီး ထိုသို့လွှတ်တင်နိုင်ရန် ကြိုတင်စမ်းသပ်မှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ဒီနှစ်ပုဂံသီတင်းကျွတ်ပွဲတော်မှာ မီးပုံးပျံ ၃၀၀၀၀ လွှတ်တင်ဖို့ရှိပါတယ်။ အဖိတ်နေ့နဲ့ လပြည့်နေ့မှာ နှစ်ရက်ခွဲပြီး လွှတ်တင်မှာပါ။ မီးပုံးပျံပြုလုပ်ဖို့ မြင်းကပါရွာကို အပ်ထားပါတယ်၊ တောင်ကြီးက မီးပုံးပျံအဖွဲ့လည်း ရောက်နေပါတယ်၊ အလုံးရေများတဲ့အတွက် မီးသတ်ဌာနအပါအဝင် သက်ဆိုင်ရာဌာနအားလုံးနဲ့ ဝိုင်းဝန်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အထူးသဖြင့် လူငယ်တွေနဲ့ ဌာနဆိုင်ရာ၊ ဒေသခံတွေ စုပေါင်းပြီး လုပ်ဆောင်တာဖြစ်ပြီးတော့ မြန်မာ့အလှနဲ့ မြန်မာ့ယဉ်ကျေးမှုကိုတွေ့မြင်ရမယ့် အထူးစည်ကားတဲ့ ပွဲတော်တစ်ခုဖြစ်မှာပါ" ဟု Bagan Lover မှ ဦးပြည့်စုံက ပြောသည်။

ထိုသို့ မီးပုံးပျံလွှတ်တင်ရာတွင် ပလတ်စတစ်နှင့် စက္ကူဖြင့်ပြုလုပ်ထားသည့်မီးပုံးပျံများကို အလိုတော်ပြည့်ဘုရား၊ ဓမ္မရံကြီးဘုရားနှင့် Sunset ကုန်းတို့တွင်နေရာသုံးနေရာခွဲ၍ လွှတ်တင်သွားမည်ဖြစ်ပြီး ဒေသစုံမှ ခတ်ပုံဝါသနာရှင်များ၊ ပန်းချီဆရာများ၊ မြန်မာ့ရှုခင်းအလှရိုက်ကူးသူများနှင့် မီဒီယာအဖွဲ့များလည်း လာရောက်ကြမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ပုဂံဒေသ၏ သီတင်းကျွတ်ပွဲတော်ကို မီးပုံးပျံများတွင် ငွေပဒေသာပင်ချိတ်ဆွဲ၍ ပုံ့သကူပစ်သော ကုသိုလ်ပြုသည့် အစီအစဉ်၊ ပွဲတော်၌ အညာဒေသထွက် အစားအစာများကို နွားလှည်းပေါ်တွင် ရောင်းချပေးသည့် အစားအစာပွဲတော်အစီအစဉ် အပါအဝင် အခြားအစီအစဉ် များစွာဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရန် စီမံဆောင်ရွက်နေကြောင်း သိရသည်။

ပုဂံဒေသ၏ ခရီးသွားရာသီအစဖြစ်သည့် သီတင်းကျွတ်ပွဲတော်တွင် ပထမဆုံးအကြိမ်အဖြစ် မီးပုံးပျံအလုံးရေ များစွာလွှတ်တင်၍ မြတ်ဗုဒ္ဓအား အလင်းရောင်ဖြင့်ပူဇော်ခြင်းကို ခရီးသွားများကုသိုလ်ယူနိုင်ရန်နှင့် ပြည်တွင်း၊ ပြည်ပခရီးသွားများ ပုဂံဒေသ၏ သီတင်းကျွတ်လပြည့်ညအလှကို အားပါးတရကြည့်ရှုခံစားနိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

**သစ္စာ(MNA)**

# မြဝတီမြို့၌ လူငယ်စကားဝိုင်းကျင်းပ

မြဝတီ စက်တင်ဘာ ၂၇

ကျောင်းသားလူငယ်များ ဗလငါးတန်ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ် ခေါင်းစဉ်ဖြင့် လူငယ်စကားဝိုင်းကို စက်တင်ဘာလ ၂၇ ရက် နံနက် ၁၀ နာရီတွင် ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့ အမှတ်(၄)ရပ်ကွက်ရှိ အခြေခံပညာအထက်တန်း(ခွဲ) အောင်မြေရွှေဘုံကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ အခြေခံပညာအထက်တန်း(ခွဲ) အောင်မြေရွှေဘုံကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်အေးမြင့်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် လူငယ်စကားဝိုင်းကို ဆက်လက်ကျင်းပရာ မြဝတီခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဆောင်းနှင်းဖြူက ညှိနှိုင်းရေးမှူး (Moderator)အဖြစ် ဆောင်ရွက်၍ အခြေခံပညာအထက်တန်း(ခွဲ) အောင်မြေရွှေဘုံကျောင်းမှ Grade-8 ကျောင်းသူ မယွန်းဝတီက မူးယစ်ဆေးဝါးအန္တရာယ်နှင့် ဆိုးကျိုးဆိုင်ရာများကိုလည်းကောင်း၊ Grade-8 ကျောင်းသူ နန်းသဇင်ထွေးက စိတ်ကြွရူးသွပ်စေသော မူးယစ်ဆေးဝါး WY ဆိုးကျိုးအန္တရာယ်များကိုလည်းကောင်း၊ Grade-10 ကျောင်းသူ မယွန်းဝတီကိုက အီးစီးကရက် (Vape) အန္တရာယ်နှင့် ဆိုးကျိုးများကိုလည်းကောင်း၊ Grade-11 မှ မောင်အောင်စည်သူဖြိုးက နိုင်ငံ့စွမ်းအား လူငယ်များ၏ အခန်းကဏ္ဍကိုလည်းကောင်း အသီးသီးဆွေးနွေးကြသည်။

ထို့နောက် အမှတ်(၃၂)မူးယစ်ဆေးဝါးတားဆီးကာကွယ်နှိမ်နင်းရေး ရဲတပ်ဖွဲ့စုမှ ရဲမှူးနိုင်အောင်ခိုင်က မူးယစ်ဆေးဝါးအန္တရာယ်နှင့် ဆိုးကျိုးများကို ပြန်လည်ဆွေးနွေးပြောကြားခဲ့ပြီး တက်ရောက်လာကြသည့် အထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများကသိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြကြောင်းသိရသည်။ **(၄၀၆)**

# ၂၀၂၆ ခုနှစ် အောက်တိုဘာလ လပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း သုံးကြိမ်ဖြစ်ပေါ်နိုင်ပြီး နှစ်ကြိမ်တွင် ပိုမိုအားကောင်းလာနိုင်ကာ မုန်တိုင်းငယ်အဖြစ်သို့ရောက်ရှိနိုင်သည်။ အနောက်တောင်မုတ်သုံလေသည် အောက်တိုဘာလ ၁ ရက်မှ ၅ ရက်အတွင်း မြစ်ဝကျွန်းပေါ်ဒေသများမှလည်းကောင်း၊ အောက်တိုဘာလ ၆ ရက်မှ ၁၀ ရက်အတွင်း မြန်မာနိုင်ငံတောင်ပိုင်းဒေသများမှလည်းကောင်း အသီးသီးဆုတ်ခွာသွားဖွယ်ရာရှိသည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအနည်းငယ်မှ အားအသင့်အတင့် ရှိနိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ရွာသွန်းမြဲအောက် လျော့နည်းနိုင်ကာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် ၁၄ ရက်မှ ၂၀ ရက်ခန့်နှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း)၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် ၈ ရက်မှ ၁၃ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**နေ့အပူချိန်**

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် အောက်တိုဘာလ ပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီဆဲလ်စီးယက်နှင့် အထက်ပိုနိုင်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် အောက်တိုဘာလ ပျမ်းမျှအပူချိန်ခန့်သာရှိနိုင်သည်။

**ညအပူချိန်**

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် အောက်တိုဘာလပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီဆဲလ်စီးယက်နှင့်အထက်ပိုနိုင်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် အောက်တိုဘာလ ပျမ်းမျှအပူချိန်ခန့်သာရှိနိုင်သည်။

**မြစ်ရေအခြေအနေ**

၂၀၂၆ ခုနှစ်အောက်တိုဘာလအတွင်း စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် တစ်ကြိမ်ခန့်၊ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် တစ်ကြိမ်ခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် တစ်ကြိမ်ခန့်နှင့် သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် တစ်ကြိမ်ခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်ရောက်ရှိနိုင်သည်။ **(မိုး/ဇလ)**

**နိုင်ငံတစ်ဝန်းစိမ်းလန်းဖို့ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့။**



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ ဒဂုံတက္ကသိုလ်ဘူတာရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။

## ❖ ဘူတာနယ်နိမိတ်အတွင်း စည်းကမ်းစနစ်တကျဖြစ်စေရေးနှင့် သန့်ရှင်းသာယာလှပရေး အမြဲမပြတ်ဆောင်ရွက်၊ ဒဂုံတက္ကသိုလ်ဧရိယာတစ်ခုလုံးအနေဖြင့်လည်း တက္ကသိုလ်အင်္ဂါရပ်နှင့်အညီဖြစ်စေရေး လိုအပ်သည့်ပြုပြင်ထိန်းသိမ်းမှုများကို စဉ်ဆက်မပြတ်ဆောင်ရွက် . . .

☆ **ရှေ့ဖုံးမှအဆက်**

လျာထားနေရာရွေးချယ်ထားရှိမှု၊ ကျောင်းအတွင်းရှိ ဗိုလ်မှူးဗထူးလမ်း လမ်းဘေးဘယ်ညာလူသွားပလက်ဖောင်းများဆောင်ရွက်ခြင်းနှင့်ကတ္တရာကွန်ကရစ်ခင်းခြင်းလုပ်ငန်းများဆောင်ရွက်သွားမည့်အခြေအနေ၊ တက္ကသိုလ်ဝင်းအတွင်း ယာဉ်ကြောမျဉ်းနှင့် လူကူးမျဉ်းကျားများ စနစ်တကျ ဆေးရေးဆွဲသွားမည့်အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက ယာဉ်ရပ်နားဝင်းနှင့် ယာဉ်လှည့်ကွင်းနေရာ တည်ဆောက်ရာ၌မြေသားအောက်ခံဖောင်ဒေးရှင်းကြံ့ခိုင်မှုရှိစေရေး ဆောင်ရွက်သွားရန်၊ ကျောင်းသား၊ ကျောင်းသူများ ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် သွားလာအသုံးပြုနိုင်ရေး လူသွားပလက်ဖောင်းများ ထည့်သွင်းတည်ဆောက်သွားရန်နှင့် ကျောင်းဆင်း၊ ကျောင်းတက်ချိန်များ၌ YBS ဘတ်စ်ကားများကို အချိန်နှင့်တစ်ပြေးညီ စီမံပြေးဆွဲပေးသွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက်နိုင်ငံတော်သမ္မတသည် ဘူတာရုံယာဒ်ဝင်းအတွင်း လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် ဘူတာနယ်နိမိတ်အတွင်း စည်းကမ်းစနစ်တကျဖြစ်စေရေးနှင့်သန့်ရှင်းသာယာလှပရေး အမြဲမပြတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ ဒဂုံတက္ကသိုလ်ဧရိယာတစ်ခုလုံးအနေဖြင့်လည်း တက္ကသိုလ်အင်္ဂါရပ်နှင့်အညီဖြစ်စေရေး လိုအပ်သည့်ပြုပြင်ထိန်းသိမ်းမှုများကို စဉ်ဆက်မပြတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ လမ်းဘေးဝဲယာရှိ ချုံနွယ်များအား ရှင်းလင်းသွားရန်နှင့် သစ်ပင်ကြီးများကိုလည်း အလင်းဖွင့်ခုတ်ထွင်ခြင်းများ ဆောင်ရွက်သွားရန်လိုပြီး သန့်ရှင်းသာယာလှပသည့်၊ ကျန်းမာရေးနှင့်ညီညွတ်မျှတသည့် တက္ကသိုလ်ပတ်ဝန်းကျင်ကောင်းတစ်ခုကို ဖော်ဆောင်ပေးသွားရန်လိုကြောင်း၊ ရေဝပ်ဧရိယာများမရှိစေရေးအတွက်လည်း မြေဖို့ခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ စနစ်တကျဖော်ထုတ်ပေးခြင်းများဆောင်ရွက်သွားရန်လိုကြောင်း၊ ကျောင်းတွင်းလမ်းများကိုလည်း သတ်မှတ်ချက်များနှင့်အညီဖြစ်စေရေး စနစ်တကျပြန်လည်အဆင့်မြှင့်တင်ပေးသွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဒဂုံတက္ကသိုလ် အားကစားကွင်းနှင့်ပွဲကြည့်စင် အဆင့်မြှင့်တင်နိုင်မည့် အခြေအနေများနှင့်ပတ်သက်၍ လမ်းညွှန်မှာကြားစဉ်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမသို့ ရောက်ရှိကြရာ အစည်းအဝေးခန်းမ၌ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာချစ်စိန်တို့က တက္ကသိုလ်၏မျှော်မှန်းချက်နှင့် လုပ်ငန်းတာဝန်များ၊ တက္ကသိုလ်၏လိုအပ်ချက်များ၊ ဘာသာရပ်များအလိုက် သင်ကြားပေးလျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်သမ္မတက လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။



ဒဂုံတက္ကသိုလ် အားကစားကွင်းကိုတွေ့ရစဉ်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် ဒဂုံတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ အကြီးစားပြင်ဆင်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် တက္ကသိုလ်အားကစားကွင်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အားကစားကွင်းနှင့် ပွဲကြည့်စင် အဆင့်မြှင့်တင်နိုင်မည့် အခြေအနေများနှင့်ပတ်သက်၍ ဘောလုံးကွင်းအား မီတာ ၄၀၀ ပြေးလမ်းပါ စံကိုက်ကွင်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ရန်နှင့် ပွဲကြည့်စင်ကိုလည်း သတ်မှတ်ချက်များနှင့်အညီဖြစ်စေရေး ပြန်လည်တည်ဆောက်သွားရန်လိုကြောင်း၊ အားကစားကွင်းအဆင့်မြှင့်တင်ခြင်းများနှင့် တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်နေစဉ်ကာလအတွင်း ကျောင်းအားကစားပွဲများအား လေ့ကျင့်ရေးအားကစားကွင်း၌ ဆောင်ရွက်နိုင်ရေး စီမံပေးထားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

### ဆေးတက္ကသိုလ်(၁) ရန်ကုန်

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ကမာရွတ်မြို့နယ်၊ ဆေးတက္ကသိုလ်(၁)ရန်ကုန်ဝင်းအတွင်း ရှေးယခင်ကတည်ရှိခဲ့သည့် လိပ်ခုံးပုံ (MULTI-PURPOSE ASSEMBLY HALL) အဆောက်အဦအား မူလပုံစံမပျက်ခေတ်မီဆန်းသစ်သည့်အသွင်ဖြင့် အသစ်ပြန်လည်တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိကြရာ ဆေးတက္ကသိုလ်(၁)နှင့် (၂)တို့မှ ပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် တည်ဆောက်ရေးလုပ်ငန်းခွင်အား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြမှုများအပေါ် ယခင်က တည်ရှိခဲ့သည့် လိပ်ခုံးပုံအဆောက်အဦ၏ သမိုင်းမှတ်တမ်းဓာတ်ပုံများ၊ မှတ်တမ်းမှတ်ရာများကို ပြန်လည်ကြည့်ရှုလေ့လာဆန်းစစ်၍ မူလပုံစံမပျက် ခေတ်မီဆန်းသစ်သည့်အသွင်ဖြင့် လိပ်ခုံးပုံအဆောက်အဦဖြစ်စေရေး စနစ်တကျဆောင်ရွက်သွားရန်လိုကြောင်း၊ ယခုတည်ဆောက်မည့် လိပ်ခုံးပုံအဆောက်အဦသည် မော်တော်ယာဉ်များ အသွားအလာများပြားသည့် ပြည်လမ်းမကြီးဘေးတွင် တည်ရှိသည်ဖြစ်၍ အသံထိန်းစနစ်များကိုလည်း စနစ်တကျတွက်ချက်ထည့်သွင်းဆောင်ရွက်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

အဆိုပါ ယခင်က အထင်ကရအဆောက်အဦတစ်ခုအဖြစ် ကျော်ကြားတည်ရှိခဲ့သည့်လိပ်ခုံးပုံသစ်သားခန်းမကြီး (MULTI-PURPOSE ASSEMBLY HALL) အဆောက်အဦကို ဗြိတိသျှဗိသုကာပညာရှင် Ragian Squire က ဒီဇိုင်းရေးဆွဲခဲ့ခြင်းဖြစ်ပြီး ၁၉၅၄ - ၁၉၅၆ ခုနှစ်များအတွင်း ရန်ကုန်စက်မှုတက္ကသိုလ်အတွင်း တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့နောက် အဆိုပါလိပ်ခုံးသစ်သားခန်းမကြီးကို ၁၉၈၀ ပြည့်နှစ်များဝန်းကျင်ခန့်တွင် ယိုယွင်းပျက်စီးလာခြင်း၊ အပူပိုင်းမိုးရေချိန်နှင့် ကာလကြာမြင့်မှုတို့ကြောင့်သစ်သားဖွဲ့စည်းပုံများ ပျက်စီးယိုယွင်းလာကာ လူအများအသုံးပြုနိုင်မှုမရှိတော့ခြင်း၊ ရေရှည်ပြုပြင်ထိန်းသိမ်းရန် ကုန်ကျစရိတ်ကြီးမားလှခြင်းတို့ကြောင့် ဖျက်သိမ်းခဲ့ခြင်းဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် နိုင်ငံတော်သမ္မတ၏လမ်းညွှန်မှာကြားချက်များနှင့်အညီ မူလပုံစံမပျက်ခေတ်မီဆန်းသစ်သည့်အသွင်ဖြင့် အဆိုပါလိပ်ခုံးပုံအဆောက်အဦအား ပြန်လည်တည်ဆောက်လျက်ရှိကြောင်း သိရှိရသည်။

### ရန်ကုန်တက္ကသိုလ်(လှိုင်နယ်မြေ)

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည်ရန်ကုန်တက္ကသိုလ် (လှိုင်နယ်မြေ)သို့ ရောက်ရှိကြပြီး အုပ်ချုပ်မှုအဆောက်အဦ ရှင်းလင်းဆောင်ခန်းမ၌ ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနမှညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းဇော်ဦးက လှိုင်တက္ကသိုလ်များနယ်မြေဆိုင်ရာ အချက်အလက်များနှင့် တက္ကသိုလ်များ၊ စာသင်ဆောင်များ






နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဆေးတက္ကသိုလ်(၁)ရန်ကုန်ဝင်းအတွင်း ရှေးယခင်ကတည်ရှိခဲ့သည့် လိပ်ခုံးပုံ (MULTI-PURPOSE ASSEMBLY HALL) အဆောက်အဦအား မူလပုံစံမပျက်ခေတ်မီဆန်းသစ်သည့်အသွင်ဖြင့် အသစ်ပြန်လည်တည်ဆောက်ရေးလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးစဉ်။

**❖ ယခင်ကတည်ရှိခဲ့သည့် လိပ်ခုံးပုံအဆောက်အဦ၏သမိုင်းမှတ်တမ်း ဓာတ်ပုံများ၊ မှတ်တမ်းမှတ်ရာများကို ပြန်လည်ကြည့်ရှုလေ့လာ ဆန်းစစ်၍ မူလပုံစံမပျက် ခေတ်မီဆန်းသစ်သည့်အသွင်ဖြင့် လိပ်ခုံးပုံအဆောက်အဦဖြစ်စေရေး စနစ်တကျဆောင်ရွက်သွားရန်လို၊ ယခုတည်ဆောက်မည့် လိပ်ခုံးပုံအဆောက်အဦသည် မော်တော်ယာဉ်များ အသွားအလာများပြားသည့် ပြည်လမ်းမကြီးဘေးတွင် တည်ရှိသည်ဖြစ်၍အသံထိန်းစနစ်များကိုလည်း စနစ်တကျ တွက်ချက်ထည့်သွင်းဆောင်ရွက် . . .**



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် လိပ်ခုံးပုံ (MULTI-PURPOSE ASSEMBLY HALL) အဆောက်အဦ တည်ဆောက်နေမှုအခြေအနေများနှင့်ပတ်သက်၍ လမ်းညွှန်မှာကြားစဉ်။




နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ရန်ကုန်တက္ကသိုလ်(လှိုင်နယ်မြေ)အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

**❖ ပညာရေးအရရင်းနှီးမြှုပ်နှံခြင်းသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် အနာဂတ်နိုင်ငံတော်ကောင်းကိုပုံဖော်တည်ဆောက်နေခြင်းပင်ဖြစ်သည့်အတွက် နိုင်ငံအတွက် အသိပညာ အတတ်ပညာပြည့်စုံသည့် လူသားအရင်းအမြစ်ကောင်းများကို တက္ကသိုလ်များမှ စဉ်ဆက်မပြတ်မွေးထုတ်ပေးသွားရန်လို၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ တက္ကသိုလ်များ၊ ကောလိပ်များအနေဖြင့်လည်း ပညာတတ်လူသားအရင်းအမြစ်ကောင်းများမွေးထုတ်၍ ဒေသ၏ကောင်းရာကောင်းကျိုးများကို နိုင်ငံ့ဝန်ထမ်းများအဖြစ် ပြန်လည်အကျိုးပြုတာဝန်ထမ်းဆောင်နိုင်ရေး ဆောင်ရွက်သွားကြရန်လို . . .**

တည်ဆောက်ထားရှိမှုအခြေအနေ၊ လှိုင်တက္ကသိုလ်နယ်မြေအတွင်း တက္ကသိုလ်များအလိုက် အိပ်ဆောင်များနှင့်စာသင်ဆောင်များတည်ရှိမှုအခြေအနေ၊ ဝန်ထမ်းအိမ်ရာများ တည်ဆောက်ထားရှိမှု၊ စာသင်ဆောင်များ၊ Theater များတည်ရှိမှုနှင့် လှိုင်တက္ကသိုလ်များနယ်မြေအတွင်း သင်ကြားမှု၊ သင်ယူမှုနှင့်အုပ်ချုပ်မှု အခြေခံအဆောက်အဦများ၏အခြေအနေနှင့် ထပ်မံလိုအပ်လျက်ရှိသည့် အခြေခံအဆောက်အဦဆိုင်ရာများနှင့်ပတ်သက်၍ လည်းကောင်း၊ ရန်ကုန်ပညာရေးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာကေသွယ်လှိုင်က ရန်ကုန်ပညာရေးတက္ကသိုလ်၏ နောက်ခံသမိုင်းကြောင်းဆိုင်ရာများနှင့်ပေးအပ်လျက်ရှိသည့် ဘွဲ့များ၊ သင်ကြား၊ သင်ယူမှုဆိုင်ရာ အခြေခံအဆောက်အဦ လိုအပ်ချက်များနှင့် ဘဏ္ဍာရေးနှစ်အလိုက် လုပ်ငန်းများအလိုက် ခွင့်ပြုရရှိသည့်ဘဏ္ဍာငွေသုံးစွဲမှု၊ လုပ်ငန်းပြီးစီးမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက သိရှိလိုသည်များမေးမြန်းကာ လှိုင်တက္ကသိုလ်များနယ်မြေနှင့် ကမာရွတ်တက္ကသိုလ်နယ်မြေတို့အတွင်း ဆရာ၊ ဆရာမများနှင့်ကျောင်းသား၊ ကျောင်းသူများ၏ အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များ တစုတစည်းတည်း ဆောင်ရွက်နိုင်ရေးနှင့် သင်ကြားသင်ယူမှုဆိုင်ရာကိစ္စရပ်များ ပိုမိုလျင်မြန်အဆင်ပြေချောမွေ့စွာဆောင်ရွက်နိုင်ရေး ပေါင်းစည်းထားရှိနိုင်ရန် လိုကြောင်း၊ ပညာရေးအရ ရင်းနှီးမြှုပ်နှံခြင်းသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် အနာဂတ်နိုင်ငံတော်ကောင်းကို ပုံဖော်တည်ဆောက်နေခြင်းပင်ဖြစ်သည့်အတွက် နိုင်ငံအတွက် အသိပညာ အတတ်ပညာပြည့်စုံသည့် လူသားအရင်းအမြစ်ကောင်းများကို

**စာမျက်နှာ ၁၈ သို့** ☆

**❖ သင်ကြား၊ သင်ယူမှုအခြေခံအဆောက်အဦ တည်ဆောက်ရေး လုပ်ငန်းများဆောင်ရွက်ရာတွင် တက္ကသိုလ်ဘွဲ့နှင်းသဘင်ကဲ့သို့သော တက္ကသိုလ်တစ်ရပ်၏အဓိကပြယုဂ်နှင့် ဂုဏ်ဒြပ်ဖြစ်သည့် အရေးကြီးအဆောက်အဦများ တည်ဆောက်ရာ၌ ဘက်ပေါင်းစုံမှ စဉ်းစားတွက်ချက်ခြင်း၊ အဆိုပြုနေရာနှင့် အဆိုပြုပုံစံဒီဇိုင်းအကြမ်းများရေးဆွဲ၍ ဦးစားပေးအဆင့်အလိုက်သတ်မှတ်ရွေးချယ်ခြင်းတို့ကို အဆင့်ဆင့်စနစ်တကျဆောင်ရွက်တည်ဆောက်သွားကြရန်နှင့် ရေရှည်အကျိုးကိုကြည့်၍ ဆောင်ရွက်သွားကြရန်လို . . .**

★ **စာမျက်နှာ ၁၇ မှအဆက်**

တက္ကသိုလ်များမှ စဉ်ဆက်မပြတ်မွေးထုတ်ပေးသွားရန်လိုကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိတက္ကသိုလ်များ၊ ကောလိပ်များ အနေဖြင့်လည်း ပညာတတ်လူသားအရင်းအမြစ်ကောင်းများမွေးထုတ်၍ ဒေသ၏ကောင်းရာကောင်းကျိုးများကို နိုင်ငံ့ဝန်ထမ်းများအဖြစ် ပြန်လည်အကျိုးပြုတာဝန်ထမ်းဆောင်နိုင်ရေးဆောင်ရွက်သွားကြရန်လိုကြောင်း၊ တက္ကသိုလ်များအလိုက် ဘာသာရပ်များအလိုက် တက်ရောက်ကြသည့်ကျောင်းသားဦးရေအချိုး၊ သင်ကြားသင်ယူမှုအခြေခံအဆောက်အဦနှင့်သင်ကြားရေးဝန်ထမ်းအချိုးတို့ကို စနစ်တကျတွက်ချက်၍ လိုအပ်ပါက အခြေခံအဆောက်အဦ တိုးချဲ့တည်ဆောက်ခြင်းများ ဆောင်ရွက်ပေးခြင်း၊ လူဦးရေအနည်းငယ်သာရှိသည့် ဘာသာရပ်များအား စုပေါင်းသင်ကြားစေခြင်းတို့ကို လေ့လာဆန်းစစ်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ သင်ကြား၊ သင်ယူမှုအခြေခံအဆောက်အဦတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်တက္ကသိုလ်ဘွဲ့နှင်းသဘင်ကဲ့သို့သော တက္ကသိုလ်တစ်ရပ်၏အဓိကပြယုဂ်နှင့်ဂုဏ်ဒြပ်ဖြစ်သည့်အရေးကြီးအဆောက်အဦများ တည်ဆောက်ရာ၌ ဘက်ပေါင်းစုံမှ စဉ်းစားတွက်ချက်ခြင်း၊ အဆိုပြုနေရာနှင့်အဆိုပြုပုံစံ ဒီဇိုင်းအကြမ်းများရေးဆွဲ၍ ဦးစားပေးအဆင့်အလိုက်သတ်မှတ်ရွေးချယ်ခြင်းတို့ကို အဆင့်ဆင့်စနစ်တကျ ဆောင်ရွက်တည်ဆောက်သွားကြရန်နှင့် ရေရှည်အကျိုးကိုကြည့်၍ ဆောင်ရွက်သွားကြရန်လိုကြောင်း၊ စီးပွားရေးတက္ကသိုလ်(ရန်ကုန်)၊ ရန်ကုန်တက္ကသိုလ်၊ ပညာရေးတက္ကသိုလ်တို့အား ကျောင်းသားဦးရေနှင့် သင်ကြားရေးဝန်ထမ်းများ၏ အချိုး၊ အခြေခံအဆောက်အဦလိုအပ်ချက်အချိုးတို့ကို ဆန်းစစ်လေ့လာတွက်ချက်၍ တစုတစည်းတည်းဖြစ်စေရေး စုစည်းဆောင်ရွက်နိုင်မည့်အခြေအနေများကို အဖြေရှာဆောင်ရွက်သွားကြရန်လိုကြောင်း၊ တက္ကသိုလ်များအလိုက် အခြေခံအဆောက်အဦများ၏ အသုံးပြုမည့် အကြောင်းအရာ၊ လူဝင်ဆံ့မှုတို့အလိုက် အဆောက်အဦကြံ့ခိုင်မှုများကိုလည်း ပြန်လည်တိုင်းတာဆန်းစစ်ပြုစု၍ စနစ်တကျဖြစ်စေရေး ဆောင်ရွက်သွားကြရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ရန်ကုန်တက္ကသိုလ်(လှိုင်နယ်မြေ)အတွင်း လှည့်လည်၍ Theater များ၊ စာသင်ဆောင်များ၊ ဘာသာရပ်အလိုက်စာပေဌာနများ၊ စာကြည့်တိုက်ဆောင်ရွက်ထားရှိမှုများ၊ ကျောင်းသား၊ ကျောင်းသူများ၏ အဆောင်များစသည်ဖြင့် တက္ကသိုလ်အဆောက်အဦအကွက်ချဆောင်ရွက်ထားရှိမှုမြေပြင်အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များလမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ

---

**၁ ရှေ့ဖုံးမှအဆက်**

ဆောင်ရွက်လျက်ရှိပြီး စက်တင်ဘာလ ၁ ရက်မှ စက်တင်ဘာလ ၂၅ ရက်အထိ သွင်းကုန်/ပို့ကုန်ယာဉ် အစီးရေ ၆၁ စီးကုန်သွယ်မှုတန်ဖိုးစုစုပေါင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၆၆၇ သန်းကုန်သွယ်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါစခန်းအတွင်း လုပ်ငန်းများဆောင်ရွက်နေမှုနှင့် စခန်းဧရိယာအတွင်း တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ယမန်နေ့ မွန်းလွဲပိုင်းက ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ပြည်နယ်ဝန်ကြီးများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် ကံပိုက်တည်နယ်စပ်ကုန်သွယ်ရေး OSS အဖွဲ့ဝင်များနှင့်တွေ့ဆုံပြီး ကုန်စည်စီးဆင်းမှုလုပ်ငန်းများပုံမှန်လည်ပတ်နိုင်ရေး၊ ပိုမိုလွယ်ကူလျင်မြန်စွာဆောင်ရွက်နိုင်ရေး၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဒေသတွင်းစားသောက်ကုန်ပြတ်လပ်မှုမဖြစ်ပေါ်စေရေး အလေးထားဆောင်ရွက်ကြရေး ဆွေးနွေးမှာကြားသည်။

ထိုသို့ တွေ့ဆုံစဉ်စခန်းဖွင့်လှစ်ပြီး ကုန်သွယ်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ခဲ့မှုအခြေအနေ၊ ကုန်စစ်ဆေးရေးစခန်းအတွင်း လိုအပ်ချက်များနှင့် စခန်းအတွင်းလမ်းများတိုးချဲ့ဆောင်ရွက်မှု၊ အခြေခံအဆောက်အအုံများ တည်ဆောက်နေမှုတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ စခန်းအတွင်း ကုန်တင်ယာဉ်ကြီးများ ရပ်နားနိုင်ရေးခြံစည်းရိုးနှင့် သံပန်းတံခါးစနစ်တကျတပ်ဆင်ကာရံဆောင်ရွက်ထားရှိမှု၊ ရေတွင်းတူးဖော်ခြင်း၊ ရေစင်၊ ရေချိုးခန်းနှင့်ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များ နားနေဆောင်တည်ဆောက်နေမှု၊ ကုန်တင်ယာဉ်ကြီးများ ဝင်/ထွက်သွားလာမှု အဆင်ပြေချောမွေ့စွာ ဖြတ်သန်းသွားလာနိုင်ရေးစခန်းပတ်လည်တွင် မြေသားလမ်းပြုပြင်တိုးချဲ့ခြင်းလုပ်ငန်းနှင့် ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု၊ အဆိုပါလမ်းပိုင်းအတွင်း Box Culvert တည်ဆောက်ခြင်းလုပ်ငန်းများဆောင်ရွက်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တည်ဆောက်ရေးလုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်ပြီးစီးရေးအတွက် ငွေကျပ်သိန်း ၁၀၀ ကို ပေးအပ်ခဲ့သည်။

ယနေ့မွန်းလွဲပိုင်းတွင်လည်း ၂၀၂၆ ခုနှစ်တိုင်းဒေသကြီးနှင့် ပြည်နယ်ပြေးခုန်ပစ်ပြိုင်ပွဲနှင့်လက်ဝှေ့ပြိုင်ပွဲတို့တွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ပြည်နယ်လက်ရွေးစင်ပြေးခုန်ပစ်အသင်းနှင့်လက်ဝှေ့အသင်းတို့ကို အောင်နိုင်ရေးအလံနှင့် ချီးမြှင့်ငွေများပေးအပ်ပွဲသို့ တက်ရောက်အားပေးပြီး လက်ရွေးစင်ပြေးခုန်ပစ်အသင်းနှင့် လက်ဝှေ့အသင်းနည်းပြ၊ အုပ်ချုပ်သူနှင့် အားကစားသမားများအတွက် အောင်နိုင်ရေးအလံနှင့် ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

---

# ထားဝယ်မြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြို့တွင်းရှိ လမ်းအချို့လမ်းရေကျော်လျက်ရှိပြီး ရေကြီးရေလျှံမှုနှင့်မြေပြိုမှုဖြစ်ပွား

**ထားဝယ် စက်တင်ဘာ ၂၇**

ထားဝယ်မြို့နယ်အတွင်းယမန်နေ့ ညနေပိုင်းမှစ၍ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ထားဝယ်မြို့အတွင်းရှိလမ်းအချို့ ရေကြီးရေလျှံလျက်ရှိပြီး ရေကြီးရေလျှံမှု၊ မြေပြိုမှုကြုံတွေ့နေရသည့် မြို့ရွာများသို့ကယ်ဆယ်ရေးနှင့်ကူညီထောက်ပံ့ရေးလုပ်ငန်းများ၊ သောက်သုံးရေ၊ အစားအစာနှင့် ဆေးဝါးများကို တိုင်းဒေသကြီးအစိုးရအဖွဲ့ဦးဆောင်မှုဖြင့် ထိရောက်စွာကူညီဆောင်ရွက်ပေးလျက်ရှိရာ သွားရောက်ရန်ခက်ခဲသော နေရာများသို့လည်း ပရဟိတလူမှုကူညီရေးအသင်းများ၊ ဒေသခံများက တစ်ဆင့်ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။



ယနေ့နံနက်ပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဇော်နိုင်ဦး ၊ တိုင်းဒေသကြီးဝန်ကြီးများ ပေါက်တိုင်းတံတား၊ မြို့တွင်းရှိ ဆေးရုံကြီးလမ်း၊ မြို့သစ်(၈)လမ်း၊ ထားဝယ်ကမ်းနားလမ်းနှင့်အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းရှေ့တို့တွင် ရေကျော်နေမှုအခြေအနေများကိုကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် တိုင်းဒေသကြီးဝန်ကြီးချုပ်က ရေမြောင်းများ ရေစီးရေလာကောင်း မွန်စေရေးအတွက် ရေကာနံရံများကို စနစ်တကျဖြင့်အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ယခုရက်သည် လပြည့်ရက်ဖြစ်သောကြောင့် ဒီရေအတက်အကျကိုလည်း အထူးဂရုပြုဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ရေစီးနှင့်အတူပါလာသောအမှိုက်များကိုလည်း စနစ်တကျသိမ်းဆည်းသွားရန်လိုအပ်ကြောင်းနှင့် ထားဝယ်မြို့နယ်းတူ အခြားမြို့နယ်များတွင်လည်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဖြစ်ပေါ်လာမည့် သဘာဝဘေးအန္တရာယ်များအတွက် လိုအပ်သည့် ကူညီထောက်ပံ့မှုများကို ချက်ချင်းဆောင်ရွက်ရန် လိုအပ်ကြောင်း မှာကြားခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး (ပြန်/ဆက်)

---

# လာမည့်နွေရာသီတွင် လျှပ်စစ်ဓာတ်အား ပိုမိုဖြန့်ဖြူးပေးနိုင်ရေး ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ကွင်းဆင်းစစ်ဆေး

**ရန်ကုန် စက်တင်ဘာ ၂၇**

လာမည့်နွေရာသီတွင် လျှပ်စစ်ဓာတ်အား ပိုမိုဖြန့်ဖြူးပေးနိုင်ရေးအတွက် ပင်မဓာတ်အားခွဲရုံများနှင့် ဖြန့်ဖြူးရေးဓာတ်အားလိုင်းများ ကြံ့ခိုင်ကောင်းမွန်စေရေး ဆောင်ရွက်ထားမှုအခြေအနေကို ယမန်နေ့က ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းဥက္ကဋ္ဌ ဦးအောင်ကျော်ဦးသည် တာဝန်ရှိသူများနှင့်အတူ ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။



ထိုသို့ ကြည့်ရှုစစ်ဆေးရာတွင် မရမ်းကုန်းမြို့နယ်ရုံးဓာတ်အားခွဲရုံ၊ တော်ဝင်ဓာတ်အားခွဲရုံ၊ ၁၀ မိုင်ဓာတ်အားခွဲရုံ၊ လှော်ကားပင်မဓာတ်အားခွဲရုံ၊ ရွာမဓာတ်အားပေးစက်ရုံတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး လာမည့်နွေရာသီ ဓာတ်အားသုံးစွဲမှုမြင့်မားချိန်တွင်ဓာတ်အားပိုမိုဖြန့်ဖြူးပေးနိုင်ရေးအတွက် ဖီဒါအသစ်များ တိုးချဲ့တပ်ဆင်၍ ဝန်အားမျှဖြန့်ဖြူးရေး၊ လျှပ်စစ်ဓာတ်အားလိုင်းများနှင့် ထရန်စဖော်မာများကြံ့ခိုင်မှုရှိစေရန် ကြိုတင်စစ်ဆေးပြုပြင်ထိန်းသိမ်းခြင်းများဆောင်ရွက်ထားရှိရေးတို့ကို အသေးစိတ်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ

---

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် စက်တင်ဘာ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့်ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် နေရာကွက်ကျား၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ (မိုး/ဇလ)

---

## ၂၇-၉-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား( ၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ (၇,၁၂၀,၀၀၀)ကျပ် ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

# ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်ရှိ အလုပ်သမားဆေးရုံ (ထန်းတပင်)၌ ကျောက်ကပ်သန့်စင်စက်တပ်ဆင်ပြီး စမ်းသပ်လည်ပတ်



ရန်ကုန် စက်တင်ဘာ ၂၇

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်ရှိအလုပ်သမားဆေးရုံ (ထန်းတပင်)၌ဆေးကုသမှုဝန်ဆောင်မှုအပြင် ကျောက်ကပ်သွေးသန့်စင်ဆေးကြောသည့်ဝန်ဆောင်မှုတိုးချဲ့ဆောင်ရွက်နိုင်ရေး ကျောက်ကပ်သန့်စင်စက် တပ်ဆင်ပြီးစမ်းသပ်လည်ပတ်လျက်ရှိကြောင်း သိရသည်။

အဆိုပါ စမ်းသပ်လည်ပတ်မှုကို အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် ယနေ့နံနက်ပိုင်းတွင် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ လူမှုဖူလုံရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်၊ ရန်ကုန်တိုင်းဒေသကြီး အလုပ်သမားရေးရာ တာဝန်ရှိသူများနှင့်အတူသွားရောက်ကြည့်ရှုစစ်ဆေးပြီး အောက်တိုဘာလအတွင်း အာမခံအလုပ်သမားလူနာများကို ကျောက်ကပ်သွေးသန့်စင်ပေးနိုင်ရေး လိုအပ်သောဆေးပစ္စည်းများ အမြန်ဝယ်ယူနိုင်ရေး မှာကြားသည်။

ဆက်လက်၍လူမှုဖူလုံရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်က ကျောက်ကပ်သွေးသန့်စင်လုပ်ငန်းအတွက် လိုအပ်သောရေသန့်စက်တပ်ဆင်မှုလုပ်ငန်းများပြီးစီးမှု၊ ဆက်စပ်ပစ္စည်းများ ဝယ်ယူနိုင်ရေးဆောင်ရွက်နေမှုများနှင့် ရွှေပြည်သာနှင့် လှိုင်သာယာမြို့နယ်အတွင်းရှိ အာမခံအလုပ်သမားများ ကျောက်ကပ်သွေးသန့်စင်လုပ်ငန်းများ ဆောင်ရွက်လိုပါက အလုပ်သမားဆေးရုံ(ထန်းတပင်)၌ လာရောက်ဆေးကုသနိုင်ရန် စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း တင်ပြသည်။

လူမှုဖူလုံရေးအဖွဲ့အနေဖြင့် နာတာရှည်ကျောက်ကပ်ရောဂါခံစားနေရသော အာမခံအလုပ်သမားလူနာများကို ကျောက်ကပ်သွေးသန့်စင်သည့် ဝန်ဆောင်မှုများကို အလုပ်သမားဆေးရုံကြီး (ရန်ကုန်)တွင်၈/၂၀၂၄လထိ အာမခံအလုပ်သမားလူနာ ၅၃၀ ဦးအတွက် ဆေးကြောသည့် အကြိမ်ရေ ၃၀၄၅ ကြိမ်နှင့် အလုပ်သမားဆေးရုံကြီး (မန္တလေး)တွင်အာမခံအလုပ်သမားလူနာ ၃၀၈ ဦးအတွက် ဆေးကြောသည့် အကြိမ်ရေ ၂၅၄၂ ကြိမ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထို့ပြင် အမှတ်(၂၇) အာနန္ဒာဘုရားလမ်းနှင့် မေဃဝတီကျောင်းလမ်းထောင့် ဘဝမြင့်ရပ်ကွက် သဃ်န်းကျွန်းမြို့နယ်ရှိ နည်းပညာအထောက်အကူပြုရုံး(ရန်ကုန်) အဆောက်အအုံများကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက သင်တန်းကျောင်းများအနေဖြင့် အလုပ်ရှင်များလိုအပ်သည့် ကျွမ်းကျင်သင်တန်းများ ပို့ချပေးနိုင်ရေး မျက်ခြည်မပြတ်ဆောင်ရွက်ရန်နှင့် သင်တန်းကျောင်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်၊ မိမိဌာနများ၊ သင်တန်းကျောင်းများ အစဉ်မပြတ် ကောင်းမွန်မှုရှိစေရေး တာဝန်ကျဝန်ထမ်းများအနေဖြင့် ထိန်းသိမ်းစောင့်ရှောက်ရန် မှာကြားခဲ့ကြောင်းသိရသည်။

မြဝတီ

# ရခိုင်ပြည်နယ်လွှတ်တော်၌ ရခိုင်ပြည်နယ် အရအသုံးခန့်မှန်းခြေငွေစာရင်း(လျာထားချက်) နှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကျင်းပ



စစ်တွေ စက်တင်ဘာ ၂၇

၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် ရခိုင်ပြည်နယ် အရအသုံးခန့်မှန်းခြေငွေစာရင်း (လျာထားချက်)နှင့် စပ်လျဉ်းသည့်ညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာလ ၂၅ ရက်မှ ၂၆ ရက်အထိ ရခိုင်ပြည်နယ်လွှတ်တော်ရုံးအစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ညှိနှိုင်းအစည်းအဝေးတွင်၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် ရခိုင်ပြည်နယ်၏ အရအသုံးခန့်မှန်းခြေငွေစာရင်း (လျာထားချက်)တင်သွင်းလာမှုနှင့် စပ်လျဉ်း၍ ရခိုင်ပြည်နယ်လွှတ်တော် ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာရေးဆိုင်ရာကော်မတီနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက စိစစ်မှုများဆောင်ရွက်ခဲ့ကြောင်း၊ ပြည်သူလူထုအတွက် အမှန်တကယ်အကျိုးဖြစ်ထွန်းစေမည့် ဥပဒေတစ်ခုဖြစ်ပေါ်လာစေရေးအတွက် အစည်းအဝေးအား ခေါ်ယူကျင်းပရခြင်းဖြစ်ကြောင်း ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌဒေါက်တာစန်းရွှေက နှုတ်ခွန်းဆက်စကားပြောကြားသည်။

အစည်းအဝေးသို့ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာထင်လင်းဦး၊ ရခိုင်ပြည်နယ်လွှတ်တော်ရုံး ဒုတိယ ညွှန်ကြားရေးမှူးချုပ်နှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများတက်ရောက်ခဲ့ကြသည်။

အဆိုပါ၂၀၂၇-၂၀၂၈ဘဏ္ဍာနှစ် ရခိုင်ပြည်နယ်အရအသုံးခန့်မှန်းခြေငွေစာရင်း(လျာထားချက်)များကို မကြာမီကျင်းပမည့် တတိယအကြိမ် ရခိုင်ပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးတွင် တင်သွင်းသွားမည်ဖြစ်ကြောင်း သိရသည်။

တင်ထွန်း(ပြန်/ဆက်)



ကွင်းဆင်းစစ်ဆေးရာတွင် လျှပ်စစ်မီးခိုးယူထားမှုအား စစ်ဆေးတွေ့ရှိရပုံ



မီးခိုးယူသုံးစွဲထားသည့် ရှိုင်ရယ်ခတ္တာဟိုတယ်



ရှိုင်ရယ်ခတ္တာဟိုတယ် မန်နေဂျာ ဦးနေမင်းအောင်

❒ ကျောဖုံးမှအဆက်

စစ်ဆေးပေါ်ပေါက်သဖြင့် မီတာအားချက်ချင်းဖြုတ်ယူသိမ်းဆည်းခဲ့ပြီး နိုင်ငံတော်မှနစ်နာဆုံးရှုံးခဲ့သည့်ငွေကျပ်၁၃၈ ဒသမ ၂၃၆ သန်းကို ပြန်လည်ပေးသွင်းစေရေးနှင့် လျှပ်စစ်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရန် ပိုင်ရှင်ဖြစ်သူ ဦးထက်အောင်လှိုင်၊ ဦးကျော်ခိုင်တို့နှင့် မန်နေဂျာ ဦးနေမင်းအောင်တို့ကို စမ်းချောင်းမြို့မရဲစခန်းတွင် အမှုအမှတ် (ပ-၃၉၉/၂၀၂၄) ဖြင့် အမှုဖွင့်လှစ် ဆောင်ရွက်ထားရှိပြီးဖြစ်ကြောင်းသိရသည်။

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနရှိ Control Center များ၏ နည်းပညာအဆင့်မြင့်တင်လာနိုင်သည့်အတွက် လျှပ်စစ်ဓာတ်အားခိုးယူသုံးစွဲမှုများ ပိုမိုဖော်ထုတ်လာနိုင်သည်နှင့်အမျှ လျှပ်စစ်ဓာတ်အားမရရှိသေးသည့် ပြည်သူများအား ပိုမိုတိုးမြှင့်ဖြန့်ဖြူးပေးနိုင်လျက်ရှိသည်။ ပြည်သူများအနေဖြင့်လည်း လျှပ်စစ်ဓာတ်အားကို စည်းကမ်းတကျသုံးစွဲကြရန်နှင့် ဓာတ်အားခိုးယူသုံးစွဲမှုများတွေ့ရှိပါက Call Center များသို့ ဆက်သွယ်သတင်းပေးခြင်းဖြင့် ပူးပေါင်းဆောင်ရွက်ကြပါရန် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက အသိပေးကြေညာထားကြောင်းသိရသည်။

မြဝတီ

# မိုင်းရှူးမြို့နယ်၌ စိမ့်စမ်းရေသွယ်ယူခြင်း လုပ်ငန်းများဆောင်ရွက်နေမှုစစ်ဆေး

မိုင်းရှူး စက်တင်ဘာ ၂၇

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန မိုင်းရှူးခရိုင် မိုင်းရှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ နွေရာသီရေရှားပါးသည့်ပြဿနာများ ပြေလည်ပြီး သန့်ရှင်းသောသောက်သုံးရေများ ရာသီမရွေး ဖူလုံစွာရရှိစေရန် ရည်ရွယ်၍ စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက ဟိုင်းပါကျေးရွာအုပ်စု နောင်မောဝ့်ကျေးရွာ၌ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးရာတွင် မိုင်းရှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်သီတာဟန်နှင့် အင်ဂျင်နီယာဝန်ထမ်းများသည် နောင်မောဝ့်ကျေးရွာတွင် ရေထွက်ပင်ရင်းမှ ကျေးရွာအရောက် အရှည်ပေ ၇၉၂၀ ရှိစိမ့်စမ်းရေသွယ်ယူခြင်း၊ အလျား ၁၅ ပေ၊ အနံ ၁၀ ပေ၊ အမြင့် ၆ ပေရှိရေစုကန်တည်ဆောက်ခြင်းနှင့် အလျား ၂၅ ပေ၊ အနံ ၃ ပေ၊ အမြင့် ၅ ပေရှိ ရေတားတမံတည်ဆောက်ခြင်းလုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ တင်ဒါအောင်မြင်သည့် ကုမ္ပဏီမှတာဝန်ရှိသူများနှင့်တွေ့ဆုံကာ အဆိုပါလုပ်ငန်းကို စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးအောင် အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားပြီး ကျေးရွာတင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့သည်။

အဆိုပါလုပ်ငန်းများကို ယခုနှစ် ဇူလိုင်လမှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး၏ ၈၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ချမ်းမြေ့

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၅˚C | / | ၃၆˚C |
| ရန်ကုန် | ၂၄˚C | / | ၃၆˚C |
| မန္တလေး | ၂၆˚C | / | ၃၆˚C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

နေပြည်တော် စက်တင်ဘာ ၂၇

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) တို့တွင် မိုးကြီးမည်။ (မိုး/ဇလ)

# လက်ရှိကမ္ဘာ့ချန်ပီယံစပိန်အသင်း အင်္ဂလန်အသင်းကိုအနိုင်ရရှိ



**ရန်ကုန် စက်တင်ဘာ ၂၇**

UEFA Nations League A Group(3) ပွဲစဉ်၌ အင်္ဂလန်အသင်းနှင့် လက်ရှိကမ္ဘာ့ချန်ပီယံ စပိန်အသင်းတို့ စက်တင်ဘာလ ၂၇ ရက် နံနက်ပိုင်းတွင် ယှဉ်ပြိုင်ကစားကြရာ စပိန်အသင်းက အင်္ဂလန်အသင်းကို ၃ ဂိုး ၂ ဂိုးဖြင့်အနိုင်ရရှိခဲ့ကြောင်း သိရသည်။

ပထမပိုင်း ပွဲစတင်ချိန်မှာပင် တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန် တိုက်စစ်ဆင်ကစားခဲ့ကြပြီး ပွဲကစားချိန် ၂ မိနစ်တွင် စပိန်လူငယ်ကြယ်ပွင့်ကစားသမား လာမင်ယာမယ်က စပိန်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူပေးခဲ့သည်။ ပွဲကစားချိန် ၃၆ မိနစ်တွင် အင်္ဂလန်အသင်းအတွက် ဂျူဘယ်လင်ဂမ်ဖန်တီးပေးသောဘောလုံးကိုအန်တိုနီဂေါ်ဒန်ကအပိုင်ကန်သွင်းယူခဲ့သောကြောင့် ပွဲကစားချိန် ၃၆ မိနစ်တွင် တစ်ဖက် ၁ ဂိုးစီဖြင့် သရေရလဒ်ထွက်ပေါ်ခဲ့သည်။

ထို့နောက် ပွဲကစားချိန်မိနစ် ၄၀ တွင် နီကိုအိုဝိုင်လီ ဖန်တီးပေးသောဘောလုံးကို တိုက်စစ်မှူး ဟယ်ရီကိန်း ခေါင်းတိုက်အဆုံးသတ်ခဲ့သောကြောင့် ပထမပိုင်းပွဲပြီးချိန်တွင် အင်္ဂလန်အသင်းက စပိန်အသင်းကို ၂ ဂိုး ၁ ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ဒုတိယပိုင်း ပွဲကစားချိန်တွင် စပိန်အသင်းတိုက်စစ်မြှင့်တင်ကစားခဲ့သော်လည်း စပိန်အသင်းကစားသမားများက ရရှိလာသည့်အခွင့်အရေးများကို အသုံးမချနိုင်ခဲ့ပေ။ ပွဲကစားချိန် ၅၄ မိနစ်တွင် အင်္ဂလန်အသင်းအတွက် ပယ်နယ်တီကန်သွင်းခွင့်ရရှိခဲ့သည်။ အဆိုပါပယ်နယ်တီကို အင်္ဂလန်အသင်းခေါင်းဆောင် ဟယ်ရီကိန်း ကန်သွင်းခဲ့ရာ ဂိုးအဖြစ်ပြောင်းလဲနိုင်ခြင်းမရှိခဲ့ပေ။

စပိန်အသင်းအတွက် ပွဲကစားချိန်မိနစ် ၆၀ တွင် အဲလက်ဇေနာက ချေပဂိုးသွင်းယူပေးခဲ့ပြီး ၇၄ မိနစ်တွင် အိုရာဇာဘယ်က အနိုင်ဂိုးသွင်းယူပေးခဲ့သည်။ ပွဲပြီးဆုံးချိန်တွင် လက်ရှိကမ္ဘာ့ချန်ပီယံ စပိန်အသင်းက အင်္ဂလန်အသင်းကို ၃ ဂိုး ၂ ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

စပိန်အသင်းလူငယ်ကြယ်ပွင့်ကစားသမား လာမင်ယာမယ်က စပိန်လက်ရွေးစင်အသင်းအတွက် ၃၃ ပွဲကစားပြီး ဂိုးဖန်တီးမှု ၁၂ ကြိမ်နှင့် သွင်းဂိုးခုနစ်ဂိုးသွင်းယူထားသည်။ **ZMO**

# FIFA-ASEAN Cup ပြိုင်ပွဲတွင် ကမ္ဘောဒီးယားကို မြန်မာအသင်းရှုံးနိမ့်



**ရန်ကုန် စက်တင်ဘာ ၂၇**

FIFA–ASEAN Cup 2026 ပြိုင်ပွဲ Division 2 အုပ်စုဒုတိယနေ့ကို စက်တင်ဘာလ ၂၇ ရက်က ဟောင်ကောင်၌ဆက်လက်ကျင်းပရာ မြန်မာအသင်းသည် ကမ္ဘောဒီးယားအသင်းကို ၁ ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

မြန်မာအသင်းသည် ယခုပွဲအနိုင်ရပါက ဗိုလ်လုပွဲတက်ရောက်ခွင့်ရမည်ဖြစ်သော်လည်း အရေးနိမ့်ခဲ့သဖြင့် ဗိုလ်လုပွဲတက်ရောက်ခွင့်ရရန် အခွင့်အရေးနည်းသွားပြီဖြစ်သည်။ မြန်မာအသင်း၏ ယခုပြိုင်ပွဲကစားနေသည့် ခြေစွမ်းမှာ အားရစရာမရှိဘဲ ပထမပွဲတွင် တီမောကိုအနိုင်ရသော်လည်း ခြေစွမ်းအရ အားရစရာမရှိသကဲ့သို့ ယခုပွဲတွင်လည်း ခြေစွမ်းမကောင်းဘဲ ရှုံးပွဲပါကြုံတွေ့ခဲ့ခြင်းဖြစ်သည်။ ဒဏ်ရာရကစားသမားအချို့ရှိနေသော်လည်း မြန်မာအသင်း၏ ကစားပုံမှာ ပြီးခဲ့သည့် အာဆီယံဖလား ပြိုင်ပွဲနှင့်ကွာခြားခဲ့ပြီး ကမ္ဘောဒီးယားအသင်းကိုပင် အရေးနိမ့်သည်အထိ ကြုံတွေ့ခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းနည်းပြချုပ်ယော်အန်ဒါဆင်သည် ပွဲထွက်လူစာရင်းကို အပြောင်းအလဲအချို့ပြုလုပ်ခဲ့ပြီး ဇင်ညီညီအောင်(ဂိုး)၊ ဖွဲခန့်မင်း၊ ဟိန်းဇေယျာလင်း၊ စိုးမိုးကျော်၊ မြတ်ဘုန်းခန့်၊ ဝေလင်းအောင်၊ ကျော်မင်းဦး၊ ဟိန်းထက်အောင်၊ မြတ်ကောင်းခန့်၊ ဝင်းနိုင်ထွန်း၊ သန်းပိုင်တို့ကို အသုံးပြုခဲ့သည်။ ပထမပိုင်းတွင် အပြန်အလှန်တိုက်စစ်ဆင်ကစားနိုင်ခဲ့ပြီး မြန်မာအသင်းအနေဖြင့် ဂိုးရနိုင်သည့် အခွင့်အရေးအချို့ရခဲ့သော်လည်း အသုံးမချနိုင်ခဲ့ပေ။ ဒုတိယပိုင်းတွင်ကမ္ဘောဒီးယားအသင်း ပိုဖိကစားနိုင်ပြီး မြန်မာအသင်းတိုက်စစ်မှာ ပထမပိုင်းလောက် ထိရောက်မှုမရှိခဲ့ပေ။ ပွဲပြီးခါနီးတွင် ကမ္ဘောဒီးယားအသင်းအနိုင်ဂိုးရခဲ့ပြီး ကာကာဒါက ပယ်နယ်တီဧရိယာစည်းအပြင်ဘက်မှ ကန်သွင်းခဲ့ခြင်းဖြစ်သည်။

အုပ်စု(B)တွင် ကမ္ဘောဒီးယားအသင်းက တစ်ပွဲကစားသုံးမှတ်၊ မြန်မာအသင်းက ပွဲကုန်နှစ်ပွဲကစားသုံးမှတ်ရထားပြီး တီမောအသင်းမှာမူ တစ်ပွဲကစားအမှတ်မရသေးပေ။ စက်တင်ဘာလ ၃၀ ရက်တွင် အုပ်စုနောက်ဆုံးပွဲအဖြစ် တီမောအသင်းနှင့် ကမ္ဘောဒီးယားအသင်းတို့ကစားရမည်ဖြစ်ပြီး တီမောအသင်းက အနိုင်ရမှသာ မြန်မာအသင်းသည် ဗိုလ်လုပွဲတက်ရောက်ရန် မျှော်လင့်နိုင်မည်ဖြစ်သည်။ ကမ္ဘောဒီးယားအသင်းသည် အနိမ့်ဆုံးသရေကစားနိုင်ရုံဖြင့် ဗိုလ်လုပွဲတက်ရောက်နိုင်မည်ဖြစ်သည်။

**ကိုညီလေး၊ ဓာတ်ပုံ-MFF**

■ **လက်ဝှေ့ပြိုင်ပွဲမှ**

2026–Myanmar Fight(35) မျိုးဆက်သစ်မြန်မာ့ရိုးရာလက်ဝှေ့ ပြိုင်ပွဲများကို ယနေ့နေ့လယ်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူအားကစားရုံ၌ကျင်းပသည်။

ယင်းပြိုင်ပွဲတွင် ၃ မိနစ်ထိုး၊ ၂ မိနစ်နားသုံးချီစိန်ခေါ်ပွဲများဖြစ်ပြီး တွဲဆိုင်း ၁၀ ဆိုင်းဖြင့် ကျင်းပခြင်းဖြစ်သည်။

အဆိုပါပြိုင်ပွဲများ၌ ဇေယျာနိုင်(ပဲခူးကလပ်)နှင့် ယောရီ(Nina Club)တို့ပွဲတွင် ဇေယျာနိုင်၏လက်သီးထိုးချက်ကြောင့် ဒုတိယအချီတွင်ယောရီ အနားတောင်းခဲ့ရပြီး ဆက်လက်ယှဉ်ပြိုင်နိုင်ခြင်းမရှိ၍ အရှုံးပေးလိုက်ရသည်။ ကျားပေါက် (Tiger King) နှင့်ဖွဲ့ဘိုဘိုအောင် (Nline Club)ပွဲတွင် သူတင်ကိုယ်တင်ထိုးကြရာ တတိယအချီတွင် ကျားပေါက်က ဖွဲ့ဘိုဘိုအောင်ကို အလဲထိုး၍ အနိုင်ရခဲ့သည်။ စိုင်းစန်းထူး(MK1)နှင့်နိုင်မင်းဟိန်း(Vanguard)ပွဲတွင် နိုင်မင်းဟိန်းက စိုင်းစန်းထူးကို တတိယအချီတွင် အလဲထိုးဖြင့် အနိုင်ရခဲ့သည်။

ထို့အတူ ကျော်ဇင်နိုင်(ဓာတိမြန်မာ)နှင့် လောဆိုင်(MK1)တို့ပွဲတွင် ကျော်ဇင်နိုင်၏လက်သီးထိုးချက်များကြောင့် ဒုတိယအချီတွင် လောဆိုင်ဒဏ်ရာရကာ အရှုံးပေးလိုက်ရသည်။ ကျော်မင်းလွင် (Unity Seven)နှင့်အောင်မြင့်မြတ်(Vanguard)တို့ပွဲတွင် ကျော်မင်းလွင်က အောင်မြင့်မြတ်ကို တတိယအချီတွင် အလဲထိုးအနိုင်ရသည်။ အောင်အောင်ဟိန်း (Smart Fight)နှင့် တိုးမောင်(အဖြူရောင်သွေးသစ်)တို့ပွဲတွင် အောင်အောင်ဟိန်းက တိုးမောင်ကို ဒုတိယအချီတွင် ဒိုင်ပွဲရပ်ဖြင့်အနိုင်ရသည်။

ဒေးဗစ်ချင်း(MK1)နှင့် မွန်လေး(ဓာတိမြန်မာ)၊ ဖြိုးမင်းသန်း(ပဲခူးကလပ်)နှင့်ထွန်းလင်းအောင် (Smart Fight)တို့ ပြိုင်ပွဲများ၌ အလူးအလဲဖြင့်ပူးတွဲသရေကျခဲ့သည်။ ကောင်းလင်းဆက်(ပဲခူးကလပ်)နှင့် ဟိန်းထက်အောင် (Smart Fight)၊ ဝေယောဇက်(ရိုးရာကျား)နှင့် ကျားမာန်ဟိန်း(Smart Fight)တို့ပွဲတွင် အချီပြည့်ပရိသတ်အကြိုက်ထိုးသတ်ခဲ့ကြသော်လည်း အနိုင်အရှုံးမပေါ်ဘဲ ပူးတွဲသရေပွဲအဖြစ်သာအဆုံးသတ်ခဲ့ကြသည်။ **ဝန်းရံခ**

# M League 2026(U 20) အမှတ်ပေးဘောလုံးပြိုင်ပွဲတွင် ဒဂုံစတားယူနိုက်တက်အသင်း Galaxy အသင်းကိုအနိုင်ရရှိ

**ရန်ကုန် စက်တင်ဘာ ၂၇**

M League 2026(U 20) အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၂၃)၏ ရွှေ့ဆိုင်းပွဲစဉ်တစ်ပွဲဖြစ်သည့် ဒဂုံစတားယူနိုက်တက်အသင်းနှင့် Galaxy အသင်းတို့ ယနေ့ညနေပိုင်းတွင် လှိုင်မြို့နယ် YUSC ကွင်း၌ ယှဉ်ပြိုင်ကစားကြရာ ၃ ဂိုး ၂ ဂိုးဖြင့် ဒဂုံစတားယူနိုက်တက်အသင်းက အနိုင်ရရှိသွားသည်။

ပွဲကစားချိန် ၁၁ မိနစ်တွင်ပြစ်ဒဏ်ဘောကနေ သက်နိုင်ဦးက တိုက်ရိုက်ကန်သွင်းပြီး Galaxy အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့သည်။

ပွဲကစားချိန် ၃၄ မိနစ်တွင် ညီနိုင်က ဒဂုံစတားယူနိုက်တက်အသင်းအတွက် ချေပဂိုးပြန်လည်သွင်းယူနိုင်ခဲ့၍ တစ်ဖက်တစ်ဂိုးစီဖြင့် ပထမပိုင်းပြီးဆုံးခဲ့သည်။

ဒုတိယပိုင်းတွင် အပြန်အလှန် တိုက်စစ်များဖြင့် အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ကြရာ ပွဲကစားချိန်မိနစ် ၆၀ တွင် ဂိုးသမားလက်ထဲမှ လျှံထွက်လာသည့် ဘောလုံးကို ညီနိုင်ကပိတ်သွင်းယူပြီး ဒဂုံစတားယူနိုက်တက်အသင်းအတွက်ဒုတိယဂိုးကိုသွင်းယူသွားသည်။ ပွဲကစားချိန် ၇၄ မိနစ်တွင် ဟန့်တားဖြတ်ထုတ်ပုံကြမ်းတမ်းခဲ့သည့်အတွက် ဒဂုံစတားယူနိုက်တက်အသင်း ပယ်နယ်တီခွင့်ပြုပေးလိုက်ရသည်။ ရရှိသည့်ပယ်နယ်တီကို သက်နိုင်ဦးက ကန်သွင်းပြီး Galaxy အသင်းအတွက် ဒုတိယမြောက်ဂိုး သွင်းယူနိုင်၍ တစ်ဖက်နှစ်ဂိုးစီဖြင့် အကြိတ်အနယ်ရှိခဲ့သည်။ လက်ကျန်ပွဲကစားချိန်အားဆက်လက်ယှဉ်ပြိုင်ရင်း ပွဲကစားချိန်မိနစ် ၉၀ တွင် ဇော်ဘိုဘိုထွဋ်က ဒဂုံစတားယူနိုက်တက်အသင်းအတွက် တတိယမြောက်ဂိုးသွင်းယူနိုင်၍ ပွဲပြီးဆုံးချိန်တွင် ဒဂုံစတားယူနိုက်တက်အသင်းက ၃ ဂိုး၊ ၂ ဂိုးဖြင့် Galaxy အသင်းကိုအနိုင်ရရှိကြောင်း သိရသည်။ **ဝန်းရံခ**

❍ **လေ့လော့ပြိုင်ပွဲမှ**

ယူကရိန်းနိုင်ငံအသင်းက ပထမ၊ မြန်မာနိုင်ငံအသင်းက ဒုတိယနှင့် အိမ်ရှင်တရုတ်နိုင်ငံအသင်းက တတိယရရှိခဲ့ကြသည်။

အဆိုပါ ကမ္ဘာ့ဖလားနဂါးလှေလှော်ပြိုင်ပွဲတွင် မြန်မာနိုင်ငံအသင်းအနေဖြင့် စက်တင်ဘာလ ၂၅ ရက်က ငွေတံဆိပ်တစ်ခု၊ စက်တင်ဘာလ ၂၆ ရက်က ငွေတံဆိပ်တစ်ခုနှင့် ကြေးတံဆိပ်နှစ်ခုရရှိခဲ့ပြီး ယနေ့တွင် ငွေတံဆိပ်တစ်ခုထပ်မံရရှိကာ စုစုပေါင်း ငွေတံဆိပ် ၃ ခုနှင့် ကြေးတံဆိပ် ၂ ခုရရှိခဲ့သည်။

မြန်မာနိုင်ငံအသင်းသည် တရုတ်နိုင်ငံ ဟန်ကျိုးမြို့၌ စက်တင်ဘာလ ၃၀ ရက်မှ အောက်တိုဘာလ ၃ ရက်အထိ ကျင်းပမည့် ကမ္ဘာ့ချန်ပီယံရှစ်နဂါးလှေလှော်လက်ရည်စစ်ပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်ရန် ယွမ်လင်မြို့မှ ဆက်လက်သွားရောက်မည်ဖြစ်ကြောင်း သိရသည်။ **မြဝတီ**

▼ **ကျောဖုံးမှအဆက်**

အဆိုပါဆုများအား Men's Bodybuilding up to 65 kg ပြိုင်ပွဲတွင် ဟိန်းဇော်လင်းက ရွှေတံဆိပ်တစ်ခုရရှိသည်။ ယင်းပြိုင်ပွဲတွင် ထိုင်း၊ မလေးရှား၊ ဗီယက်နမ်၊ အိန္ဒိယနှင့် မြန်မာနိုင်ငံတို့မှ ကစားသမား ရှစ်ဦးဝင်ရောက်ယှဉ်ပြိုင်ကြပြီး မြန်မာကစားသမား ဟိန်းဇော်လင်းက ရွှေတံဆိပ်ဆွတ်ခူးခဲ့သည်။

Men’s Sports Physique up to 170 cm ပြိုင်ပွဲတွင်လည်း နေမျိုးထွဋ်က ရွှေတံဆိပ်တစ်ခုရရှိသည်။ ယင်းပြိုင်ပွဲတွင် အာဖဂန်နစ္စတန်၊ ထိုင်း၊ ပါကစ္စတန်၊ မြန်မာ၊ အိန္ဒိယ၊ မလေးရှား၊ လာအိုနှင့် မော်လ်ဒိုက်နိုင်ငံတို့မှ ပြိုင်ပွဲဝင်ကစားသမား ၁၃ ဦးယှဉ်ပြိုင်ခဲ့ကြပြီး မြန်မာကာယဗလကစားသမား နေမျိုးထွဋ်က ရွှေတံဆိပ်ဆွတ်ခူးခဲ့သည်။

ထို့အတူ Men's Bodybuilding up to 60 kg ပြိုင်ပွဲတွင် အိန္ဒိယ၊ ထိုင်း၊ မလေးရှား၊ ဗီယက်နမ်၊ အင်ဒိုနီးရှား၊ မြန်မာနှင့် ဟောင်ကောင်(တရုတ်)တို့မှ ကစားသမားကိုးဦးဝင်ရောက်ယှဉ်ပြိုင်ကြရာ မြန်မာကစားသမား အောင်ထွဋ်က ကြေးတံဆိပ်တစ်ခုနှင့် ယနေ့ယှဉ်ပြိုင်သည့် Women’s Wellness Physique ပြိုင်ပွဲ၌ မွန်ဂိုလီးယား၊ မြန်မာ၊ ဗီယက်နမ်၊ ထိုင်း၊ ဟောင်ကောင်(တရုတ်)၊ ဥဇဘက်ကစ္စတန်နိုင်ငံတို့မှကစားသမားကိုးဦးယှဉ်ပြိုင်ကြရာ မိုးသက်ခိုင်က တတိယကြေးတံဆိပ်ဆွတ်ခူးရရှိကြသည်။ ၎င်းအပြင် မြန်မာကစားသမားဟိန်းဇော်လင်းသည် ကာယဗလမောင် ၆၅ ကီလိုတန်းတွင် အကောင်းဆုံး ကိုယ်ဟန်ပြဆု(Best Poser 2026 Asia)ကိုရရှိခဲ့သည်။

အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားချန်ပီယံရှစ် ၂၀၂၆ ပြိုင်ပွဲသို့ မြန်မာနိုင်ငံကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူး ဦးချိုထွန်းအောင်ဦးဆောင်ကာ အဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဦးကျော်သန်း(အုပ်ချုပ်သူ)၊ ဒေါ်ရီရီဝင်း(နည်းပြ)၊ ဦးနေလင်း(နည်းပြ)၊ ဦးအောင်နိုင်(ဒိုင်)၊ ဒေါ်နန်းလောင်ခမ်း(ဒိုင်)နှင့် ပြိုင်ပွဲဝင်ကစားသမားခြောက်ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြရာ ဆုတံဆိပ်လေးခုဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။ **ဝန်းရံခ**

MYAWADY IN ENGLISH DAILY EDITION

# President of the Republic of the Union of Myanmar U Min Aung Hlaing inspects Dagon University, University of Medicine (1), and Yangon University (Hlaing Campus) in Yangon Region and fulfills their requirements





President U Min Aung Hlaing visits lecture theaters, classroom buildings, academic departments, library facilities, and student dormitories during his inspection of University of Yangon (Hlaing Campus).

**NAY PYI TAW September 27**

President of the Republic of the Union of Myanmar U Min Aung Hlaing, accompanied by the members of his entourage, the Yangon Region Chief Minister, the Yangon Command commander and officials, inspected Dagon University, University of Medicine (1), and Yangon University (Hlaing Campus) in Yangon Region this morning.

**Dagon University**

The President and party arrived at Dagon University railway station in Dagon Myothit (East) Township and heard a report on placing of a YBS bus gate near the railway station for the convenience of students attending classes every day; selection of a place to build a bus terminal and a taxiway, building of platforms on both side of Bohmu Bahtoo road in the university campus and tar laying, and plans for properly painting lane markings and pedestrian crossings in the campus, presented by the Chief Minister and officials.

In response, the President said measures should be taken to reinforce the foundation of the bus terminal and taxiway. Pedestrian platforms should be built for the safety of students, and the availability of YBS buses for students during pick-up and drop-off times must be ensured, and gave guidance on other matters.

The President looked around the railway station yard and gave instructions on constantly keeping the station area clean and pleasant and systematic, taking constant necessary maintenance measures to keep the entire university compounds in accord with the standard norms, clearing of the bushes on both sides of the roads, trimming of large trees to let light through, creation of a university compound that is pleasant, clean and health-friendly, land filling to prevent waterlogging, establishment of a systematic network of drainage canals for proper flow of water, upgrading of roads in the campus and other matters.

On arrival at the Convocation Hall, the President and party heard a report on visions of the university, its functions and requirements, subjects taught at the university, presented by the Union Minister for Education and Rector of the University Dr. Chit Sein. The President gave necessary guidance.

The President inspected major renovation of the Convocation Hall, and the university sports ground. Regarding the upgrading of the sport ground and stands, the President said the sport ground should be developed into a standard facility, with a 400-meter track and the stands must be re-erected to

SEE PAGE - 22 ▶▶



President U Min Aung Hlaing hears a report on the reconstruction of the former turtle-shell-shaped Multi-Purpose Assembly Hall within the compound of the University of Medicine (1).



President of the Republic of the Union of Myanmar U Min Aung Hlaing gives guidance on upgrading of Dagon University.

FROM PAGE - 21

meet the standard. He said arrangements should be made to hold student sport competitions at the training sport ground during the construction period of the facilities.

**University of Medicine (1), Yangon**

Afterward, the President and party arrived at the construction site for the reconstruction of the former turtle-shell-shaped Multi-Purpose Assembly Hall within the compound of the University of Medicine (1), Yangon in Kamayut Township, which is being rebuilt in a modern style while retaining its original form, where they were welcomed and greeted by the rectors and responsible officials from the Universities of Medicine (1) and (2).

Later, the President inspected the construction site and, following briefings by the Union Minister for Construction, the Union Minister for Health, and responsible officials regarding current operations, stated that the historical photos and records of the original turtle-shell-shaped building must be carefully reviewed and analyzed to ensure the new facility retains its original form while taking on a modern appearance. He noted that because the planned hall is located adjacent to Pyay Road, a thoroughfare with heavy vehicular traffic, soundproofing systems must be systematically calculated and incorporated, and provided additional necessary instructions.

The iconic timber multi-purpose assembly hall, shaped like a turtle shell, was designed by British architect Ragian Squire and constructed between 1954 and 1956 within the compound of the Rangoon Institute of Technology. By around the 1980s, the structure had deteriorated due to tropical rainfall and the passage of time, leaving its wooden framework damaged, unusable for the public, and too costly to maintain long-term, which ultimately led to its demolition. Currently, in accordance with the guidance of the President, the turtle-shell-shaped building is being reconstructed in a modern style while preserving its original form.

**University of Yangon (Hlaing Campus)**

Next, the President and party members arrived at the University of Yangon (Hlaing Campus). At the administrative building briefing hall, Director General

SEE PAGE - 23

# Vice President Daw Nan Ni Ni Aye addresses 2026 World Tourism Day Commemorative Ceremony

**NAY PYI TAW September 27**

The commemorative ceremony for World Tourism Day 2026 was held this morning at the Myanmar International Convention Centre-1 (MICC-1) in Nay Pyi Taw. Daw Nan Ni Ni Aye, Vice President of the Republic of the Union of Myanmar and Chairperson of the National Tourism Development Central Committee, attended the event, delivered an opening address, and presented awards.

The ceremony was attended by Union Ministers who are members of the Central Committee, the Chairman of the Nay Pyi Taw Council, Chairs of Parliamentary Affairs Committees, Deputy Ministers, ambassadors from foreign embassies in Myanmar, heads of departments, chairpersons and representatives from hotel, tourism, and cultural committees, tourism experts, private tourism organization representatives, association leaders and officials, rectors from universities and colleges, heads of tourism management departments, students, invited guests, award recipients, and relevant officials.

First, artists from the Fine Arts Department under the Ministry of Culture, Hotels and Tourism performed an opening dance routine to the song "Technology Shaping the Earth."

In her address, the Vice President highlighted that the theme for this year's World Tourism Day is "Digital Agenda and Artificial Intelligence to Redesign Tourism." She stated that this theme serves as a timely, highly appropriate guide for advancing the tourism sector with foresight in harmony with the rapidly shifting technological currents of the modern world.



Vice President Daw Nan Ni Ni Aye visits an exhibition booth displayed for World Tourism Day 2026.

She noted that adopting artificial intelligence and digital technology not only creates better travel experiences for tourists, but also enables tourism businesses to streamline management, marketing, and decision-making processes. Conversely, while focusing on the benefits of technology, stakeholders must remain vigilant regarding security, personal data protection, accountability, transparency, and a human-centered approach.

The Vice President added that the State has eased entry visa regulations to facilitate smooth visits for international travellers to Myanmar. Furthermore, the tourism sector will achieve greater progress through continuous promotion via digital channels, participation in international travel expos representing Myanmar, and organizing familiarization trips.

She emphasized the importance of ensuring that adopting new technologies enhances rather than diminishes local employment opportunities, and that micro-, small-, and medium-sized enterprises (MSMEs)—such as local handicraft makers, guesthouse operators, and restaurateurs—reap the benefits of digitalization. Efforts must be made to connect the products of artisans and MSMEs to the global market place through digital platforms. In line with the theme and vision of World Tourism Day 2026, she urged everyone to collaborate, leverage modern innovations, and elevate the nation's tourism sector to a new standard.

After the speech, Union Minister for Information U Htein Lin presented a commemorative gift for World Tourism Day 2026 to the Vice President.

Next, the Vice President and attendees watched a video message from Ms. Shaikha Al Nuwais, Secretary-General of the World Tourism Organization, a documentary video on ongoing tourism initiatives in Myanmar, and a performance of the song "Travel and the World" by artists from the Fine Arts Department.

The Vice President then conferred honorary awards on foreign-invested hotels, citizen-invested hotels, and tour operating companies that demonstrated the highest service performance, as well as winners of the 2026 World Tourism Day color photography competition.

Following this, Union Minister at the President's Office U Tin Aung San presented awards to the winners of the short video, paper presentation, and article competitions, while Union Minister for Transport and for Digital Development and Communications U Mya Tun Oo conferred awards to higher-education and basic-education level essay competition winners.

The Vice President then took a commemorative group photo with attendees and toured the exhibition booths displayed for World Tourism Day 2026, including pavilions from the Ministry of Culture, Hotels and Tourism, MSME product showcases from regions and states (including the Nay Pyi Taw Council), the Myanmar Hotelier Association booth, and exhibits featuring winning photographs, articles, papers, essays, companies, and hotels.

World Tourism Day celebrations have been organized annually since 1980 under the auspices of the United Nations World Tourism Organization, marking its 46th Anniversary this year. **Myawady**

FROM PAGE - 22

Dr. Than Zaw Oo of the Department of Higher Education, Ministry of Education, presented a briefing on facts regarding the Campus, the construction status of universities and academic halls, the distribution of hostels and lecture buildings by university across the campus, the construction of staff housing, and the location of lecture halls and theaters. He also detailed the current state of teaching, learning, and administrative infrastructure within the Hlaing University Campus, as well as additional infrastructure requirements. Following this, Rector Dr. Kay Thwe Hlaing of the Yangon University of Education briefed the delegation on the background history of the Yangon University of Education, the degrees currently offered, infrastructure needs for teaching and learning, and the status of budget utilization and project completion categorized by task for each financial year.

Following the presentations, the President made inquiries regarding the reported details and stated that administrative matters for teachers and students, as well as teaching and learning procedures, within the Hlaing University Campus and Kamayut University Campus need to be consolidated to ensure smoother, faster, and more convenient operations. He emphasized that investing in education is constructing and shaping a modern and developed future nation; therefore, universities must continuously produce well-rounded, knowledgeable, and skilled human resources for the country. He added that universities and colleges across various regions and states must also produce educated human resources who can, as civil servants, serve for the benefit and development of their respective regions. Furthermore, he stressed the need to systematically calculate the ratio of student enrollment to teaching/learning infrastructure and teaching staff across universities and subjects, and based on analysis, undertake the expansion of infrastructure where necessary or organize combined classes for subjects with low student numbers. Regarding the construction of academic infrastructure, he highlighted that for key iconic structures representing a university's prestige and dignity—such as convocation halls—comprehensive evaluations must be conducted, and proposed sites as well as preliminary draft designs must be prioritized, selected, and executed systematically step-by-step with a view toward long-term benefits. He instructed that the Yangon University of Economics, Yangon University, and the Yangon University of Education be analyzed in terms of student-to-staff ratios and infrastructure requirements to find solutions for consolidating their setups. Additionally, he noted that the structural integrity of university buildings must be remeasured, evaluated, and compiled based on their intended use and capacity to ensure systematic standard compliance, after which he gave further necessary directives.

Afterward, the President inspected the ground conditions and layout of university buildings within the Yangon University (Hlaing Campus)—including lecture theaters, classroom buildings, academic departments, library facilities, and student dormitories—and provided necessary instructions based on reports presented by responsible officials.

**Myawady**

# National Interest, Culture and Tourism

**Hnin Myat Thu (Culture)**

**From previous day**

Therefore, cultural tourism has become one of the most important forms of sustainable tourism in the modern era. By integrating and developing ancient cities, historic buildings, religious heritage sites, museums, traditional festivals, traditional arts, handicrafts, and local cultures with tourism activities, countries can preserve their cultural heritage while also gaining economic benefits.

However, the development of tourism must be managed through sustainable tourism policies to ensure that the original values of cultural heritage are not degraded, the environment is protected, and the interests of local communities are safeguarded.

**Culture, Tourism, and Sustainable Development**

Therefore, promoting and encouraging sustainable tourism is of great importance. Sustainable tourism aims to generate economic benefits while ensuring the preservation and protection of cultural heritage and the natural environment. To achieve this, the active participation of local communities, responsible behavior among tourists, and long-term planning and management strategies are essential.

In today's world, culture and the tourism sector are closely interconnected with sustainable development. Responsible tourism promotes environmental conservation, the protection of cultural heritage, the improvement of local communities' livelihoods, and greater social inclusion.

Furthermore, with the advancement of digital technologies, culture and tourism can be promoted more effectively through the use of online museum, virtual exhibitions, digital heritage documentation, and smart tourism systems.

In addition, educational initiatives also play an important role. Tourists should be provided with information to help them understand local cultures, traditions, and regulations, while local communities should receive training and capacity-building programs to enable them to manage tourism activities effectively. Relevant organizations should also establish and implement clear laws and policies to protect cultural heritage.

Culture and tourism are two important sectors that must work together in contributing to national development. With proper and systematic management, these sectors can generate economic benefits while ensuring the preservation of cultural heritage. Therefore, by promoting sustainable tourism, cultural preservation and economic development can be advanced in a balanced manner, creating long-term benefits for future generations.

**Regional and International Cooperation**

Culture and tourism also serve as important platforms for regional and international cooperation. Through bilateral agreements, cultural exchange programmes, joint archaeological research, heritage conservation projects, tourism promotion initiatives, and participation in regional organizations such as ASEAN, countries strengthen diplomatic relations and deepen people-to-people connectivity. Such efforts not only enhance Myanmar's international image but also further strengthen Myanmar's role as a responsible member state within the regional and global community.

International cooperation in culture and tourism facilitates the exchange of knowledge, expertise, and best practices in heritage conservation, museum management, tourism development, digital innovation, and capacity building. Such cooperation contributes to peace, mutual respect, intercultural dialogue, and regional stability, all of which support broader national interests.

For countries rich in cultural heritage, active participation in international cultural organizations and tourism initiatives also enhances international visibility and attracts greater investment, technical assistance, and visitor arrivals.

**Recommendations for the Future**

Although culture and tourism are important strategic sectors that can contribute significantly to the promotion of national interests, their development also involves various challenges and potential risks that require careful consideration. In particular, excessive commercialization of cultural heritage for economic benefits, unplanned expansion of tourism activities, and insufficient involvement of local communities may negatively affect the value, authenticity, and sustainability of cultural heritage in the long term.

For instance, excessive tourist visitation, or overtourism, at world famous historical sites, ancient cities, and cultural heritage destinations may result in physical deterioration and damage to these valuable assets. Furthermore, when local traditions, cultural practices, arts, and lifestyles are modified primarily for tourism purposes, the original meaning, values, and authenticity of cultural expressions may gradually decline. Therefore, it is essential to establish a balanced management approach that ensures both the preservation of cultural heritage and the sustainable development of tourism.

In addition, environmental challenges may arise alongside the growth of the tourism sector. The

SEE PAGE - 24

FROM PAGE - 23

increasing number of visitors may lead to higher levels of waste generation, overuse of natural resources, and negative impacts on ecosystems. Therefore, it is necessary to promote Responsible Tourism and Sustainable Tourism approaches that minimize environmental impacts while ensuring the socio-economic benefits of tourism for local communities and future generations.

Community-Based Tourism (CBT) should be encouraged and further developed to ensure that local communities actively participate in tourism activities and fairly benefit from tourism development. Through CBT, local people can gain employment opportunities, generate income, and preserve their cultural traditions and local environments while contributing to sustainable tourism growth.

To strengthen the future development of Myanmar's cultural and tourism sectors, the following measures should be prioritized:

First, Myanmar's cultural heritage should be documented, preserved, and promoted through the effective use of modern technologies. Digital archives, virtual exhibitions, and digital storytelling platforms can play an important role in safeguarding cultural heritage for future generations while introducing Myanmar's cultural values and historical significance to the international community.

Second, community-based tourism should be promoted as an effective approach to sustainable tourism development. By empowering local communities, tourism can contribute not only to economic development but also to the preservation of local traditions, cultural practices, and natural resources.

Third, human resource development should be given high priority to improve tourism services to international standards. Training programs for tour guides, tourism service providers, and relevant personnel should focus on foreign languages, cultural awareness, digital skills, hospitality standards, and international tourism practices.

Fourth, environmentally friendly tourism models, including Ecotourism and Sustainable Tourism, should be promoted. Effective policies, management frameworks, and regulations should be implemented to ensure that natural resources are protected while tourism benefits are generated in a sustainable manner.

Fifth, Myanmar's cultural strengths and tourism attractions should be effectively promoted internationally through media, digital technology, and Cultural Diplomacy. Such efforts can enhance Myanmar's positive international image, strengthen cultural relations, and contribute to the development of the country's Soft Power.

**Conclusion**

In the contemporary era, culture and tourism are no longer merely sectors related to social activities and leisure. They have become strategic sectors that can significantly contribute to the advancement of national interests. These sectors strengthen national identity, promote economic development, preserve cultural heritage, enhance international image and soft power, and facilitate regional and international cooperation, thereby contributing to a country's long-term interests, stability, and sustainable development.

In promoting Myanmar's national interests, culture serves as a fundamental foundation that represents the nation's history, identity, values, and heritage, while tourism functions as an important sector that transforms these cultural assets into valuable economic opportunities and instruments of international engagement.

Therefore, if Myanmar can systematically manage and sustainably develop its cultural and tourism sectors, the country will not only be able to preserve its valuable cultural heritage but also enhance its competitiveness and strengthen its position in the international community.

In the future, by protecting and preserving Myanmar's cultural heritage while developing tourism in a responsible and sustainable manner, the country will be able to achieve greater national benefits and improve the socio-economic well-being of its people.

Therefore, much more investment in the cultural and tourism sectors, effective implementation of policies, and expansion of international cooperation are essential strategic measures for safeguarding and promoting Myanmar's national interests and ensuring sustainable development opportunities for future generations."Let us all encourage and urge the public to work together with a sense of responsibility and unity to further develop and promote the "National Interest, Culture and Tourism" sector."

**References**

-Morgenthau, H. J. (1948). Politics Among Nations: The Struggle for Power and Peace.
-Frankel, J. (1970). National Interest.
-Nuechterlein, D. E. (1976). National Interests and Foreign Policy.
-Waltz, K. N. (1979). Theory of International Politics.
-Nye, Joseph S. (2004). Soft Power: The Means to Success in World Politics.
-Charles O. Lerche and Abdul Aziz (1963) Concepts of International Politics.
-နူးညံ့သောစွမ်းအားသို့မဟုတ် ယဉ်ကျေးမှုရေးရာသံခင်းတမန်ခင်း - Soft Power : Cultural Diplomacy ဆောင်းပါး ၊ နှင်းမြတ်သူ (ယဉ်ကျေးမှု)၊ မေ ၈၊

# Authorities earmark cultivation of more than 2,000 acres of sunflower in Myinmu Township

**MYINMU September 27**

Sagaing District Agriculture Department stated that local authorities set plans to grow more than 2,000 acres of sunflower as cold season crops in Myinmu Township of Sagaing Region this year.

During the 2026-2027 monsoon crop planting season, Myinmu Township has targeted the cultivation of 2,030 acres of sunflower crops, and farmland is currently being ploughed in preparation for planting.

To promote expanded sunflower cultivation in Myinmu Township, the relevant Township Department of Agriculture is accelerating awareness and technical training programmes. Additional training courses will also be conducted to improve the capacity of both staff members and farmers who plan to cultivate sunflowers.

This year, plans are also being made to provide sunflower seeds to farmers in Myinmu Township, sell urea fertilizer at affordable prices, and distribute harvested sunflower seeds through farmer-to-farmer exchange systems.

**SMK**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# စက်ရုပ်တပ်မတော်ကို စတင်ဖော်ဆောင်မယ့် ယူကရိန်း

ယူကရိန်းနိုင်ငံက စစ်မြေပြင်မှာ လူသားစစ်သည်များ ထိခိုက်မှုလျော့နည်းစေရန် လူတူစက်ရုပ်များနဲ့ အလိုအလျောက်စနစ်များကိုအသုံးပြုမယ့် စက်ရုပ်တပ်မတော် စီမံကိန်းကို စတင်ဖော်ဆောင်သွားမယ်လို့ ယူကရိန်းကာကွယ်ရေးဝန်ကြီးဟောင်းက ပြောပါတယ်။

အဲဒီစီမံကိန်းထဲမှာ လူတူစက်ရုပ်များ၊ မောင်းသူမဲ့မြေပြင်သွားယာဉ်များ၊ ဒရုန်းများကို ပေါင်းစပ်အသုံးပြုဖို့ရည်ရွယ်ထားပြီး အန္တရာယ်များလှတဲ့စစ်မြေပြင်လုပ်ငန်းတာဝန်များကို စက်ရုပ်များက အစားထိုးဆောင်ရွက်နိုင်စေဖို့ ရည်ရွယ်ထားတာဖြစ်ပါတယ်။

စီမံကိန်းအရဆိုရင် ခဲယမ်းများ ပို့ဆောင်ခြင်း၊ ဒဏ်ရာရစစ်သည်များကို ကယ်ထုတ်ခြင်း၊ ထောက်လှမ်းခြင်း၊ မိုင်းရှင်းလင်းခြင်း၊ စစ်မြေပြင်အတွင်း အခြားအန္တရာယ်များတဲ့လုပ်ငန်းများမှာ စက်ရုပ်များကိုအသုံးပြုဖို့ စီစဉ်ထားတာဖြစ်ပါတယ်။ ဒရုန်းများနဲ့ စက်ရုပ်များကို ဆော့ဝဲနှင့် အယ်လဂိုရီသမ်များမှတစ်ဆင့် ချိတ်ဆက်အသုံးပြုရန်လည်း ရည်ရွယ်ထားပါတယ်။

သို့သော် စက်ရုပ်တပ်မတော်ဆိုတာက လက်ရှိမှာ အပြည့်အဝဖွဲ့စည်းပြီးဖြစ်တဲ့ တပ်မတော်တစ်ရပ်မဟုတ်ဘဲ အင်ဂျင်နီယာများ၊ စက်ရုပ်နည်းပညာအဖွဲ့များ၊ နည်းပညာကုမ္ပဏီများနဲ့ ရင်းနှီးမြှုပ်နှံသူများကို စုစည်းပြီးတည်ဆောက်မယ့် နည်းပညာစီမံကိန်းအဆင့်မှာရှိပါတယ်။ **Ref: IE**

**ကိုထက်**





# Renault 8 Gordini ကို လျှပ်စစ်ကားအဖြစ် ပြန်လည်ဖန်တီး

ပြင်သစ်မှမော်တော်ကားထုတ်လုပ်သူ Renault ဟာ ၁၉၆၄ ခုနှစ်က ထွက်ရှိခဲ့တဲ့ နာမည်ကျော် Renault 8 Gordini ကို ခေတ်မီလျှပ်စစ်ကားအဖြစ်ပြန်လည်ဖန်တီးထားတဲ့ Renault 8 Gordini Concept ကိုထုတ်ဖော်ပြသလိုက်ပါတယ်။ ဒီကားက မူရင်းကားရဲ့ အပြာရောင်ကိုယ်ထည်နဲ့ အဖြူရောင်အစင်းကြောင်းနှစ်ကြောင်းကို ဆက်လက်ထိန်းသိမ်းထားပြီး နောက်ဘီးယက်စနစ်ကို အသုံးပြုထားပါတယ်။

ကားသစ်ဟာ မူရင်း Renault 8 ရဲ့ တံခါးလေးပေါက်ပါဆီဒန်ပုံစံအစား ထိုင်ခုံနှစ်ခုံပါ ပုံစံအဖြစ် ပြောင်းလဲထားပြီး ရှေ့ဘက်မှာ ၁၉ လက်မနဲ့ နောက်ဘက်မှာ ၂၀ လက်မ ဘီးတွေ တပ်ဆင်ထားပါတယ်။ အလျားက ၄ ဒသမ ၁၂ မီတာ၊ အနံ ၁ ဒသမ ၈၈ မီတာနဲ့ အမြင့် ၁ ဒသမ ၂၇ မီတာရှိပါတယ်။

နောက်ဘက်ပိုင်းမှာ လျှပ်စစ်မော်တာတစ်လုံးတပ်ဆင်ထားပြီး မြင်းကောင်ရေ ၂၇၀ အားအထိ ထုတ်လုပ်ပေးနိုင်ပါတယ်။ အတွင်းခန်းမှာလည်း ခေတ်မီဖန်သားပြင်ကြီးတွေထက် ရုပ်ပိုင်းဆိုင်ရာခလုတ်တွေ၊ အလူမီနီယံအစိတ်အပိုင်းတွေနဲ့ ပြိုင်ကားပုံစံထိုင်ခုံတွေကို အသုံးပြုထားပါတယ်။

သို့သော် Renault 8 Gordini Concept ဟာ ဈေးကွက်အတွက်ထုတ်လုပ်ရောင်းချမယ့်မော်ဒယ်မဟုတ်ဘဲ တစ်စီးတည်းသာဖန်တီးထားတဲ့ ဒီဇိုင်းလေ့လာရေးကားဖြစ်ပြီး နောက်ပိုင်းမှာ Renault Collections ဆိုတဲ့ပြတိုက်မှာ ပြသသွားမယ်လို့ Renault က ပြောထားပါတယ်။ **Ref: EA**

**ကိုထက်**

# ရေအခြေခံဘက်ထရီများကို အမြောက်အမြားထုတ်လုပ်မယ့်စက်ရုံ





ကယ်လီဖိုးနီးယားအခြေစိုက် EnerVenue ဆိုတဲ့ကုမ္ပဏီက မီးလောင်မှုဖြစ်ပွားနိုင်ခြေနည်းပြီး ကုန်ကျစရိတ်သက်သာတဲ့ ရေအခြေခံ ဇင့်-အိုင်းယွန်းဘက်ထရီကို အမြောက်အမြားထုတ်လုပ်နေပြီဖြစ်ပါတယ်။ ဒါဟာ ကမ္ဘာပေါ်မှာ ပထမဆုံးအဖြစ် ရေအခြေခံဘက်ထရီပမာဏအမြောက်အမြားထုတ်လုပ်မှုဖြစ်ပါတယ်။ ရေအခြေခံဘက်ထရီဆိုတာက မီးလောင်ရန်လွယ်တဲ့ အော်ဂဲနစ်အရည်ဓာတ်များအစား ရေကိုအခြေခံတဲ့ လျှပ်လိုက်ရည်ကို အသုံးပြုခြင်းကြောင့် လစ်သီယမ်-အိုင်းယွန်းဘက်ထရီများထက် လုံခြုံရေးပိုင်းမှာ အားသာချက်ရှိပါတယ်။

သို့သော် ဇင့်ဘက်ထရီများမှာ အားသွင်းစဉ် ဇင့်ဒန်ဒရိုက်ဟုခေါ်တဲ့ အပ်ချွန်ပုံသတ္တုဖွဲ့စည်းမှုများပေါ်ပေါက်ပြီး ဘက်ထရီပျက်စီးစေနိုင်တဲ့ ပြဿနာရှိနေခဲ့ဖြစ်ပါတယ်။ သုတေသီများက အဲဒီပြဿနာကို လျှော့ချနိုင်ဖို့အတွက် ဇင့်အန်းနုတ်၊ ကာကွယ်ရေးအလွှာနဲ့ ခွဲခြားအလွှာများကိုပိုမိုတိုးတက်အောင်ဖန်တီးနေကြပါတယ်။

ရေအခြေခံဘက်ထရီများကိုအခုလိုမျိုး စီးပွားဖြစ်အမြောက်အမြားထုတ်လုပ်နိုင်လာမယ်ဆိုရင် လျှပ်စစ်ကားများမှာအသုံးပြုမှုထက် ဒေတာစင်တာများနဲ့ လျှပ်စစ်ဓာတ်အားသိုလှောင်ရေးကဲ့သို့ လုံခြုံမှုနဲ့ တာရှည်ခံမှုကို ပိုမိုအလေးထားရတဲ့ကဏ္ဍများမှာအရေးပါတဲ့ ရွေးချယ်စရာတစ်ခုဖြစ်လာမှာဖြစ်တယ်လို့ ကုမ္ပဏီကထုတ်ပြန်ထားပါတယ်။

**Ref: IE**

**ကိုထက်**

# သွေးတိုးရောဂါကုသရေးအတွက် ပစ်မှတ်အသစ်တစ်ခုတွေ့ရှိ

အမေရိကန်နိုင်ငံ မစ်ဆူရီတက္ကသိုလ်မှ သုတေသီများက သွေးတိုးရောဂါဖြစ်ပေါ်စေတဲ့ရောင်ရမ်းမှုနဲ့ သွေးကြောပြောင်းလဲမှုများမှာပါဝင်နိုင်တဲ့ TG2 ဟုခေါ်သော ပရိုတင်းတစ်မျိုးကို ရှာဖွေတွေ့ရှိခဲ့ပါတယ်။ သုတေသီတွေရဲ့အဆိုအရ အဲဒီပရိုတင်းဟာ အနာဂတ်ကာလမှာ သွေးတိုးရောဂါကုသရေးအတွက် ပစ်မှတ်အသစ်တစ်ခု ဖြစ်လာနိုင်တယ်လို့သိရပါတယ်။

သုတေသနအဖွဲ့က ကြွက်များကို အသုံးပြုပြီးစမ်းသပ်ခဲ့ရာ ကိုယ်ခံအားကလာပ်စည်းများအတွင်းရှိ TG2 ကို ဖယ်ရှားလိုက်တဲ့ ကြွက်များမှာ သွေးပေါင်ချိန်မြင့်တက်မှု၊ သွေးကြောတောင့်တင်းမှုနှင့် ရောင်ရမ်းမှုတို့ သိသိသာသာ လျော့နည်းလာတာကို တွေ့ရှိခဲ့ကြပါတယ်။ အဲဒီလိုစမ်းသပ်မှုအတွင်း သွေးပေါင်ချိန်ကိုထိန်းညှိရာမှာပါဝင်တဲ့ angiotensin II ဟော်မုန်းကို အသုံးပြုခဲ့ကြတာဖြစ်ပါတယ်။

သုတေသီများရဲ့လေ့လာမှုအရဆိုရင် TG2 ကို ပစ်မှတ်ထားခြင်းအားဖြင့် သွေးတိုးရောဂါနဲ့ဆက်စပ်နေတဲ့ရောင်ရမ်းမှုများကို လျှော့ချနိုင်မယ့် အလားအလာရှိနေတာတွေ့ရပါတယ်။ ဒါပေမဲ့ လူသားများမှာ အဲဒီနည်းလမ်းက ဘေးကင်းပြီး ထိရောက်မှုရှိ၊ မရှိကို ဆက်လက်သုတေသနပြုလုပ်ဖို့ လိုအပ်နေပါသေးတယ်။ ယခုလေ့လာမှုမှာဆိုရင် ကြွက်မများကိုသာ အခြေခံထားလေ့လာခဲ့တာဖြစ်ပါတယ်။ **Ref: STD**

**ကိုထက်**



# Infinix က GT NX Controller နဲ့ Station Dock ကို မိတ်ဆက်

Infinix က မိုဘိုင်းဖုန်းတစ်လုံးကို ဂိမ်းစက်လိုအသုံးပြုနိုင်အောင် ရည်ရွယ်ထားတဲ့ GT NX Controller နဲ့ GT NX Station ဂိမ်းနဲ့ဆက်စပ်ပစ္စည်းအသစ်တွေကို မိတ်ဆက်လိုက်ပါတယ်။ အဲဒီပစ္စည်းတွေကို GT စီးရီးဖုန်းတွေနဲ့တွဲဖက်အသုံးပြုနိုင်ပြီး ဂိမ်းကစားရာမှာ ထိန်းချုပ်မှု၊ အပူချိန်ထိန်းချုပ်မှုနဲ့ မျက်နှာပြင်ချိတ်ဆက်မှုတွေကို ပိုမိုကောင်းမွန်စေဖို့ရည်ရွယ်ထားပါတယ်။

GT NX Controller မှာ Pixel-Level FPS Precision Touchpad ပါဝင်ပြီး ဂိမ်းတွေမှာ ဖုန်းမျက်နှာပြင်ကို ထိတွေ့အသုံးပြုသလိုတိကျစွာချိန်ရွယ်နိုင်စေရန် ဒီဇိုင်းပြုလုပ်ထားပါတယ်။ ချိတ်ဆက်မှုနောက်ကျချိန်လျှော့ချရန် ချစ်ပြားသုံးခုပါဝင်တဲ့စနစ်ကို အသုံးပြုထားပြီး တစ်ကြိမ်အားသွင်းလျှင် ၂၂ နာရီကျော် အသုံးပြုနိုင်တယ်လို့ Infinix က ဆိုပါတယ်။




GT NX Station ကတော့ တစ်ခုတည်းမှာ ကိုးမျိုးပါ docking station ဖြစ်ပြီး ဖုန်းအပူချိန်လွန်ကဲမှုကြောင့် ဂိမ်းစွမ်းဆောင်ရည်ကျဆင်းခြင်းကိုလျှော့ချရန် TEC အပူချိန်ထိန်းစနစ် ထည့်သွင်းပေးထားပါတယ်။ HDMI၊ Ethernet၊ USB-A၊ USB-C၊ microSD နဲ့ 3.5mm နားကြပ်ပေါက်တို့ပါဝင်ပြီး ဖုန်းမျက်နှာပြင်ကို TV သို့မဟုတ် မော်နီတာပေါ်မှာပြသနိုင်ပါတယ်။ ဒါတွေအားလုံးက စမတ်ဖုန်းကို အိမ်သုံးဂိမ်းစနစ်တစ်ခုအထိ အသုံးချနိုင်စေဖို့ဖြစ်ပါတယ်။ **Ref: GA**

**ကိုထက်**

# ဗစ်ဆစ် ဘာရတ် (၅)မီတာအပြေးပြိုင်ပွဲ ရန်ကုန်မြို့၌ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၇**

ရန်ကုန်မြို့ရှိ အိန္ဒိယသံရုံးမှ ကြီးမှူးပြီး အိန္ဒိယလူမှုအသိုက်အဝန်းအဖွဲ့အစည်းများ၏ ပံ့ပိုးကူညီမှုဖြင့် ဗစ်ဆစ် ဘာရတ်(Viksit Bharat) (၅) မီတာအပြေးပြိုင်ပွဲကို ဒဂုံမြို့နယ်ရှိ ပြည်သူ့ရင်ပြင်၌ စက်တင်ဘာလ ၂၇ ရက်တွင် ကျင်းပရာ အားကစားဝါသနာရှင်များ၊ အိန္ဒိယနွယ်ဖွားများ၊ Swami Vivekananda ယဉ်ကျေးမှုစင်တာ (SVCC)မှ ကျောင်းသား၊ ကျောင်းသူများနှင့် အိန္ဒိယသံရုံးမှ တာဝန်ရှိသူများ ပါဝင်ဆင်နွှဲကြသည်။



အပြေးပြိုင်ပွဲကို မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး မစ္စတာ အဘေးသာကူး (Ambassador Abhay Thakur)နှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးစိုးဦးတို့က ပြိုင်ပွဲစတင်ရန် အလံများအချက်ပြဖွင့်လှစ်ပေးကြရာ ပြိုင်ပွဲဝင်အပြေးသမားများက ပြည်သူ့ရင်ပြင်မှ စတင်ထွက်ခွာပြီး ရွှေတိဂုံစေတီတော်၊ မြို့တော်ခန်းမနှင့် ကန်တော်ကြီး စသည့်သတ်မှတ်နေရာများကို ဖြတ်သန်းပြေးခဲ့ကြသည်။

ထို့နောက် ပထမဆုရသည့် အမျိုးသားနှင့် အမျိုးသမီးတို့အား ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ကြသည်။

အဆိုပါ အပြေးပြိုင်ပွဲသည် နိုင်ငံတော်ကိုအကျိုးပြုရန်အတွက် ပြေးကြစို့ (Run to Serve the Nation) ဟူသော ဆောင်ပုဒ်ဖြင့် ကမ္ဘာတစ်ဝန်းကျင်းပသည့် လူထုလှုပ်ရှားမှု အစီအစဉ်တစ်ခုဖြစ်သည်။ ယင်းကို အိန္ဒိယအစိုးရ လူငယ်ရေးရာနှင့် အားကစားဝန်ကြီးဌာနမှ စတင်ဖော်ဆောင်ခဲ့ခြင်းဖြစ်ပြီး အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးဌာန၏ ပံ့ပိုးကူညီမှုဖြင့် သက်ဆိုင်ရာ အိန္ဒိယသံရုံးများနှင့် သံတမန်ရုံးများက ပြည်ပနိုင်ငံများ၌ စီစဉ်ကျင်းပခြင်းဖြစ်သည်။

ယင်းပြိုင်ပွဲကို စက်တင်ဘာလ ၁၇ ရက်မှ အောက်တိုဘာလ ၂ ရက် အထိကာလအတွင်း ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ **ဝန်းရံ**

# ငပုတောမြို့နယ်၌ ငါးပုတ်သင်များ အရောင်းအဝယ် ကောင်းမွန်နေ

**ငပုတော စက်တင်ဘာ ၂၇**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်၌ ငါးပုတ်သင်များ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း ငပုတောမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး လုပ်ငန်းလုပ်ကိုင်သူ ဒေါ်ဝင်းလှဲ့၏ပြောဆိုချက်အရ သိရသည်။

ငပုတောမြို့နယ် ငါးဈေးကွက်အတွင်း ယခုနှစ် စက်တင်ဘာလ တတိယပတ်မှ လက်ရှိအချိန်ထိ ငါးပုတ်သင်များ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါငါးပုတ်သင်များ တစ်ရက်လျှင် ပိဿာ ၅၀၀၀ ခန့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

“ရေထွက်ကုန်တွေထဲမှာ ငါးပုတ်သင်က ပိုမိုအရောင်းအဝယ်ဖြစ်နေပါတယ်။ ဒေသတွင်းဈေးကွက်အပြင် ရန်ကုန်ဈေးကွက်မှာပါ အရောင်းအဝယ်ဖြစ်နေတာပါ။ ဒေသပွဲရုံတွေဆီ ငါးပုတ်သင်တွေ ပုံမှန်ဝင်ရောက်နေပါတယ်။ ပွဲရုံတွေဆီဝင်လာတဲ့ ငါးတွေကလည်း လတ်ဆတ်မှုရှိပြီး အရည်အသွေးကောင်းပါတယ်”ဟု ဒေါ်ဝင်းလှဲ့က ပြောသည်။

ငပုတောမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူများသည် ငါးပုတ်သင်အပါအဝင် ဒေသထွက်ရေထွက်ကုန်များကိုဝယ်ယူပြီး စနစ်တကျဆေးကြောသန့်စင်ကာ ဝယ်ယူသည့်ဒေသများသို့ တင်ပို့ရောင်းချကြောင်း သိရသည်။

**သုတာကျော်**

# အားကစားဖွံ့ဖြိုးတိုးတက်စေရေး အသင်းပေါင်း ၅၀ ပါဝင်ယှဉ်ပြိုင်သည့် ဘောလုံးပြိုင်ပွဲဖွင့်လှစ်

**ဆီဆိုင် စက်တင်ဘာ ၂၇**

ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် နောင်ကျောကျေးရွာအုပ်စု ပုံးလောင်းကျေးရွာရှိ အားကစားကွင်း၌ အားကစားဖွံ့ဖြိုးတိုးတက်စေရန် အသင်းပေါင်း ၅၀ ပါဝင်ယှဉ်ပြိုင်သည့် ဘောလုံးပြိုင်ပွဲကို စက်တင်ဘာလ ၂၆ ရက်က ဖွင့်လှစ်သည်။

ရှေးဦးစွာ အခမ်းအနားကို ကျောင်းသူများက တေးသီချင်းများဖြင့် ကပြဖျော်ဖြေဖွင့်လှစ်ကြပြီး ဆီဆိုင်မြို့နယ် ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် ကပြဖျော်ဖြေခဲ့ကြသည့်အဖွဲ့များအား တာဝန်ရှိသူများက ဂုဏ်ပြုဆုငွေများ ပေးအပ်ပြီး အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန်ရွတ်ဆိုကြသည်။

ဆက်လက်၍ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင် ဦးတင်မိုးအောင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက အားကစားသမားများအား လိုက်လံနှုတ်ဆက်ကြပြီး ဘန်းယဉ်အသင်းနှင့် မြင့်ဇော်အိမ်ဆောက်ပစ္စည်းအသင်းတို့ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြသည်။



အဆိုပါပြိုင်ပွဲကို ရပ်ကွက်/ကျေးရွာအသီးသီးမှ အားကစားဝါသနာရှင် အမျိုးသားအသင်း ၅၀ ဖြင့် စက်တင်ဘာလ ၂၆ ရက်မှ အောက်တိုဘာလ ၂၅ ရက်အထိ ကျင်းပလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ရှမ်းရိုးမမွေးမြူရေးဇုန်(၂)၌ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်

**တောင်ကြီး စက်တင်ဘာ ၂၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် တောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများနှင့် မွေးမြူရေးတောင်သူများ သန့်ရှင်းသည့် သောက်ရေ၊ သုံးရေများ ရာသီမရွေးရရှိစေရန် ရည်ရွယ်၍ အသုံးတော်ကျေးရွာအုပ်စု ရှမ်းရိုးမမွေးမြူရေးဇုန်(၂)၌ စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို စက်တင်ဘာလ ၂၇ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် တောင်ကြီးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးညွန့်ဝင်း၊ မြို့နယ်ဦးစီးမှူး ဦးဇော်ဝင်းနှင့်အင်ဂျင်နီယာဝန်ထမ်းများသည် ရှမ်းရိုးမမွေးမြူရေးဇုန်(၂)၌ အနက် ပေ ၄၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်း၊ အလျား ၁၅ ပေ၊ အနံ ၁၀ ပေ၊ အမြင့် ၆ ပေရှိ ဂါလန် ၅၀၀၀ ဆံ့ ရေစုကန်တည်ဆောက်ခြင်းနှင့် ဆိုလာပန့် 550 W ရှစ်ချပ် တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကာ ခရိုင်ဦးစီးမှူးက တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး လုပ်ငန်းများ ရေရှည်တည်တံ့စေရေးအတွက် သတ်မှတ်ထားသည့် စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားပြီး ကျေးရွာတင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါလုပ်ငန်းများကို တောင်ကြီးခရိုင်/မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးကူညီမှုတို့ဖြင့် ယခုဘဏ္ဍာနှစ် ပြည်နယ်(မွမ်းမံ)ခွင့်ပြုငွေ ငွေကျပ် ၅၆ ဒသမ ၁၀၄ သန်းအသုံးပြု၍ ယခုနှစ်ဇူလိုင်လစတုတ္ထပတ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက မွေးမြူရေးဇုန်အတွင်းရှိ မွေးမြူရေးတောင်သူများနှင့် ကျေးလက်နေပြည်သူများအတွက် ရာသီမရွေး သန့်ရှင်းသော သောက်သုံးရေနှင့် စိုက်ပျိုးရေး၊ မွေးမြူရေး သုံးရေများကို အဆင်ပြေလွယ်ကူစွာရရှိ သုံးစွဲနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ပိုးသခင်(ကျေးလက်)**

# မိုးသီးနှံပဲစင်းငုံ ဧက ၄၃၀၀ ကျော် စိုက်ပျိုးပြီးစီး စိုက်ခင်းများအောင်မြင်ဖြစ်ထွန်း



**ငဖဲ စက်တင်ဘာ ၂၇**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ်၌ ယခုနှစ်မိုးသီးနှံ စိုက်ပျိုးရာသီတွင် ပဲစင်းငုံ ဧက ၄၅၀၀ စိုက်ပျိုးရန် လျာထားခဲ့ရာ လက်ရှိအချိန်ထိ ဧက ၄၃၀၀ ကျော် စိုက်ပျိုးပြီးစီးနေပြီး စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

ပဲစင်းငုံကို နှမ်းနှင့်အတူ ရောနှော၍ သီးညှပ်အဖြစ်စိုက်ပျိုးကြရာ တခြားသီးနှံများထက် စိုက်ပျိုးမှုကုန်ကျစရိတ် သက်သာသည့်အပြင် သီးညှပ်အဖြစ်စိုက်ပျိုးသော နှမ်းကို ဦးစွာရိတ်သိမ်းပြီး ပဲစင်းငုံကို နောက်ကျမှရိတ်သိမ်းရသောကြောင့် တောင်သူများအတွက် သီးနှံနှစ်မျိုးစလုံးမှ ဝင်ငွေရရှိကြောင်း၊ သက်ကြီးပဲစင်းငုံစိုက်ပျိုးရာတွင် သက်ကြီးမျိုးစိုက်လျှင် တန်းကြား၌ မြေပဲ၊ နှမ်း၊ ပဲမျိုးစုံ၊ အစေ့ထုတ်ပြောင်း၊ နှံစားပြောင်းတို့နှင့် သီးညှပ်စိုက်ပျိုးနိုင်ကာ ပဲစင်းငုံမပေါ်မီ ကြားသီးနှံများရိတ်သိမ်းရသဖြင့် တောင်သူများ အပိုဝင်ငွေရရှိနိုင်ကြောင်း သိရသည်။

ယခုနှစ် ဩဂုတ်လနှင့် စက်တင်ဘာလအတွင်း မိုးကောင်းစွာရွာသွန်းခဲ့သည့်အတွက် ငဖဲမြို့နယ်၌ စိုက်ပျိုးထားသော ပဲစင်းငုံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိရာ သဘာဝမြေသြဇာ နွားချေးနှင့် သွင်းအားစုပစ္စည်းများကို စနစ်တကျ ထည့်သွင်းစိုက်ပျိုးပါက ပဲစင်းငုံအထွက်နှုန်း ပိုမိုကောင်းမွန်နိုင်ကြောင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ကွင်းဝန်ထမ်းများကလည်း ပိုးမွှားရောဂါကာကွယ်နှိမ်နင်းရေး တောင်သူနည်းပညာပေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ငဖဲမြို့နယ်၌ ပဲစင်းငုံကို ပင်ဦး၊ ပေါင်းကလေး၊ ဆင်ချည်တိုင်၊ပဒါန်း၊ ရင့်ရှည်၊ သာယာကုန်း၊ ရင်းရှည်၊ စည်သာ၊ မာန်အောင်၊ ဆူးပဒေါင်း၊ မြစ်ဖျားနှင့် ရှောက်တောင်ကျေးရွာအုပ်စုများတွင် အများဆုံးစိုက်ပျိုးကြကြောင်း သိရသည်။ **မယု(ငဖဲ)**

# အမေရိကန်တင်းနစ်မယ်အန်နီစီမိုဗာ တရုတ်အိုးပင်းတင်းနစ်ပြိုင်ပွဲမှနုတ်ထွက်



ဝါရှင်တန် စက်တင်ဘာ ၂၇

အမေရိကန် ထိပ်တန်းတင်းနစ်မယ် အန်နီစီမိုဗာက လက်ကောက်ဝတ်ဒဏ်ရာကြောင့် တရုတ်အိုးပင်း အမျိုးသမီးတစ်ဦးချင်းတင်းနစ်ပြိုင်ပွဲမှ နုတ်ထွက်ခဲ့ကြောင်း အတည်ပြုကြေညာခဲ့သည်။

အန်နီစီမိုဗာသည် ၂၀၂၅ ခုနှစ်က ကျင်းပခဲ့သည့် တရုတ်အိုးပင်းအမျိုးသမီးတစ်ဦးချင်းတင်းနစ်ပြိုင်ပွဲတွင် ချန်ပီယံဆု ဆွတ်ခူးထားနိုင်ခဲ့သည့်အတွက် လာမည့်ပြိုင်ပွဲကို လက်ရှိချန်ပီယံအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်သော်လည်း ပြိုင်ပွဲမတိုင်မီ လက်ကောက်ဝတ်ဒဏ်ရာရရှိခဲ့သည့်အတွက် ပြိုင်ပွဲမှ နုတ်ထွက်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

အန်နီစီမိုဗာသည် တရုတ်အိုးပင်း အမျိုးသမီးတစ်ဦးချင်း တင်းနစ်ပြိုင်ပွဲတွင် လက်ရှိချန်ပီယံဖြစ်သောကြောင့် ကမ္ဘာ့အဆင့်သတ်မှတ်ချက်အတွက် ရမှတ် ၁၀၀၀ ကို ကာကွယ်ရမည်ဖြစ်သော်လည်း ပြိုင်ပွဲမှ နုတ်ထွက်ခဲ့သည့်အတွက် အဆိုပါ ရမှတ် ၁၀၀၀ လျှော့ခံရမည်ဖြစ်သည်။

အန်နီစီမိုဗာသည် လက်ရှိကျင်းပနေသည့် စင်ကာပူအိုးပင်းအမျိုးသမီးတစ်ဦးချင်းတင်းနစ်ပြိုင်ပွဲမှ နုတ်ထွက်ခဲ့ရသကဲ့သို့ ယခုအခါတွင်လည်း ဒဏ်ရာကြွခိုင်မှု မပြည့်ဝသည့်အတွက် တရုတ်အိုးပင်းတင်းနစ်ပြိုင်ပွဲမှ နုတ်ထွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

*Ref;WTA*

# စတီဗန်ဆန်က ချန်ပီယံခါးပတ်ပေါင်းစည်းပွဲစဉ်အဖြစ် ယှဉ်ပြိုင်ရန် ရှုဆယ်အားစိန်ခေါ်

ဝါရှင်တန် စက်တင်ဘာ ၂၇

အမေရိကန်လူငယ်လက်ဝှေ့သမား စတီဗန်ဆန်က ချန်ပီယံခါးပတ်ပေါင်းစည်းပွဲစဉ်အဖြစ် ယှဉ်ပြိုင်ရန် တစ်နိုင်ငံတည်းသား ရှုဆယ်အား စိန်ခေါ်ခဲ့သည်။

လက်ရှိတွင် စတီဗန်ဆန်သည် WBO ဂျူနီယာဝယ်တာဝိတ်တန်းချန်ပီယံအဖြစ် ရပ်တည်နေသူဖြစ်ပြီး ရှုဆယ်က WBA ဂျူနီယာဝယ်တာဝိတ်တန်းချန်ပီယံအဖြစ် ရပ်တည်နေသူဖြစ်သည့်အတွက် စတီဗန်ဆန်က အဆိုပါချန်ပီယံခါးပတ်နှစ်ခုပေါင်းစည်းရေးစိန်ခေါ်ပွဲစဉ်အဖြစ် ယှဉ်ပြိုင်ရန် ရှုဆယ်အား စိန်ခေါ်ခဲ့ခြင်းဖြစ်သည်။

စတီဗန်ဆန်သည် ဖိလစ်ပိုင်ဝါရင့်လက်ဝှေ့သမား ပက်ကွီအိုနှင့် ဒီဇင်ဘာလ ၁၁ ရက်တွင်ယှဉ်ပြိုင်ရန် ဆွေးနွေးမှုများလုပ်ဆောင်နေသော်လည်း အဆိုပါပွဲစဉ် မဖြစ်မြောက်ခဲ့ပါက ရှုဆယ်နှင့် ချန်ပီယံခါးပတ်ပေါင်းစည်းရေးပွဲစဉ်ကို ယှဉ်ပြိုင်လိုနေခြင်းဖြစ်သည်။

စတီဗန်ဆန်သည် နောက်ဆုံးယှဉ်ပြိုင်ခဲ့သည့်ပွဲစဉ်အဖြစ် ပြီးခဲ့သည့် ဇန်နဝါရီလ ၃၁ ရက်က တစ်နိုင်ငံတည်းသား တီယိုဖီမိုလိုပက်နှင့်ယှဉ်ပြိုင်ရာတွင် အနိုင်ရရှိပြီးနောက် WBO ဂျူနီယာဝယ်တာဝိတ်တန်း ချန်ပီယံခါးပတ်ကိုရရှိခဲ့ခြင်းဖြစ်သည်။ ရှုဆယ်သည်လည်း နောက်ဆုံးယှဉ်ပြိုင်ခဲ့သည့်ပွဲစဉ်အဖြစ် ပြီးခဲ့သည့် ဖေဖော်ဝါရီလ ၂၁ ရက်က WBA ဂျူနီယာဝယ်တာဝိတ်တန်းချန်ပီယံကာကွယ်ပွဲစဉ်အဖြစ် ဂျပန်လက်ဝှေ့သမား ဟာရာအိုကာနှင့်ယှဉ်ပြိုင်ရာ အနိုင်ရရှိခဲ့ကြောင်း သိရသည်။

*Ref;Source Boxing*




# ပြစ်မှုကျူးလွန်ခြင်းမရှိကြောင်း သက်သေပြမည်ဟု မန်စီးတီးအသင်းထုတ်ပြန်

မန်ချက်စတာ စက်တင်ဘာ ၂၇

မန်စီးတီးအသင်းအနေဖြင့် ဘဏ္ဍာရေးစည်းမျဉ်းချိုးဖောက်ခဲ့ကြောင်း စစ်ဆေးတွေ့ရှိထားသော်လည်း အသင်းဥက္ကဋ္ဌ အယ်မူဘာရက်က မိမိတို့အသင်းတွင် အပြစ်မရှိကြောင်းကို သက်သေပြမည်ဟု ထုတ်ပြန်ခဲ့သည်။

ပရီးမီးယားလိဂ်အဖွဲ့ချုပ်က မန်စီးတီးအသင်းကို ဘဏ္ဍာရေးစည်းမျဉ်းချိုးဖောက်မှု ၁၁၅ ချက်ဖြင့် စွဲချက်တင်စစ်ဆေးမှုများလုပ်ဆောင်ခဲ့ပြီးနောက် ၁၁၄ ချက်မှာ ပြစ်မှုထင်ရှားကြောင်း စစ်ဆေးတွေ့ရှိခဲ့သည့်အတွက် ပြင်းထန်သည့်အရေးယူမှုနှင့် မကြာမီရင်ဆိုင်ရမည်ဖြစ်သည်။

သို့သော် မန်စီးတီးအသင်းဥက္ကဋ္ဌ အယ်မူဘာရက်က မိမိတို့အသင်းအနေဖြင့် ပြစ်မှုတစ်စုံတစ်ရာမရှိကြောင်းကို မကြာမီ သက်သေပြမည်ဖြစ်ပြီး အသင်းပရိသတ်များအနေဖြင့် စိုးရိမ်စရာမလိုကြောင်း သတင်းထုတ်ပြန်ခဲ့သည်။

မန်စီးတီးအသင်းသည် ပြစ်မှုကာလအတွင်း ပရီးမီးယားလိဂ်ဖလားသုံးကြိမ် အပါအဝင် စုစုပေါင်းဆုဖလား ရှစ်ကြိမ် ဆွတ်ခူးထားနိုင်ခဲ့သည်။ လက်ရှိတွင် ပရီးမီးယားလိဂ်အဖွဲ့ချုပ်ဘက်မှ နောက်ဆုံးပြစ်ဒဏ်ဆုံးဖြတ်ချက်ကို ချမှတ်ရခြင်းမရှိသေးသည့်အတွက် မန်စီးတီးအသင်းက ပြစ်မှုမရှိကြောင်းကို သက်သေပြနိုင်ရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

*Ref;Topskillsports UK*

# စပါးအသင်းပရိသတ်များက နည်းပြဒီဇာဘီအား ထုတ်ပယ်ပြီး ပိုချက်တီနိုကိုခန့်အပ်ရန် တောင်းဆို

လန်ဒန် စက်တင်ဘာ ၂၇

စပါးအသင်းပရိသတ်များက ယခုဘောလုံးရာသီတွင် ရလဒ်ဆိုးများနှင့် တွေ့ကြုံနေရသည့်အတွက် နည်းပြဒီဇာဘီအား ရာထူးမှထုတ်ပယ်ပြီး နည်းပြဟောင်းတစ်ဦးဖြစ်သည့် လက်ရှိ အမေရိကန်အသင်းနည်းပြပိုချက်တီနိုကို ပြန်လည်ခန့်အပ်ပေးရန် တောင်းဆိုမှုများလုပ်ဆောင်ခဲ့ကြသည်။

စပါးအသင်းသည် ပြီးခဲ့သည့်ဘောလုံးရာသီက ရလဒ်များဆိုးရွားခဲ့သည့်အတွက် ရာသီအကုန်တွင် နည်းပြအပြောင်းအလဲလုပ်ဆောင်ပြီး နည်းပြသစ်အဖြစ် ဒီဇာဘီအား ခန့်အပ်ခဲ့သည်။ ထို့ပြင် အပြောင်းအရွှေ့ကာလတွင် ပြောင်းရွှေ့ကြေးအသုံးစရိတ် ယူရိုသန်း ၄၀၀ ကျော်အသုံးပြု၍ ကစားသမားသစ်များ ခေါ်ယူအင်အားဖြည့်တင်းခဲ့သော်လည်း ယခုဘောလုံးရာသီအစပိုင်းမှာပင် ရလဒ်များဆိုးရွားနေခြင်းဖြစ်သည်။

စပါးအသင်းသည် ပရီးမီးယားလိဂ်ငါးပွဲကစားပြီးချိန်တွင် သုံးပွဲရှုံး၊ နှစ်ပွဲသရေရလဒ်ရရှိခဲ့ပြီးနောက် အသင်းပရိသတ်များက နည်းပြအပြောင်းအလဲလုပ်ဆောင်ရန် တောင်းဆိုခဲ့ကြခြင်းဖြစ်ပြီး နည်းပြပိုချက်တီနိုအား ပြန်လည်ခန့်အပ်ပေးရန် တောင်းဆိုနေကြကြောင်း သိရသည်။

*Ref;Topskillsports UK*

# ရီးယဲလ်မက်ဒရစ်အသင်းကစားသမား အမ်ဘတ်ပီ ဒဏ်ရာကြောင့် ဗီလာရီးယဲလ်အသင်းနှင့်ပွဲစဉ် လွဲချော်ဖွယ်ရှိနေပြီး ဘာစီလိုနာအသင်းနှင့်ပွဲစဉ်တွင် ပါဝင်နိုင်မည်



မက်ဒရစ် စက်တင်ဘာ ၂၇

ရီးယဲလ်မက်ဒရစ်အသင်း အဓိကတိုက်စစ်ကစားသမား အမ်ဘတ်ပီသည် ဒူးဒဏ်ရာကြောင့် လာမည့် ဗီလာရီးယဲလ်အသင်းနှင့်ကစားမည့်ပွဲစဉ်ကို လွဲချော်ဖွယ်ရှိနေပြီး ဘာစီလိုနာအသင်းနှင့် ကစားမည့်ပွဲစဉ်တွင် ပါဝင်နိုင်မည်ဖြစ်သည်။

အမ်ဘတ်ပီသည် ဥရောပနေရှင်းလိဂ်ပွဲစဉ်များကစားရန် ပြင်သစ်အသင်းနှင့်ပူးပေါင်းနေစဉ် ဥရောပနေရှင်းလိဂ်ပွဲစဉ်အဖြစ် ပြင်သစ်အသင်းနှင့် တူကီယဲအသင်းတို့ကစားခဲ့သည့်ပွဲစဉ်တွင် ဒူးဒဏ်ရာရရှိခဲ့ပြီးနောက် ပြင်သစ်အသင်းကစားသမားစာရင်းမှ နုတ်ထွက်ပြီး မကြာမီ ရီးယဲလ်မက်ဒရစ်အသင်းနှင့် ပြန်လည်ပူးပေါင်းမည်ဖြစ်သည်။

တိုက်စစ်ကစားသမား အမ်ဘတ်ပီသည် ဒူးဒဏ်ရာဆေးစစ်မှုများ လုပ်ဆောင်ပြီးနောက် ကြံ့ခိုင်မှုပြန်လည်ပြည့်ဝရန် အနည်းဆုံးရက်သတ္တနှစ်ပတ်ခန့် အနားယူရမည်ဖြစ်သည့်အတွက် လက်ရှိ နိုင်ငံတကာပြိုင်ပွဲကာလအပြီးတွင် စပိန်လာလီဂါပွဲစဉ်တစ်ပွဲကို လွဲချော်ဖွယ်ရှိနေသော်လည်း အသင်း၏ အရေးကြီးပွဲစဉ်ဖြစ်သကဲ့သို့ ပြိုင်ဆိုင်မှုပြင်းထန်မည့် ဘာစီလိုနာအသင်းနှင့်ပွဲစဉ်တွင် ပြန်လည်ပါဝင်နိုင်မည်ဖြစ်သည်။

ရီးယဲလ်မက်ဒရစ်အသင်းသည် နိုင်ငံတကာပြိုင်ပွဲကာလအပြီးတွင် စပိန်လာလီဂါပြိုင်ပွဲ ပွဲစဉ်(၈)အဖြစ် ဗီလာရီးယဲလ်အသင်းနှင့် ကစားမည်ဖြစ်ပြီး အဆိုပါပွဲစဉ်ကို အမ်ဘတ်ပီအနေဖြင့် လွဲချော်ဖွယ်ရှိနေသော်လည်း အောက်တိုဘာလ ၂၆ ရက်တွင် ဘာစီလိုနာအသင်းနှင့်ကစားမည့်ပွဲစဉ်တွင် သေချာပေါက်ပါဝင်နိုင်မည်ဖြစ်သည်။

ပြင်သစ်အသင်းကစားသမားစာရင်းမှ နုတ်ထွက်ခဲ့ပြီးနောက် ရက်သတ္တနှစ်ပတ်ခန့်အနားယူရမည်ဖြစ်သော်လည်း အမ်ဘတ်ပီအနေဖြင့် ရီးယဲလ်မက်ဒရစ်အသင်းတွင် အသေးစိတ်ဆေးစစ်မှုများ ဆက်လက်လုပ်ဆောင်မည်ဖြစ်သည်။ အမ်ဘတ်ပီသည် ယခုဘောလုံးရာသီ ရီးယဲလ်မက်ဒရစ်အသင်းနှင့်အတူ ပြိုင်ပွဲစုံ ရှစ်ပွဲကစားပြီး ရှစ်ဂိုးသွင်းယူထားကြောင်း သိရသည်။

*Ref;Topskillsports UK*

# စိုက်ပျိုးရေးနှင့် စွမ်းအင်ထုတ်လုပ်ရေး ပူးတွဲလုပ်ဆောင်သည့် Agrivoltaics စနစ်

မောင်မောင်စွယ်စုံထွန်း

၂၀၂၅ ခုနှစ်တွင် ကမ္ဘာအနှံ့ ဆိုလာစွမ်းအင်ထုတ်လုပ်မှုသည် 2.3TW အထိ တိုးတက်လာမည်ဟု ခန့်မှန်းထားကြသော်လည်း စွမ်းအင်လိုအပ်မှုသည် 432TW အထိ တိုးမြင့်လျက်ရှိသည်။ (1 MW (Megawatt–မဂ္ဂါဝပ်)=၁ သန်းဝပ် (Watts)/ 1 GW (Gigawatt–ဂီဂါဝပ်)=၁၀၀၀ မဂ္ဂါဝပ် (MW)/1 TW (Terawatt–တယ်ရာဝပ်)=၁၀၀၀ ဂီဂါဝပ် (GW) သို့မဟုတ် ၁၀၀၀၀၀၀ မဂ္ဂါဝပ် (MW)ဖြစ်၍ TW သည် MW ပေါင်း ၁ သန်းနှင့်ညီမျှပြီး အလွန်ကြီးမားလှသည့် တစ်ကမ္ဘာလုံးဆိုင်ရာစွမ်းအင်ထုတ်လုပ်မှု သို့မဟုတ် သုံးစွဲမှုပမာဏများကိုတိုင်းတာသည့်နေရာတွင် အသုံးပြုလေ့ရှိသည်။) ဆိုလာစွမ်းအင်အား နိုင်ငံအနှံ့ တိုးမြှင့်ထုတ်လုပ်လျက်ရှိသော်လည်း တရုတ်နိုင်ငံသည် စုစုပေါင်းဆိုလာစွမ်းအင်ထုတ်လုပ်မှု 2919GW ဖြင့် ဆိုလာစနစ်မှ စွမ်းအင်ထုတ်လုပ်မှုအများဆုံးနိုင်ငံတစ်ခုလည်းဖြစ်သည်။

ကမ္ဘာအနှံ့ဆိုလာစွမ်းအင်ထုတ်လုပ်မှုအများဆုံး Solar Farm ၅ ခုမှာ–

Xinjiang solar farm (China) – 5GW
Golmud Solar Park (China) – 2.8GW
Bhadla Solar Park (India) – 2.7GW
Mohammed bin Rashid Al Maktoum Solar Park (UAE) – 2.62GW
Pavagada Solar Park (India) – 2.05 GW

များဖြစ်ကြသည်။

Farm Solar Structure(စိုက်ပျိုးရေးနှင့်စွမ်းအင်ထုတ်လုပ်ရေးကို ပူးတွဲလုပ်ဆောင်သည့် Agrivoltaics စနစ်သည် လျှပ်စစ်ထုတ်လုပ်ခြင်းနှင့် စိုက်ပျိုးခြင်းအတွက် ပြီးပြည့်စုံသော ပေါင်းစပ်မှုကိုပေးသည်။ စိမ်းလန်းသောအိမ်သည် လျှပ်စစ်ထုတ်လုပ်ခြင်းနှင့် စိုက်ပျိုးခြင်း နှစ်မျိုးစလုံးအတွက် ပြီးပြည့်စုံသောပေါင်းစပ်မှုကို ပေးစွမ်းသည်၊ လယ်သမားများသည် ဆည်မြောင်း၊ အပူပေးခြင်းနှင့် အလင်းရောင်ကဲ့သို့သော အခြေခံလုပ်ငန်းဆောင်တာများအတွက် နေစွမ်းအင်ကို အပြည့်အဝအသုံးချနိုင်သည်။ ပိုလျှံသောလျှပ်စစ်ဓာတ်အားကို ဝင်ငွေအတွက် ရောင်းချနိုင်သည်။

**Agrivoltaic ၏ အားသာချက်များ**

- သီးနှံစိုက် ဧရိယာများအတွက် သင့်လျော်သည်။
- စိတ်ကြိုက်ဒီဇိုင်းပြုလုပ်နိုင်သည်။
- ချိန်ညှိနိုင်သော အလင်းထုတ်လွှင့်မှုကို ရရှိနိုင်သည်။
- စက်ယန္တရားများကို လည်ပတ်နိုင်သည်။

ကမ္ဘာ့လူဦးရေ ဆက်လက်တိုးပွားလာသည်နှင့်အမျှ အစားအစာနှင့် စွမ်းအင်လိုအပ်ချက်လည်း တိုးပွားလာသည်။ သို့သော် ရိုးရာစိုက်ပျိုးရေးလုပ်ငန်းစဉ်များသည် အမြဲတမ်းတည်တံ့ခိုင်မြဲသည် မဟုတ်ဘဲ ပတ်ဝန်းကျင်အတွက်အန္တရာယ်ဖြစ်စေနိုင်သည်၊ ဤပြဿနာကိုဖြေရှင်းရန်အတွက် နေရောင်ခြည်စွမ်းအင်ထုတ်လုပ်မှုနှင့် သီးနှံထုတ်လုပ်မှုကိုပေါင်းစပ်ထားသည့် Agrivoltaic လယ်ယာစိုက်ပျိုးရေးဟု လူသိများသော စိုက်ပျိုးရေးအမျိုးအစားအသစ်တစ်ခုပေါ်ပေါက်လာခဲ့သည်။

**Agrivoltaic စိုက်ပျိုးရေး**

Agrivoltaic စိုက်ပျိုးရေးကို agrophotovoltaics သို့မဟုတ် APV ဟုလည်း လူသိများပြီး အပင်များအတွက် အရိပ်ပေးနေစဉ် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရန်အတွက် သီးနှံများပေါ်တွင် ဆိုလာပြားများတပ်ဆင်ထားသည့် အလေ့အကျင့်တစ်ခုဖြစ်သည်။ ဤသဘောတရားကို မြေယာရှားပါးပြီး ဈေးကြီးသော ဂျပန်နိုင်ငံ၌ ၁၉၈၀ ပြည့်လွန်နှစ်များတွင် ပထမဆုံးတီထွင်ခဲ့ပြီး လယ်သမားများသည် မြေယာအသုံးပြုမှုကိုအမြင့်ဆုံးဖြစ်အောင် လုပ်ဆောင်ရန် နည်းလမ်းများကို ရှာဖွေနေခဲ့ကြသည်။ ထိုအချိန်မှစ၍ Agrivoltaic စိုက်ပျိုးရေးသည် အစားအစာနှင့်စွမ်းအင်ထုတ်လုပ်ရန် ရေရှည်တည်တံ့ပြီး ထိရောက်သော နည်းလမ်းတစ်ခုအဖြစ် ကမ္ဘာတစ်ဝန်းတွင် ရေပန်းစားလာခဲ့သည်။

Agrivoltaic စနစ်တွင် အရိပ်ရစေရန်နှင့် အပင်များထံ နေရောင်ခြည်လုံလောက်စွာ ရောက်ရှိစေရန်အတွက် သီးနှံများအထက် သင့်လျော်သောအမြင့်တွင် ဆိုလာပြားများတပ်ဆင်ခြင်းပါဝင်သည်။ ဆိုလာပြားများကို သံမဏိ သို့မဟုတ် အလူမီနီယမ်ဖြင့်ပြုလုပ်ထားသော ပေါင်ပေါ်တွင် တပ်ဆင်ထားလေ့ရှိပြီး စနစ်ကို သီးနှံကြီးထွားမှုအဆင့်အမျိုးမျိုးနှင့်လိုက်လျောညီထွေဖြစ်အောင် ချိန်ညှိနိုင်စေရန် ဒီဇိုင်းထုတ်ထားသည်။ ဆိုလာပြားများမှ ထုတ်လုပ်သော DC ပါဝါကို လယ်ယာတွင် အသုံးပြုနိုင်သည် သို့မဟုတ် ဓာတ်အားလိုင်းသို့ ဓာတ်အားပေးပို့နိုင်သည့် AC ပါဝါအဖြစ်ပြောင်းလဲပေးသည့် အင်ဗာတာတစ်ခုနှင့် ချိတ်ဆက်ထားသည်။

**Agrivoltaic စိုက်ပျိုးရေး၏ အကျိုးကျေးဇူးများ**

Agrivoltaic စိုက်ပျိုးရေးသည်အောက်ပါတို့အပါအဝင် အကျိုးကျေးဇူးများစွာကို ပေးစွမ်းသည်–

**၁။ သီးနှံအထွက်နှုန်းတိုးမြှင့်ခြင်း**

ဆိုလာပြားများမှပေးသောအရိပ်သည် အပူချိန်ကိုထိန်းညှိပေးပြီး ရေငွေ့ပြန်ခြင်းကြောင့် ရေဆုံးရှုံးမှုကိုလျှော့ချပေးကာ သီးနှံအထွက်နှုန်းတိုးလာစေနိုင်သည်။ လေ့လာမှုများအရ စိုက်ပျိုးရေးဓာတ်အားပေးစနစ်များသည် ရိုးရာစိုက်ပျိုးရေးနည်းလမ်းများနှင့်နှိုင်းယှဉ်ပါက သီးနှံအထွက်နှုန်းကို ၆၀ ရာခိုင်နှုန်းအထိ တိုးစေနိုင်ကြောင်း ပြသထားသည်။

**၂။ ရေအသုံးပြုမှုလျှော့ချခြင်း**

ရေငွေ့ပြန်ခြင်းကြောင့် ရေဆုံးရှုံးမှုကို လျှော့ချစေပြီး စိုက်ပျိုးရေးဓာတ်အားပေးစနစ်ဖြင့် စိုက်ပျိုးခြင်းသည် ရေအရင်းအမြစ်များကိုထိန်းသိမ်းရန် ကူညီပေးနိုင်သည်။ ၎င်းသည် ရေရှားပါးပြီး ခြောက်သွေ့သောဒေသများတွင် အထူးသဖြင့် အရေးကြီးသည်။

**၃။ စွမ်းအင်ကုန်ကျစရိတ်လျှော့ချခြင်း**

ကိုယ်ပိုင်လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းဖြင့် လယ်သမားများသည် ဓာတ်အားလိုင်းအပေါ် မှီခိုမှုကိုလျှော့ချနိုင်ပြီး ၎င်းတို့၏ စွမ်းအင်ကုန်ကျစရိတ်များကို လျှော့ချနိုင်သည်။ အချို့ကိစ္စများတွင် လယ်သမားများသည် ပိုလျှံသောလျှပ်စစ်ဓာတ်အားကိုပင် ထုတ်လုပ်ပြီး ဓာတ်အားလိုင်းသို့ ပြန်လည်ရောင်းချနိုင်သည်။

**၄။ ကာဗွန်ခြေရာလျှော့ချခြင်း**

စိုက်ပျိုးရေးဓာတ်အားပေးစနစ်ဖြင့် စိုက်ပျိုးခြင်းသည် သန့်ရှင်းပြီး ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကို ထုတ်လုပ်ပေးနိုင်ပြီး ရုပ်ကြွင်းလောင်စာလိုအပ်ချက်ကိုလျှော့ချခြင်းဖြင့် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုကို လျှော့ချပေးသည်။

**၅။ ဝင်ငွေကွဲပြားခြင်း**

အစားအစာနှင့် လျှပ်စစ်ဓာတ်အား နှစ်မျိုးလုံးကို ထုတ်လုပ်ခြင်းဖြင့် လယ်သမားများသည် ၎င်းတို့၏ဝင်ငွေစီးဆင်းမှုများကိုကွဲပြားစေပြီး ဝင်ငွေရင်းမြစ်တစ်ခုတည်းအပေါ် မှီခိုမှုကို လျှော့ချနိုင်သည်။

**Agrivoltaic စိုက်ပျိုးရေး၏စိန်ခေါ်မှုများ**

စိုက်ပျိုးရေးဓာတ်အားပေးစနစ်သည် အကျိုးကျေးဇူးများစွာကို ပေးစွမ်းနိုင်သော်လည်း အောက်ပါတို့အပါအဝင်ဖြေရှင်းရမည့် စိန်ခေါ်မှုများစွာလည်းရှိသည်–

**၁။ ကနဦးတပ်ဆင်မှုကုန်ကျစရိတ်များ**

စိုက်ပျိုးရေးဓာတ်အားပေးစနစ်သည် သိသာထင်ရှားသော ရေရှည်အကျိုးကျေးဇူးများကို ပေးစွမ်းနိုင်သော်လည်း ကနဦးတပ်ဆင်မှုကုန်ကျစရိတ်မှာ မြင့်မားနိုင်သည်၊ ဆိုလာပြားများနှင့် အခြားပစ္စည်းများတပ်ဆင်ခြင်း၏ ကုန်ကျစရိတ်သည် အချို့သောလယ်သမားများအတွက်အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ဝင်ရောက်ရန် အဟန့်အတားတစ်ခုဖြစ်နိုင်သည်။

**၂။ မြေရရှိနိုင်မှု အကန့်အသတ်ရှိခြင်း**

စိုက်ပျိုးရေးဓာတ်အားပေးစနစ်ဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ ထိရောက်မှုရှိစေရန် မြေနေရာအတော်အသင့်လိုအပ်ပြီး အချို့နေရာများတွင် မြေယာရှားပါးခြင်း သို့မဟုတ် ဈေးကြီးလွန်းခြင်းဖြစ်နိုင်သည်။

**၃။ ဆိုလာပြားများနှင့်ပတ်သက်သည့် နည်းပညာဆိုင်ရာပြဿနာများ**

ဆိုလာပြားများ၏စွမ်းဆောင်ရည်ကို ထိန်းသိမ်းရန်အတွက်ပုံမှန်ပြုပြင်ထိန်းသိမ်းမှုနှင့် သန့်ရှင်းရေးလုပ်ရန်လိုအပ်သည်။ အချို့ကိစ္စများတွင် မိုးသီးကြွေခြင်း သို့မဟုတ် နှင်းထူထပ်ခြင်းကဲ့သို့သော ရာသီဥတုဖြစ်ရပ်များသည် ဆိုလာပြားများကိုပျက်စီးစေနိုင်ပြီး ကုန်ကျစရိတ်များသောပြုပြင်မှုများ သို့မဟုတ် အစားထိုးမှုများလိုအပ်သည်။

**၄။ အခြားမြေအသုံးပြုမှုများနှင့် အလားအလာရှိသောပဋိပက္ခများ**

အချို့ကိစ္စများတွင် စိုက်ပျိုးရေးလျှပ်စစ်ဓာတ်အားပေးစက်ရုံသည် မွေးမြူရေးခြံ သို့မဟုတ် သစ်တောကဲ့သို့သော အခြားမြေအသုံးပြုမှုများနှင့် ယှဉ်ပြိုင်နိုင်သည်။ စိုက်ပျိုးရေးလျှပ်စစ်ဓာတ်အားပေးစက်ရုံသည်ပဋိပက္ခများမဖြစ်စေကြောင်း သေချာစေရန်အတွက် သက်ဆိုင်သူများက ဂရုတစိုက်စီစဉ်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့လိုအပ်သည်။

**၅။ အထူးပြုဗဟုသုတနှင့် ပြုပြင်ထိန်းသိမ်းမှုလိုအပ်ခြင်း**

စိုက်ပျိုးရေးဓာတ်အားပေးစက်ရုံတစ်ခုတွင် နည်းပညာကျွမ်းကျင်မှုနှင့် ပြုပြင်ထိန်းသိမ်းမှုအဆင့် အတိုင်းအတာတစ်ခုအထိရှိရမည်။ လယ်သမားများသည် စိုက်ပျိုးရေး ဓာတ်အားပေးစနစ်များကို ထိရောက်စွာလည်ပတ်ရန်နှင့်ထိန်းသိမ်းရန်အတွက် စိုက်ပျိုးရေးနှင့် နေရောင်ခြည်စွမ်းအင်စနစ်နှစ်မျိုးလုံးအကြောင်း ဗဟုသုတရှိရန်လိုအပ်သည်။

**စိုက်ပျိုးရေးဖို့အားသုံးလျှပ်စစ်စိုက်ပျိုးရေး၏ အနာဂတ်**

စိန်ခေါ်မှုများရှိနေသော်လည်း စိုက်ပျိုးရေးဖို့အားသုံးလျှပ်စစ်စိုက်ပျိုးရေးသည် အနာဂတ်တွင် ရေရှည်တည်တံ့သော၊ သိသာထင်ရှားသော အခန်းကဏ္ဍမှ ပါဝင်နိုင်သည့် အလားအလာရှိသည်။ စိုက်ပျိုးရေးဖို့အားသုံးလျှပ်စစ်စိုက်ပျိုးရေး၏ အကျိုးကျေးဇူးများမှာ ရှင်းလင်းပြီး နည်းပညာများ ဆက်လက်တိုးတက်နေသည်၊ ကုန်ကျစရိတ်များလျော့ကျလာသည်နှင့်အမျှ စိုက်ပျိုးရေးဖို့အားသုံးလျှပ်စစ်စိုက်ပျိုးရေးသည် ကမ္ဘာတစ်ဝန်းရှိ လယ်သမားများအတွက် အကျိုးကျေးဇူးများ ပိုမိုရရှိလာနိုင်သည်။

ထို့ပြင် စိုက်ပျိုးရေးဖို့အားသုံးလျှပ်စစ်စိုက်ပျိုးရေးကို မတူညီသောသီးနှံများနှင့် ဒေသအမျိုးမျိုးအတွက်လိုက်လျောညီထွေဖြစ်အောင် ပြုလုပ်နိုင်သောကြောင့် ဒေသ၏လိုအပ်ချက်များ၊ အခြေအနေများနှင့် ကိုက်ညီအောင်ပြုလုပ်နိုင်သော ဘက်စုံသုံးဖြေရှင်းချက်တစ်ခုဖြစ်လာသည်။ စိုက်ပျိုးရေးဖို့အားသုံးစနစ်များကို ဟင်းသီးဟင်းရွက်များ၊ သစ်သီးဝလံများနှင့် ကောက်ပဲသီးနှံများအပါအဝင် သီးနှံအမျိုးမျိုးကို စိုက်ပျိုးရန်အသုံးပြုနိုင်ပြီး ကျေးလက်နှင့်မြို့ပြ နှစ်မျိုးလုံးတွင် အကောင်အထည်ဖော်နိုင်သည်။

အချုပ်အားဖြင့်ဆိုရသော် အစိုးရများနှင့် မူဝါဒချမှတ်သူများသည် စိုက်ပျိုးရေးဓာတ်အားပေးစနစ်ဖြင့် လျှပ်စစ်ဓာတ်အားထုတ်ယူသုံးစွဲမှုကို မြှင့်တင်ရာတွင်လည်း အရေးပါသောအခန်းကဏ္ဍမှ ပါဝင်နိုင်သည်။ လှုံ့ဆော်မှုများ၊ ပံ့ပိုးမှုအစီအစဉ်များသည် တပ်ဆင်ခြင်းနှင့်ပြုပြင်ထိန်းသိမ်းခြင်း ကုန်ကျစရိတ်များကိုလျှော့ချရန်နှင့် လယ်သမားများအား စိုက်ပျိုးရေးဓာတ်အားပေးစနစ်များကို ပိုမိုလက်ခံကျင့်သုံးရန်အားပေးနိုင်သည်။ ရေရှည်တည်တံ့သော စိုက်ပျိုးရေး၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်နှင့်ကာဗွန်စုပ်ယူမှုကို မြှင့်တင်ပေးသည့် မူဝါဒများသည်လည်း စိုက်ပျိုးရေးဓာတ်အားပေးစနစ်ဖြင့် လျှပ်စစ်ဓာတ်အား ထုတ်ယူသုံးစွဲမှုအတွက် ကောင်းမွန်သောပတ်ဝန်းကျင်တစ်ခုကို ဖန်တီးပေးနိုင်သည်။ နည်းပညာဆန်းသစ်တီထွင်မှုကြောင့်ချမ်းသာသောလယ်သမားများအနေဖြင့် ပေါ့ပါးသောရည်ရွယ်ချက်နှစ်မျိုးနှင့် မြေယာနှစ်မျိုးအသုံးပြုမှုနှစ်မျိုးဖြင့် စိုက်ပျိုးရေးကိုပြန်လည်အားဖြည့်ရန် စိုက်ပျိုးရေးဓာတ်အားပေးစနစ်သည် နည်းလမ်းသစ်တစ်ခုဖြစ်လာသည်၊ တရုတ်နိုင်ငံသည် စိုက်ပျိုးရေးဆင်းရဲမွဲတေမှုလျှော့ချရေးမူဝါဒများကို အမြဲတမ်းပြင်းပြင်းထန်ထန်ထောက်ခံခဲ့ပြီး ဆင်းရဲမွဲတေမှုလျှော့ချရေး ပုံစံအမျိုးမျိုးမှတစ်ဆင့် လယ်သမားများကို ချမ်းသာကြွယ်ဝမှုလမ်းကြောင်းပေါ်သို့ ဦးဆောင်လမ်းပြပေးခြင်းနှင့် စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ပေးခြင်းတို့ဖြင့် လယ်သမားများအား ချမ်းသာကြွယ်ဝမှုလမ်းကြောင်းပေါ်သို့ ပို့ဆောင်ပေးခဲ့သည်။ ထို့ကြောင့် စိုက်ပျိုးရေးမှဆိုလာလျှပ်စစ်ဓာတ်အားပေးစနစ်သည် အနာဂတ်တွင် ပိုမိုကောင်းမွန်လာလိမ့်မည်ဟု ယုံကြည်မိပါကြောင်း ဗဟုသုတရရှိနိုင်စေရန် ရေးသားတင်ပြလိုက်ရပါသည်။ ။

> ◆ **Agrivoltaic စိုက်ပျိုးရေးကို** agrophotovoltaics **သို့မဟုတ်** APV **ဟုလည်း လူသိများပြီး အပင်များအတွက် အရိပ်ပေးနေစဉ် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရန်အတွက် သီးနှံများပေါ်တွင် ဆိုလာပြားများတပ်ဆင်ထားသည့် အလေ့အကျင့်တစ်ခုဖြစ် . . .**
>
> ◆ **Agrivoltaic စိုက်ပျိုးရေးသည် အစားအစာနှင့်စွမ်းအင်ထုတ်လုပ်ရန် ရေရှည်တည်တံ့ပြီး ထိရောက်သောနည်းလမ်းတစ်ခုအဖြစ် ကမ္ဘာတစ်ဝန်းတွင် ရေပန်းစားလာခဲ့ . . .**

## ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)
## ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး
## စစ်သည်အစားခန့်ဝန်ထမ်းများလျှောက်လွှာခေါ်ယူခြင်း

၁။ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် အမှတ်(၁၊၂) တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်နှင့် အမှတ်(၁)တပ်မတော်အသံလွှင့်တပ်တို့တွင် အောက်ဖော်ပြပါရာထူးများ၌ စစ်သည်အစားခန့်ဝန်ထမ်းများအဖြစ် ခန့်အပ်တာဝန်ပေးအပ်ရန် အလိုရှိပါသည်-

(က) သတင်းကြေညာသူ(မြန်မာ/အင်္ဂလိပ်)(အမျိုးသား/အမျိုးသမီး)။
(ခ) သတင်းအယ်ဒီတာ(မြန်မာ/အင်္ဂလိပ်)(အမျိုးသား/အမျိုးသမီး)။
(ဂ) ဇာတ်လမ်း/ဇာတ်ညွှန်း(အမျိုးသား/အမျိုးသမီး)။
(ဃ) ထုတ်လုပ်ရေးမှူး(အမျိုးသား/အမျိုးသမီး)။
(င) အစီအစဉ်မှူး(အမျိုးသား/အမျိုးသမီး)။
(စ) ဂီတ(ခေတ်ပေါ်)အဆို/အတီး(အမျိုးသား/အမျိုးသမီး)။
(ဆ) ဂီတ(ဆိုင်းဝိုင်း)အဆို/အတီး(အမျိုးသား/အမျိုးသမီး)။
(ဇ) ကဇာတ် အဆို/အက(အမျိုးသား/အမျိုးသမီး)။

၂။ အထက်ဖော်ပြပါရာထူးအားလုံးအတွက် လိုအပ်သည့်အရည်အချင်းများမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူဖြစ်ရမည်။
(ခ) ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်တွင် အသက်(၂၅)နှစ်ထက်မကျော်လွန်စေရ၊ အိမ်ထောင်မရှိဖူးသူ လူပျို/အပျိုဖြစ်ရမည်။
(ဂ) အချို့ရာထူးများမှာ လုပ်ငန်းသဘောသဘာဝအရ အအေးခန်းတွင် လုပ်ကိုင်နိုင်သူဖြစ်ရမည်။
(ဃ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်(ယာယီဘွဲ့ထောက်ခံစာမရပါ)။
(င) အနည်းဆုံးငါးနှစ် အမှုထမ်းဆောင်နိုင်သူဖြစ်ရမည်။
(စ) လျှောက်ထားသူနှင့် မိဘ၊ ညီအစ်ကို၊ မောင်နှမများအားလုံးအနေဖြင့် ပြစ်မှုကင်းရှင်းရမည့်အပြင် ပါတီနိုင်ငံရေးနှင့်ကင်းရှင်းရမည်။
(ဆ) ရေးဖြေနှင့်နှုတ်ဖြေစာမေးပွဲဖြေဆိုအောင်မြင်ရမည်။
(ဇ) ကျန်းမာရေးဆေးစစ်မှုအောင်မြင်ရမည်။

၃။ အောက်ဖော်ပြပါရာထူးအသီးသီးအတွက် လိုအပ်သည့်အရည်အချင်းများမှာ ဖော်ပြပါအတိုင်းဖြစ်ပါသည်-

(က) သတင်းကြေညာသူလျှောက်ထားသူများသည် ရုပ်ရည်သင့်တင့်လှပပြီး အသံကြည်လင်ပီသရမည်။ မျက်စိကောင်းမွန်ရမည်(မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ)။
(ခ) အဆို/အကလျှောက်ထားသူများသည် မြန်မာသံ၊ ခေတ်ပေါ်တေးသီချင်းများအား ကောင်းမွန်စွာသီဆိုနိုင်ရမည်။ တစ်ဦးချင်း/စုပေါင်းယိမ်းအက ကပြနိုင်ရမည်။ ရုပ်ရည်သင့်တင့်ပြေပြစ်ရမည်။

၄။ ရွေးချယ်ခြင်းခံရပါက ရုပ်မြင်သံကြားထုတ်လုပ်မှုအခြေခံသင်တန်းသို့တက်ရောက်ရမည်ဖြစ်ပြီး သင်တန်းတက်ရောက်အောင်မြင်ပြီး၍ ဝန်ထမ်းအဖြစ်စတင်ခန့်အပ်ခြင်းခံရပါက တပ်ကြပ်ကြီး(အစားခန့်)အဆင့် လစာနှုန်းကျပ် ၁၉၈၀၀၀-၂၀၀၀-၂၀၈၀၀၀ ဖြင့် ခန့်အပ်သွားမည်ဖြစ်ပါသည်။

၅။ လျှောက်လွှာနှင့် ကိုယ်ရေးရာဇဝင်ပုံစံများကို အောက်ပါတပ်များတွင် ၂၁-၉-၂၀၂၆ ရက်မှ ၈-၁၀-၂၀၂၆ ရက်အတွင်း လာရောက်ရယူလျှောက်ထားနိုင်ပါသည်-

(က) အမှတ်(၁)တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်
မြဝတီရုပ်မြင်သံကြား(မှော်ဘီ)၊ ရန်ကုန်မြို့။(ဖုန်း ၀၃၁-၆၀၂၇၈)
(ခ) အမှတ်(၂)တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်
မြဝတီရုပ်မြင်သံကြား(နေပြည်တော်)၊ နေပြည်တော်။(ဖုန်း ၀၃၁-၇၄၂၇၄)
(ဂ) အမှတ်(၁)တပ်မတော်အသံလွှင့်တပ်
သဇင် FM၊ ပြင်ဦးလွင်မြို့။(ဖုန်း ၀၃၃-၆၀၁၇၀)

၆။ လျှောက်လွှာနှင့်အတူ ကိုယ်ရေးလျှောက်လွှာ၊ ကိုယ်ရေးရာဇဝင်အကျဉ်း၊ ဘွဲ့လက်မှတ်မိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်/မြို့နယ်ရဲစခန်းတို့မှ ထောက်ခံစာမူရင်း၊ မိဘများသဘောတူညီကြောင်း ထောက်ခံချက်၊ တစ်လအတွင်းရိုက်ကူးထားသောပတ်စ်ပို့အရွယ် ဓာတ်ပုံ ၃ ပုံတို့အား ပူးတွဲတင်ပြရမည်။

၇။ ပဏာမလူတွေ့စစ်ဆေးခြင်းကို မြဝတီရုပ်မြင်သံကြား(မှော်ဘီ)၊ ရန်ကုန်မြို့တွင် ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလအတွင်းပြုလုပ်သွားမည်ဖြစ်ပြီး စစ်ဆေးမည့်ရက်အား သက်ဆိုင်ရာလျှောက်လွှာတင်သွင်းသည့်တပ်များမှတစ်ဆင့် ထပ်မံအကြောင်းကြားပေးသွားပါမည်။

၈။ အသေးစိတ်သိရှိလိုပါက မြဝတီရုပ်မြင်သံကြား(မှော်ဘီ) (ဖုန်း ၀၃၁-၆၀၂၇၈)၊ မြဝတီရုပ်မြင်သံကြား(နေပြည်တော်)(ဖုန်း ၀၃၁-၇၄၂၇၄) နှင့် သဇင် FM၊ ပြင်ဦးလွင်(ဖုန်း ၀၃၃-၆၀၁၇၀)တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
## ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ အထွေထွေပိုလျှံရန်ပုံငွေ(GRF)ဖြင့်ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနအောက်ရှိ နည်းပညာတက္ကသိုလ်(မော်လမြိုင်)နှင့် နည်းပညာတက္ကသိုလ်(တောင်ကြီး)တို့တွင် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ အထွေထွေပိုလျှံရန်ပုံငွေ (GRF)ဖြင့် တည်ဆောက်ရေးလုပ်ငန်း(၇)ခုဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန(ရုံးချုပ်)၊ အင်ဂျင်နီယာဌာန၊ HRD Building၊ နေပြည်တော်တွင် (၂၈-၉-၂၀၂၆)ရက်နေ့မှ (၁၂-၁၀-၂၀၂၆)ရက်နေ့အထိ ရုံးချိန်အတွင်း ရောင်းချမည်ဖြစ်ပြီး ပြန်လည်တင်သွင်းလာမည့်တင်ဒါပုံစံများအား (၁၂-၁၀-၂၀၂၆)ရက်နေ့တွင် ရုံးချိန်အတွင်း တင်ဒါပုံစံဝယ်ယူခဲ့သောနေရာ၌ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း-၀၆၇-၃၄၀၄၆၅၀ (ဦးစီးဌာန၊ ရုံးချုပ်)တွင် ဆက်သွယ်စုံစမ်းနိုင်ပြီး ဦးစီးဌာန၏ Website ဖြစ်သော https://dast.edu.mm/ တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန


### ပျောက်ဆုံးကြောင်း
မြဝတီမြို့၊ မင်းလက်ပံရွာနေ ကျော်ဇေယျ(ဘ)ဦးခင်ရွှေ ၇/လပတ(နိုင်)၁၁၈၃၁၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 566782)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

### ပျောက်ဆုံးကြောင်း
မြဝတီမြို့၊ ငွေ့ရှမ်းနေ သက်စုလှိုင်(ဘ)ဦးကြည်မြင့် ၁၄/ကလန(နိုင်)၁၇၀၇၅၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 735209)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

### ပျောက်ဆုံးကြောင်း
မြဝတီမြို့၊ မင်းလက်ပံရွာနေ အိအိခိုင်(ဘ)ဦးထွန်းလှ ၇/လပတ(နိုင်)၁၈၂၁၆၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 566781)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

### ပျောက်ဆုံးကြောင်း
မြဝတီမြို့၊ သဃ်န်းညီနောင်နေ သူသူထွန်း(ဘ)ဦးရွှေတင် ၁၀/မလမ(နိုင်)၁၉၇၆၉၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 745074)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

### ပျောက်ဆုံးကြောင်း
မြဝတီမြို့၊ ငွေ့ရှမ်းနေ မဥ္ဇူဝင်း(ဘ)ဦးစံဝင်း ၇/ဖမန(နိုင်)၀၅၆၄၀၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 206068)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

### ပျောက်ဆုံးကြောင်း
ကရင်ပြည်နယ်၊ မြဝတီမြို့၊ (၃)ရပ်ကွက်၊ ကြံခင်းလမ်းနေ စောမောင်မျိုးဝင်း(ဘ)ဦးအဆောင် ၃/ပကန(နိုင်)၀၃၈၆၇၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၇၅၇၉၀၇၄

### ပျောက်ဆုံးကြောင်း
ချောင်းဦးမြို့နယ်၊ ကင်မွန်းတော်ကျေးရွာနေ ရာဇာအောင်(ဘ)ဦးဝင်းမောင် ၅/ခဥတ(နိုင်)၁၁၀၉၉၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
သရက်ချောင်းမြို့နယ်၊ ကတွဲကျေးရွာနေ သျှားထက်လွင်(ဘ)ဦးဖေမောင် ၆/သရခ(နိုင်)၁၀၅၇၈၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
ရေးမြို့နယ်၊ လမိုင်းမြို့၊ လိမ္မော်ခြံရွာနေ မောင်အေးစိုး(ဘ)ဦးမောင်လှ ၁၀/လမန(နိုင်)၀၂၉၂၈၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 414587)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### တစ်ဦးတည်းဖြစ်ပါကြောင်း
လားရှိုးမြို့၊ ရပ်ကွက်(၉)၊ နယ်မြေ(၁)နေ မောင်စိုင်းအိုက်ရုံး၏ဖခင် ဦးအေးစံ ၁၃/လရန(နိုင်)၁၀၉၅၁၀ နှင့် အိမ်ထောင်စုစာရင်းပါ ဦးစိုင်းစံအေးတို့သည် နာမည်(၂)မျိုးဖြစ်သော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်းသာဖြစ်ပါကြောင်း။
ဦးအေးစံ(ခ)ဦးစိုင်းစံအေး

### ပျောက်ဆုံးကြောင်း
မစန္ဒီအောင်(ဘ)ဦးအောင်ဇော်မိုး ၁၄/ပသန(နိုင်)၂၀၆၁၆၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(၂၀၁၁၁၆၂၆)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၄၂၇၇၀၂၃

### ပျောက်ဆုံးကြောင်း
စိုင်းအောင်ပွင့်(ဘ)ဦးဆန်ဩ ၁၃/တယန(နိုင်)၁၀၅၂၈၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MK 557201)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၈၂၁၉၉၈၁၅

### ပျောက်ဆုံးကြောင်း
နေမျိုးမင်း(ဘ)ဦးတင်လှိုင် ၇/ဖမန(နိုင်)၁၈၂၉၉၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
စောအေးစ်ဘန်(ဘ)စောခါမက် ၁၄/မမန(နိုင်)၃၃၃၇၇၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 129394)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၅၉၆၆၃၀၇၆

### ပျောက်ဆုံးကြောင်း
မြဖူးငုံ(ဘ)ဦးနန်းဦး ၉/ပဥလ(နိုင်)၀၉၂၁၆၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MK 963303)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၁၅၅၈၃၅၄

### ပျောက်ဆုံးကြောင်း
ခိုင်အေးလှ(ဘ)ဦးကျော်မြ ၁၁/မဥန(နိုင်)၁၂၉၆၅၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
ရန်နိုင်စိုး(ဘ)ဦးမိဆာ ၉/မနမ(နိုင်)၁၂၃၄၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
လာလ်ပက်ကိမ်း(ဘ)ဦးတလန်ထန်ဆေး ၄/ဖလန(နိုင်)၀၃၉၄၀၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂


### Key One Company Limited
### နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း
### (ကုမ္ပဏီတွင်ပါဝင်သူများဆန္ဒအလျောက်စာရင်းရှင်းလင်းဖျက်သိမ်းဆဲကုမ္ပဏီ)
### စာရင်းရှင်းလင်းဖျက်သိမ်းရေးဆိုင်ရာ အပြီးသတ်အထွေထွေအစည်းအဝေးတက်ရောက်ရန် အကြောင်းကြားစာ

Key One Company Limited(ဖျက်သိမ်းဆဲ)၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးဆိုင်ရာ စာရင်းများတင်ပြရန်နှင့် ရှင်းလင်းပြောဆိုရန်အတွက် စာရင်းရှင်းလင်းဖျက်သိမ်းရေးဆိုင်ရာ အပြီးသတ်အထွေထွေအစည်းအဝေးကို အောက်ပါအတိုင်းကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အစုရှယ်ယာရှင်များအားလုံးမပျက်မကွက်တက်ရောက်ပေးပါရန် အကြောင်းကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက် - ၃၀-၉-၂၀၂၆
ကျင်းပသည့်အချိန် - နံနက်(၉:၃၀)နာရီ
ကျင်းပသည့်နေရာ - တိုက်အမှတ်(အေ-၃)၊ ၅ လွှာ၊ Time Square Condo Compound, ဂန္ဓာမာလမ်း၊ ၃-ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

ဦးကျော့မောင်
(လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူအမှတ်စဉ်-၁၀၉၅၀)
U Kyaw Mg & Associates Accountancy & Audit Firm
Ph No: 09-5176165


STARMART Showroom များတွင် အရည်အသွေးမြင့် စားသောက်ကုန်များအပါအဝင် ထုတ်ကုန်ပစ္စည်းအမျိုးမျိုးကို ဗိတ်ရက်မရှိ လက်လီလက်ကား ဝယ်ယူရရှိနိုင်ပါသည်။
STARMART nine mile Showroom
(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့
ဖုန်း - ၀၉-၃၀၈၆၀၁၈၀
Kha Yae Pin Mart
မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့
ဖုန်း - ၀၉-၆၇၁၄၄၃၅၅၅
RHINO
PRODUCT OF MEC
EXPORT QUALITY
SUGARMEC
DENTOMEC
TRISTAR


ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀) မြိုင်ကလေး နှင့် ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀) ပြည်ညောင်တို့ မှ
ထုတ်လုပ်သော ကြံ့၊ ဆင်နှစ်ကောင် ၊ Blue Diamond နှင့် မြင်းပျံ အမှတ်တံဆိပ် ဘိလပ်မြေများအား
RHINO
PORTLAND CEMENT
PRODUCT OF MEC
EXPORT QUALITY
DOUBLE ELEPHANT
PORTLAND CEMENT
PRODUCT OF MYANMAR
OPC-EN 197-1:2000
CEM-I 42.5N
BLUE DIAMOND
CEMENT
PORTLAND CEMENT
50 Kg
မြင်းပျံ
PORTLAND CEMENT
BS 12 : 1996 , 42.5 N
PRODUCT OF MYANMAR
ဘိလပ်မြေစက်ရုံ (တန်-၄၀၀၀)
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ - ၄၄၉၂၅၃ ၃၂၇
အရောင်းကိုယ်စားလှယ် - ဖုန်း - ၀၉ - ၇၇၇ ၀၀၂ ၇၀၄၊
၀၉ - ၇၇၇ ၀၀၄ ၀၉၇
ဘိလပ်မြေစက်ရုံ (တန်-၁၂၀၀)
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ - ၇၇၇ ၀၀၄ ၇၄၀
အရောင်းကိုယ်စားလှယ် - ဖုန်း - ၀၉ - ၇၇၇ ၀၀၂ ၆၇၀
စက်ရုံ နှင့် အရောင်းကိုယ်စားလှယ်များထံမှ စက်ရုံဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။


SINCE 1959
မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းကုမ္ပဏီလီမိတက်
နိုင်ငံတကာ ကုန်စည်သယ်ယူပို့ဆောင်ရေးလုပ်ငန်း
ကုန်သေတ္တာသယ်ယူပို့ဆောင်ရေးလုပ်ငန်း
ကမ်းရိုးတန်း ကုန်စည်ပို့ဆောင်ရေးလုပ်ငန်း
သာကေတ ကုန်သေတ္တာထားသိုစခန်း
သာကေတ ဆိပ်ခံတံတားလုပ်ငန်း
သာကေတ ကုန်လှောင်ရုံလုပ်ငန်း
ဆက်သွယ်ရန် ဖုန်းနံပါတ်
၀၁ ၈၂၉ ၆၂၅၁၊ ၀၉ ၅၅၀ ၃၉၃၄ – ရုံးချုပ်
၀၉ – ၅၅၀ ၄၅၄၆၊ ၀၉ – ၇၈၅ ၁၅၄ ၀၇၈၊ ၀၉ – ၅၁၅ ၉၆၉၇ – သာကေတရုံး


မြန်မာလင်း(န်)အင်(န်)ဒဲဗလော့(ပ်)မင့်(တ်)လီမိတက်
Myanmar Land and Development Limited
အဆင့်မြင့်နည်းပညာဖြင့် ပစ္စည်းအစစ်အမှန်သုံးကာ မြန်-ကောင်း-သက်သာ စိတ်တိုင်းကျစွာဖြင့် ဆောက်လုပ်ပေးမှာ MLDL ပါ
အစိုးရစက်မှုလက်မှုသိပ္ပံ (နေပြည်တော်)
ဆက်သွယ်ရန်
Myanmar Land and Development Limited၊ အမှတ်(၁/၂)၊ သီရိရတနာလမ်း၊ ဥာဉ်ပန်းအဝိုင်းအနီး၊ ဝေနသိဒ္ဓိရပ်ကွက်၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်။
ဖုန်း - ၀၆၇ ၄၄၃၅၁၈၀၊ ၀၆၇ ၄၄၃၅၁၈၂၊ ၀၆၇ ၄၄၃၅၁၈၅၊ ၀၆၇ ၄၄၃၅၁၈၉၊ Fax - ၀၆၇ ၄၄၃၅၁၈၈၊ Email; myanmarland2005@gmail.com

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

## စိုက်ပျိုးရေးနှင့်စွမ်းအင်ထုတ်လုပ်ရေး ပူးတွဲလုပ်ဆောင်သည့် Agrivoltaics စနစ်

စာ - ၂၉ သို့

## ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် သီတင်းကျွတ်ပွဲတော်၌ မီးပုံးပျံအလုံးရေ ၃၀၀၀၀ လွှတ်တင်မည်

စာ - ၁၅ သို့

**မှတ်သားဖွယ်ရာ မိုးရေချိန်များ**

၂၇-၉-၂၀၂၆

| | | | | |
|---|---|---|---|---|
| ထားဝယ် | ၁၁ | ဒသမ | ၀၂ | လက်မ |
| သာယာဝတီ | ၃ | ဒသမ | ၂၃ | လက်မ |
| ကော့သောင်း | ၂ | ဒသမ | ၀၄ | လက်မ |
| ချောင်းဆုံ | ၂ | ဒသမ | ၀၁ | လက်မ |
| လှည်းကူး | ၁ | ဒသမ | ၉၇ | လက်မ |

# ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး ၂၀၂၆ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် စက်တင်ဘာ ၂၇

၂၀၂၆ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁(MICC-1)၌ ကျင်းပရာ အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး တက်ရောက်အမှာစကားပြောကြားပြီး ဆုများပေးအပ်ချီးမြှင့်သည်။

အခမ်းအနားသို့ ဗဟိုကော်မတီဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ လွှတ်တော်ရေးရာ ကော်မတီများမှ ဥက္ကဋ္ဌများ၊ ဒုတိယဝန်ကြီးများ၊

စာမျက်နှာ ၅ ကော်လံ ၁ ▲



ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး ၂၀၂၆ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အထိမ်းအမှတ်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။




## (၅၈)ကြိမ်မြောက် အာရှကာယဗလနှင့်ကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲတွင် မြန်မာအသင်း ရွှေတံဆိပ်နှစ်ခုနှင့်ကြေးတံဆိပ်နှစ်ခုဆွတ်ခူး

ရန်ကုန် စက်တင်ဘာ ၂၇

(၅၈)ကြိမ်မြောက် အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားချန်ပီယံရှစ် ၂၀၂၆ (58th ASIAN BODY-BUILDING AND PHYSIQUE SPORTS CHAMPION-SHIPS 2026)ပြိုင်ပွဲကို ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် ဘန်ကောက်မြို့၌ ၂၀၂၆ ခုနှစ် စက်တင်ဘာလ ၂၂ ရက်မှ ၂၈ ရက်အထိ ကျင်းပလျက်ရှိရာ မြန်မာကာယဗလအသင်းသည် ရွှေတံဆိပ်နှစ်ခုနှင့် ကြေးတံဆိပ်နှစ်ခုဆွတ်ခူးရရှိကြောင်း သိရသည်။

စာမျက်နှာ ၂၀ ကော်လံ ၁ ▼

## ကမ္ဘာ့ဖလားနဂါးလှေလှော်ပြိုင်ပွဲ တတိယနေ့တွင် မြန်မာအသင်းက ငွေတံဆိပ်တစ်ခုထပ်မံရရှိ၊ ငွေတံဆိပ်သုံးခု၊ ကြေးတံဆိပ်နှစ်ခုဆွတ်ခူးရရှိခဲ့

ရန်ကုန် စက်တင်ဘာ ၂၇

တရုတ်နိုင်ငံ ယွမ်လင်မြို့တွင် စက်တင်ဘာလ ၂၅ ရက်မှ ၂၇ ရက်အထိကျင်းပခဲ့သည့် အပြည်ပြည်ဆိုင်ရာ ကနူးလှေလှော်အဖွဲ့ချုပ်၏ ကမ္ဘာ့ဖလားနဂါးလှေလှော်ပြိုင်ပွဲ တတိယနေ့ နောက်ဆုံးပွဲစဉ် အမျိုးသားအလွတ်တန်း (၁၀) တက်လှော် ကီလိုမီတာ ၁၄၀၀၀ မာရသွန် နဂါးလှေလှော်ပြိုင်ပွဲတွင်

စာမျက်နှာ ၂၀ ကော်လံ ၅ ○




## Myanmar Fight(35) မျိုးဆက်သစ် မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲများကျင်းပ




ရန်ကုန် စက်တင်ဘာ ၂၇

အားကစားနှင့်ကာယပညာဦးစီးဌာန မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်နှင့် Myanmar Martial Art Group(MMAG)တို့ ပူးပေါင်းစီစဉ်မှုဖြင့် မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်၏ အဓိကပံ့ပိုးကူညီပြုလုပ်သည့်

စာမျက်နှာ ၂၀ ကော်လံ ၅ ■

## ရှီကျင့်ဖျင်-ထရမ့် တွေ့ဆုံမှုပြီးနောက် အသက်ရှူချောင်လာတဲ့ အရှေ့တောင်အာရှ

## ဘန်ကောက် ရေဘေးသင့်ပြည်သူများ အကူအညီတောင်းခံ

## နီပေါတွင် ရေကြီး မြေပြိုမှုများကြောင့် လူ ၁၀ ဦး သေဆုံး

စာ - ၂၅ သို့

## ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် သီရိခေမာရပ်ကွက် ခတ္တာလမ်းအမှတ်(၂၃)ရှိ ရှိုင်ရယ်ခတ္တာဟိုတယ် ဓာတ်အားခိုးယူသုံးစွဲနေကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ဥပဒေနှင့်အညီအရေးယူဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၂၇

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် တရားမဝင် ဓာတ်အားခိုးယူသုံးစွဲမှုများကို စဉ်ဆက်မပြတ် စောင့်ကြည့်စစ်ဆေးဖော်ထုတ်လျက်ရှိရာ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ရုံးချုပ်၊ ခရိုင်၊ မြို့နယ် ပါဝင်သောအဖွဲ့ဖြင့် ကွင်းဆင်းစစ်ဆေးစဉ် ၂၀၂၆ ခုနှစ် စက်တင်ဘာလ ၂၄ ရက်တွင် စမ်းချောင်းမြို့နယ် သီရိခေမာရပ်ကွက် ခတ္တာလမ်း အမှတ်(၂၃) ရှိုင်ရယ်ခတ္တာဟိုတယ်သည် လျှပ်စစ်မီး ခိုးယူသုံးစွဲထားကြောင်း

စာမျက်နှာ ၁၉ ကော်လံ ၁ ❐